# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်    ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၃]


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကြောင့် တည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။ သတင်း၊ စာမျက်နှာ-၈ (သတင်းစဉ်)

**Green ECONOMY GROWTH စိမ်း မှ လန်း မယ်** ဆောင်းပါး၊ စာမျက်နှာ-၆

**ဘာသာပြန်သူတွေဟာ မြန်မာစာတော်ဖို့လိုတယ်** စာမျက်နှာ-၁၀




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူသားမျိုးနွယ်အစ

ကမ္ဘာပေါ်တွင် လူသားများ မည်သည့်ဒေသတွင် စတင်နေထိုင်ခဲ့သည်ကို ပညာရှင်များ၊ သုတေသနသိပ္ပံပညာရှင်များက စူးစမ်းရှာဖွေနေကြဆဲဖြစ်ပါသည်။ ဤသို့ လူသားမျိုးနွယ်အစကို စူးစမ်းလေ့လာကြရာတွင် အဓိကအားဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို အခြေခံလေ့ရှိပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းကို တွက်ချက်နိုင်ခြင်းဖြင့် လူသားမျိုးနွယ်စုအစကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကတည်းက မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ဂျပန်ပညာရှင်များ ပူးပေါင်းကာ လူသားမျိုးနွယ်အစကို ကွင်းဆင်းရှာဖွေစူးစမ်းခဲ့ကြပါသည်။ လူသားမျိုးနွယ်အစ၏ အထောက်အထားတစ်ရပ်အဖြစ် ပုံတောင်ဒေသတွင် လူတူပရိုင်းမိတ်ကိုတွေ့ရှိထားပြီး ဖြစ်ပါသည်။ ပုံတောင်ဒေသတွင် တွေ့ရှိခဲ့သော လူတူပရိုင်းမိတ်မှာ ပညာရှင်တို့၏ တွက်ချက်မှုအရ သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၄၀ ရှိပြီဖြစ်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံဖြစ်လာမည့် ပုံတောင်ဒေသတွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ခန့်က လူသားများနေထိုင်ခဲ့သည့် ခိုင်မာသောအထောက်အထားတစ်ရပ်ဖြစ်ပါသည်။ ဤကွင်းဆင်းလေ့လာသုတေသနပြုချက်များအရ မြန်မာနိုင်ငံတွင် ပရိုင်းမိတ်ပညာရှင်များက ဆက်လက်၍ သုတေသနပြုလုပ်ခဲ့ကြပါသည်။ သုတေသနတို့၏ ဆက်လက်ရှာဖွေသုတေသနပြုချက်များအရ ယခုအခါ မြန်မာနိုင်ငံတွင် လူတူ ပရိုင်းမိတ်သာမက ပရိုင်းမိတ်မျိုးနွယ်စု ၁၀ မျိုးအထိ ရှိလာပြီဖြစ်ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် Primate Research Institute မှ ပရိုင်းမိတ်ပညာရှင်များဖြစ်ကြသည့် ပါမောက္ခဒေါက်တာ Masanaru Takai နှင့် ပါမောက္ခဒေါက်တာ Ken Hirayama တို့ ဦးဆောင်သော ပရိုင်းမိတ်ပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၁၈ နှစ်ကတည်းက ပရိုင်းမိတ်ရှာဖွေသုတေသနပြုမှုများဆောင်ရွက်ခဲ့ရာ ယခုအခါ လူတူပရိုင်းမိတ်အပြင် အခြားမျိုးနွယ်စုပရိုင်းမိတ်များကို ရှာဖွေတွေ့ရှိထားပြီဖြစ်ပါသည်။ လူသားမျိုးနွယ်စုနှင့် ဆက်စပ်နေသည့် ပရိုင်းမိတ်များ တွေ့ရှိထားရာ မော်တော်ကားအရွယ်အစားတမျှကြီးမားသော ကမ္ဘာ့အကြီးဆုံး လိပ်ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း မြန်မာနိုင်ငံတွင် တွေ့ရှိထားပြီဖြစ်ကြောင်း သိရပါသည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ ထပ်မံတွေ့ရှိရန် ပညာရှင်များက မျှော်လင့်ထားပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌တွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အာဖရိက၌တွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဆက်စပ်သုတေသနပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထပ်မံတွေ့ရှိရသော ပရိုင်းမိတ်များအရ ပုံတောင်ဒေသသည် ကမ္ဘာ့လူသားမျိုးနွယ်အစ အခြေပြုပေါ်ထွန်းရာဒေသတစ်ခုဖြစ်လာနိုင်ပါသည်။ ပုံတောင်ကျောက်ထုလွှာသည် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာဒေသဖြစ်သကဲ့သို့ ကမ္ဘာ့လူသားအားလုံးအတွက်၊ လူသားဖြစ်တည်မှုအတွက် အရေးပါသောဒေသတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




# ခရီးသွားလုပ်ငန်း ဝိဇ္ဇာဘွဲ့မျိုးဆက်သစ်များ ရရှိလာမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ကြီးစွာဖြင့် တိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝဖြစ်တည်မှုအခြေအနေအရ ခရီးသွားဧည့်သည်များ ယခုထက်ပိုမိုလာရောက်ရန် မျှော်လင့်ထားသင့်ကြောင်းဖြင့် အောက်တိုဘာ ၃၁ ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစီမံခန့်ခွဲမှုကောလိပ်(ရန်ကုန်)နှင့် မန္တလာကောလိပ်(မန္တလေး)တို့တွင် ခရီးသွားလုပ်ငန်းဝိဇ္ဇာဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ယခုအခါ တတိယနှစ်သို့ ရောက်ရှိနေကြပြီး လာမည့်နှစ်တွင် ခရီးသွားလုပ်ငန်းဘွဲ့ကို ရရှိကြမည်ဖြစ်ရာ ခရီးသွားနယ်ပယ်အတွက် မျိုးဆက်သစ်များ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် စာတွေ့ရောလက်တွေ့ပါ ပြည့်ပြည့်စုံစုံ သင်ကြားပေးစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ရန်ကုန်နှင့်မန္တလေး ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး ရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁**

ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးဆောင်ရွက်ထားရှိမှု ရှင်းလင်းခြင်းအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီးမင်းနောင်က အမှာစကားပြောကြားပြီး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်း၊ နေပြည်တော်ရဲတပ်ဖွဲ့ရဲမှူးကြီး ကိုကိုအောင်က ရှင်းလင်းတင်ပြခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးဆောင်ရွက်ထားရှိမည့် စီမံချက်များအား နေပြည်တော်ရဲတပ်ဖွဲ့ရုံးဦးစီး(ပ) ဒုတိယရဲမှူးကြီးကျော်တေဇက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးတင်ပြခြင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခြင်း၊ လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီးမင်းနောင်က ပြည်သူများဆန္ဒမဲပေးရာတွင် လုံခြုံမှု၊ စိတ်ချမ်းသာမှုဖြစ်စေရန်၊ မိမိတို့လုံခြုံရေး တာဝန်ထမ်းဆောင်သူများက ပြည်သူများအကူအညီတောင်းခံလာပါက ချက်ချင်းဆောင်ရွက်ပေးရန်၊ ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့ကို အဓိကအလေးထားဆောင်ရွက်ရန်စသည်ဖြင့် ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# Carver Yacht 370 အမျိုးအစား Speed Boat ရေယာဉ်လွှဲပြောင်းလှူဒါန်း




**ကော့သောင်း နိုဝင်ဘာ ၁**

ထူးဖောင်ဒေးရှင်း နာယက ဦးတေဇ ဦးဆောင်သည့် ထူးဖောင်ဒေးရှင်းက ပြည်ထဲရေးဝန်ကြီးဌာန ရေကြောင်းရဲတပ်ဖွဲ့တွင် အသုံးပြုနိုင်ရန်အတွက် Carver yacht 370 အမျိုးအစား Speed Boat လွှဲပြောင်းလှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ကော့သောင်းမြို့ ဘုရင့်နောင်တံတား၌ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ထူးဖောင်ဒေးရှင်း၏ အမှုဆောင်အရာရှိချုပ် ဦးပေါ်မြင့်ဦးက ရေယာဉ်လှူဒါန်းရခြင်းအကြောင်းနှင့် ထူးဖောင်ဒေးရှင်းမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဦးမြဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ထူးဖောင်ဒေးရှင်း၏ အမှုဆောင်အရာရှိချုပ်က ရေယာဉ်နှင့်ပတ်သက်သော အထောက်အထားများပေးအပ်ခဲ့ပြီး ရေကြောင်းရဲတပ်ဖွဲ့မှူးရဲမှူးချုပ် ဦးမြဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁·၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆·၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁·၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅·၂၉ |

ခင်ရတနာ-စုစည်းသည်။

# ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည့် နေ့ရက်နှင့်အချိန်ကို သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၈/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)**

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည့် နေ့ရက်နှင့်အချိန်ကို သတ်မှတ်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈. ၉. ၂၀၁၅ ရက်နေ့ နံနက် ၀၆း၀၀ နာရီမှ ၆. ၁၁. ၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအထိ) ဆောင်ရွက်ကြပါရန် ၃. ၉. ၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်( ၅၃/၂၀၁၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ရွေးကောက်ပွဲ ငြိမ်းချမ်းစွာအောင်မြင်စေရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာ စဉ်းစားဆုံးဖြတ်နိုင်ရန်အလို့ငှာ ၆. ၁၁. ၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်မှ ၈. ၁၁. ၂၀၁၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၆. ၁၁. ၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာများအား ဖြုတ်သိမ်းသွားစေမည် ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘီဘီစီမြန်မာပိုင်းအစီအစဉ်၏ မေးဖြေစရာဒီချိန်ခါ အစီအစဉ် မန္တလေးမြို့၌ ကျင်းပ




**မန္တလေး နိုဝင်ဘာ ၁**

မြန်မာနိုင်ငံတွင် ပထမဆုံးစီစဉ်တင်ဆက်သည့် ဘီဘီစီမြန်မာပိုင်း အစီအစဉ်၏ မေးဖြေစရာဒီချိန်ခါအစီအစဉ်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးဖြိုးဇေယျာသော်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်နှင့် ကျား/မတန်းတူ ညီမျှရေးကွန်ရက်ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူတို့က ပင်တိုင်ဆွေးနွေးသူများအဖြစ် တက်ရောက်ကြပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ စာရေးဆရာများ၊ အနုပညာရှင်များ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများ၊ ပြည်တွင်း ပြည်ပသတင်း မီဒီယာများ၊ စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး ဘီဘီစီမြန်မာပိုင်းအစီအစဉ် ဌာနမှူး ဒေါ်တင်ထားဆွေက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်သို့ တက်ရောက်လာကြသူများ၏ မေးခွန်းများနှင့် စိတ်ပါဝင်စားသူများက online မှ မေးမြန်းသည့် မေးခွန်းများကို ပင်တိုင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

အဆိုပါအစီအစဉ်ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တွင် ဘီဘီစီညပိုင်းအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်ပြီး www.bbcburmese.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေတွင်မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# အမျိုးသားဇာတ်ရုံ(ရန်ကုန်)အဆင့်မြှင့်တင် ပြင်ဆင်မွမ်းမံမှုလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ဇာတ်ရုံအဆင့်မြှင့်တင် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသော ကျွမ်းကျင်ပညာရှင်များ၊ LED Display Board များကို တာဝန်ယူတပ်ဆင်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Haier Global Business Organization မှ Mr. Han Song တို့နှင့်တွေ့ဆုံပြီး LED Display Board များတပ်ဆင်မှုအခြေအနေ၊ အလင်းပေးမှုစနစ်၊ အသံပိုင်းဆိုင်ရာစနစ်များ ပြင်ဆင်တပ်ဆင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Haier Global Business Organization မှ အင်ဂျင်နီယာများနှင့်အတူ ဇာတ်စင်ပေါ်၌ LED Display Board များ တပ်ဆင်ရာတွင် ဇာတ်စင်၊ ဇာတ်ညွှန်းနှင့်ဆက်တင်များအား ကြည့်ရှုသူပရိသတ်များ အဆင်ပြေစွာ ကြည့်ရှုနိုင်အောင် တပ်ဆင်သွားရန် မှာကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် နေ့လယ်ပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အမှုဆောင်အဖွဲ့သစ်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သဘင်ပညာရှင်များကို စုစည်းဦးဆောင်မှုပေးနိုင်သည့် အစည်းအရုံးတစ်ခုဖြစ်ပေါ်လာစေရေး ဆောင်ရွက်ကြရန်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို)မှ ဥက္ကဋ္ဌ ဦးဖိုးချစ်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးနေဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးမိုးဝင်းနှင့်အဖွဲ့ဝင်များက အစည်းအရုံး၏ ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။



အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ သဘင်ပညာရှင် ဦးရဲဒွေး၊ ဦးအောင်တင်ဝင်းနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နာယက ဦးနန်းဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မိုးဆက်လက်ထစ်ချုန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ထူးခြားသည့်ညအပူချိန်မှာ တီးတိန်မြို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လိုက်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ မင်းတပ်မြို့နှင့်ပလက်ဝမြို့တို့တွင် ၁ ဒသမ ၁၉ လက်မစီ၊ ဆောမြို့တွင် ၁ ဒသမ ၁၁ လက်မနှင့်ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၀၇ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မဲဆန္ဒရှင် သက်သေခံကတ်ပြားများ စတင်ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၂၉ ရက်မှစတင်ကာ ခိုင်လုံသော အထောက်အထားဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ နိုဝင်ဘာ ၁ ရက်တွင် မဲဆန္ဒရှင် သက်သေခံကတ်ပြားလာရောက်ထုတ်ယူသူ ၃၉၅ ဦးရှိပြီး ကြိုတင်ဆန္ဒမဲပေးသူ ၁၁ ဦးရှိကြောင်း သိရသည်။ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း မဲဆန္ဒရှင် ၇၂၉၉ ဦးရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆိုင်းနိုင်းကျွန်းဆွယ်ကို လေကြောင်းလိုင်းများ ဖြတ်၍ ပျံသန်းမည်မဟုတ်

**မော်စကို နိုဝင်ဘာ ၁**

ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း အီဂျစ်နိုင်ငံအရှေ့ဘက် ဆိုင်းနိုင်းကျွန်းဆွယ်တွင် အောက်တိုဘာ ၃၁ ရက်က ပျက်ကျမှုဖြစ်ပွားပြီးနောက် လေကြောင်းလိုင်းသုံးခုက အဆိုပါဒေသကို ဖြတ်၍ ပျံသန်းမှုများပြုလုပ်မည်မဟုတ်ကြောင်း ပြောခဲ့သည်။

အဲဖရန့်စ်ပြင်သစ်လေကြောင်းလိုင်း၊ ဂျာမနီ လုဖ်သန်ဇာလေကြောင်းလိုင်းနှင့် ဒူဘိုင်းအခြေစိုက်အီမီရိတ်လေကြောင်းလိုင်းများက ရုရှားခရီးသည်တင် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို မသိရမချင်း ကြိုတင်ကာကွယ်မှုများပြုလုပ်သည့်အနေဖြင့် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားလေကြောင်းလိုင်း ကိုဂယ်လျှန်အဗီရာပိုင် လေယာဉ်တစ်စင်းသည် ဆိုင်းနိုင်းပင်လယ်နီအပန်းဖြေစခန်း ရှန်အယ်-ရှိတ်မှရုရှားနိုင်ငံစိန့်ပီတာစဘတ်မြို့သို့ ဦးတည်ပျံသန်းစဉ်ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်ပါခရီးသည် ၂၂၄ ဦးလုံး သေဆုံးခဲ့သည်။

အီဂျစ်လေကြောင်းအာဏာပိုင်များက လေယာဉ်ပျံသန်းမှုခရီးစဉ်မှတ်တမ်းသေတ္တာနက်ကို တွေ့ရှိခဲ့ပြီး ရုရှားအာဏာပိုင်များနှင့် ပူးပေါင်း၍ စုံစမ်းမှုများကိုပြုလုပ်နေကြောင်းသိရသည်။

လေယာဉ်ပျံတက်ပြီးမကြာမီ လေယာဉ်မှူးတစ်ဦးက လေယာဉ်တွင် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ရှိကြောင်း ပြောခဲ့သည်ဟု အစီရင်ခံစာအချို့တွင် ဖော်ပြသည်။အကူလေယာဉ်မှူး၏ ဇနီးကို ရုရှားမီဒီယာများကမေးမြန်း ရာတွင် လေယာဉ်၏ အခြေအနေကိုအားရကျေနပ်ခြင်းမရှိကြောင်း သူ၏ခင်ပွန်းက ပြောခဲ့ကြောင်း၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ပျက်ကျရခြင်း ဖြစ်နိုင်ကြောင်း ၎င်းကပြောခဲ့သည်။

အီဂျစ်လေကြောင်း ထိန်းသိမ်းရေးဝန်ကြီးဌာန ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးက လေယာဉ်ပျက်ကျမှုမဖြစ်ခင် အခြေအနေများမှာ အားလုံးပုံမှန်ဖြစ်ကြောင်း ပြောခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများနှင့် မိတ်ဖက်အဖွဲ့များဖြစ်သော လက်နက်ကိုင်သောင်းကျန်းသူပုန်အဖွဲ့တစ်ဖွဲ့က လေယာဉ်ပျက်ကျရခြင်းသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း အီဂျစ်အစိုးရက အဆိုပါပြောကြားချက်ကို ငြင်းဆိုထားသည်ဟု သိရသည်။

**(အင်န်အိတ်ချ်ကေ)**



ရုရှားလေကြောင်းလိုင်း ကိုဂယ်လျှန်အဗီရာပိုင် အဲဘတ်စ် အေ ၃၂၁ ခရီးသည်တင်လေယာဉ်ပျံသန်းမှုမှတ်တမ်း သေတ္တာနက်ကို တွေ့ရစဉ်။

# အမေရိကန်ကျောထောက်နောက်ခံ ဆီးရီးယားသူပုန် အိုင်အက်စ်တို့အား ထိုးစစ်အသစ်စတင်



အိုင်အက်စ်တို့အား ထိုးစစ်ဆင်နွှဲမည့် အမေရိကန်ကျောထောက်နောက်ခံ ဒီမိုကရက်တစ်တပ်ဖွဲ့ကို တွေ့ရစဉ်။

**ဘေရွတ် နိုဝင်ဘာ ၁**

အမေရိကန်ကျောထောက်နောက်ခံပြုသော ဆီးရီးယားသူပုန်အဖွဲ့က ဟာဆာကာပြည်နယ်အရှေ့မြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား စနေနေ့၌ ထိုးစစ်ထပ်မံပြုလုပ်ခဲ့ကြောင်း၊ ယင်းမှာ အမေရိကန်ကဂျီဟတ် အကြမ်းဖက်သမားများအား တိုက်ခိုက်ရန် အကြံပေးရေးအထူးတပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန်ပြောကြားလိုက်ပြီး တစ်ရက်အကြာ၌ လုပ်ဆောင်ခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

အမေရိကန် ကျောထောက်နောက်ခံ ကာဒစ်ပြည်သူ့စစ်နှင့် အခြားအာရပ်သူပုန်အုပ်စုများနှင့် ပူးပေါင်းလိုက်သော ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့က ယင်းစစ်ဆင်ရေးကို ပထမဆုံး စတင်ကြေညာလိုက်ခြင်းဖြစ်သည်။

၎င်းအဖွဲ့ကို ယခုလအစောပိုင်းတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းပြိုင်ဘက်များ ဗီယင်နာ၌ လေးနှစ်ကြာ ပြည်တွင်းစစ်ကို အဖြေတစ်ခုရှာရန် ဆွေးနွေးခဲ့ကြသည်။

ရုရှားက လွန်ခဲ့သောတစ်လက ဆီးရီးယား ပြည်တွင်းစစ်အတွင်း လေကြောင်းတိုက်ခိုက်မှုဖြင့် ပါဝင်လာခဲ့ကြောင်း သိရသည်။

ဟာဆာကာတိုက်ပွဲကို ယမန်နေ့ညပိုင်းက စတင်ခဲ့ကြောင်း မဟာမိတ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ယင်းဒေသတွင် အိုင်အက်စ်ချေမှုန်းရေးအုပ်စုများက လေကြောင်းနှင့် ခြေလျင်တိုက်ပွဲများ ဆင်နွှဲနေပြီဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

**(ရိုက်တာ)**

# တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်လုံခြုံရေးထားရှိရန် ဒေသတွင်းနိုင်ငံများ တောင်းဆိုမှုမြင့်တက်လာ

**ဝါရှင်တန် နိုဝင်ဘာ ၁**

တောင်တရုတ်ပင်လယ် အငြင်းပွားမှုဖြစ်စဉ်ကြောင့် ဒေသတွင်းနိုင်ငံများက အမေရိကန်လုံခြုံရေးထားရှိရန် တောင်းဆိုမှုမြင့်တက်လာကြောင်း အမေရိကန်စစ်ဘက်အကြီးအကဲက အောက်တိုဘာ ၃၁ ရက်တွင် ပြောဆိုလိုက်သည်။

အမေရိကန် စစ်သင်္ဘောတစ်စင်း တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့၏ လူလုပ်ကျွန်းအနီး ၁၂ မိုင်အကွာ ဝင်ရောက်ခဲ့ပြီးနောက် အမေရိကန်လုံခြုံရေးထားရှိရန်တောင်းဆိုမှုများ မြင့်တက်လာသည်ဟု ဆိုသည်။ သို့ရာတွင် ယင်းကဲ့သို့ တရုတ်နိုင်ငံ၏ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခဲ့သည့် အပြုအမူကို တရုတ်တို့က မကျေမနပ်ဖြစ်နေကြသဖြင့် အသေးအဖွဲပြဿနာသည် စစ်မီးတောက်လောင်မှုအထိဖြစ် နိုင်ကြောင်း၊ အမေရိကန်တို့အနေဖြင့် ယင်းကဲ့သို့ပြုမူခြင်းကို ရပ်တန့်နိုင်ခြင်းမရှိလျှင် စစ်မီး တောက်လောင်နိုင်ကြောင်း တရုတ်ဘက်က သတိပေးပြောကြားသည်။

တောင်တရုတ်ပင်လယ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် ကာကွယ်ရေးအစည်းအဝေး၌ အဆိုပါကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက တောင်ကိုရီးယားသို့သွားရောက်စဉ် သတင်းထောက်များအားပြောသည်။**(ရိုက်တာ)**




# ဆီးရီးယားအရေး ဆက်လက်ဆွေးနွေးရန် ခေါင်းဆောင်များကို ဘန်ကီမွန်းတိုက်တွန်း

**ဂျီနီဗာ နိုဝင်ဘာ ၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဆီးရီးယားအရေး ဆက်လက်ဆွေးနွေးမှုများပြုလုပ်သွားရန် တိုက်တွန်းလိုက်ကြောင်းနိုဝင်ဘာ ၁ ရက်က အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်၏ အနာဂတ်ကိုဆုံးဖြတ်ရန်မှာ ဆီးရီးယားပြည်သူများ၏ တာဝန်ဖြစ်ကြောင်းဂျီနီဗာ၌အောက်တိုဘာ ၃၁ ရက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သတင်းထောက်များကို ပြောခဲ့သည်။

ဆီးရီးယားအစိုးရ၏လက်ချက်ဟု ယူဆရသောဒုံးကျည်တိုက်ခိုက်မှုတစ်ခု ဒမတ်စကတ်မြို့အပြင်ဘက်တွင်အောက်တိုဘာ ၃၀ ရက်ကဖြစ်ပွားခဲ့ခြင်းအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကိုပြစ်တင်ဝေဖန်ခဲ့သည်။ အပြစ်မဲ့ပြည်သူများနေထိုင်ရာ ရပ်ကွက်ကို ဦးတည်သော အဆိုပါလုပ်ရပ်သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**(အင်န်အိတ်ချ်ကေ)**

# ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံး တိုက်ခိုက်ခံရ၊ လူ ၁၂ ဦးသေဆုံး

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံး၏ အပြင်ဘက်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲများက ပြောခဲ့သည်။

ဆာဟာပီဟိုတယ်ထဲသို့ မဝင်ခင် မသမာသူများက ကားဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။ ဗုံးခွဲတိုက်ခိုက်သူများနှင့် အာဖရိကညီညွတ်ရေးအဖွဲ့နှင့် အစိုးရတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာဟိုတယ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း ရဲများက ပြောဆိုသည်။

ယင်းဟိုတယ်မှာဆိုမာလီအမတ်များ တည်းခိုနေထိုင်သည့် ဟိုတယ်အဖြစ် လူသိများကြောင်း သိရသည်။ အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အယ်လ်ရှာဘတ်တို့၏ လက်ချက်ဖြစ်နိုင်ကြောင်း သုံးသပ်ထားကြသည်။ ဂျီဟတ်ဒ် တိုက်ခိုက်ရေးသမားများနှင့် အာဖရိကညီညွတ်ရေး တပ်ဖွဲ့များသည် အီသီယိုးပီးယားနှင့်နယ်စပ်ချင်းထိစပ်လျက်ရှိသော ဘာကူးဒေသတွင် ပဋိပက္ခများဖြစ်ပွားပြီးတစ်ရက်ကြာပြီးနောက် အဆိုပါဟိုတယ်၌ တိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အာဖရိက ညီညွတ်ရေးတပ်များက အစိုးရတပ်ဖွဲ့များကို အယ်လ်ခိုင်ဒါနှင့် ဆက်သွယ်လျက်ရှိသော အယ်လ်ရှာဘတ်အုပ်စုများကို နှိမ်နင်းရာတွင် ကူညီပေးလျက်ရှိသည်။

ဆိုမာလီ၏ တည်ငြိမ်အေးချမ်းရေးမှာ တိုးတက်မှုများရှိသော်လည်း အယ်လ်ရှာဘတ်တပ်ဖွဲ့များက မိုဂါဒစ်ရှူးကို ပုံမှန်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

၎င်းစစ်သွေးကြွများမှာ အိမ်နီးချင်းနိုင်ငံများကိုပါ တိုက်ခိုက်မှုပြုလုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**(ဆင်ဟွာ)**



ဟိုတယ်အဝင်၌ ကားဗုံးပေါက်ကွဲမှုကိုတွေ့ရစဉ်။

# အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ကော်မရှင်မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး ရဲမှူးချုပ် ဝင်းထွန်းက တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲကြီး လုံခြုံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးစီမံထားရှိမှုများကို ရှင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



လုပ်ငန်းညှိနှိုင်း အစည်းအဝေး အပြီးတွင် ရဲမှူးချုပ် ဝင်းထွန်းနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ပေါ်ရှိ မဲရုံများ၌ လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး**(ဓာတ်ပုံ)**ခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သတင်းစာဆရာအသင်းဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သတင်းစာဆရာအသင်း ဖွဲ့စည်းရေး အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ပြည်ကြီးချမ်းသာမဟာစေတီ (မြို့ဦးစေတီ) သန္တိသုခဓမ္မာရုံ၌ကျင်းပရာ ဦးသန်းအောင် (သန်းအောင်နိုင်) ကသဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းကိုယ်စား အမှုဆောင် ဦးစိန်ရွှေ(စိန်ရွှေလှိုင်)က မြို့နယ် သတင်းစာဆရာအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးစားအားထုတ်ခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်သတင်းစာဆရာအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်ကြသည့် အဖွဲ့ဝင် အလှူရှင်များစာရင်းကို အခမ်းအနားမှူး ဦးအောင်မော်က ဖတ်ကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်သတင်းစာဆရာအသင်း အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌဦးစိုးမြင့်(ခရမ်းစိုးမြင့်)၊ဒုတိယဥက္ကဋ္ဌ(၁)ဦးထွန်းနိုင် (အောင်ထွန်းနိုင်-ပြည် မြန်မာ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစန်းငြိမ်း၊ အတွင်းရေးမှူး ဒေါ်ယဉ်မွန်အောင်၊ ဘဏ္ဍာရေးမှူး ဦးအောင်မော်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးရွှေတွတ်၊ စာရင်းစစ်(၁) ဦးတင်ထွန်း၊ စာရင်းစစ်(၂) ဦးညွန့်ဝေ၊ ပြန်ကြားရေးမှူး ဦးနိုင်ဦး၊ စည်းရုံးရေးမှူး ဦးအောင်မြင့် (သစ်လုပ်ငန်း)၊ တွဲဖက်စည်းရုံးရေးမှူး ဦးအောင်စည်ဟိန်း၊ အမှုဆောင်အဖြစ် ဦးကိုကိုအောင် (ကိုကိုအောင်-အလုပ်သမား)၊ ဦးသိန်းကြည်တို့ကို အများဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းလိုက်သည်။

ယင်းနောက် ရွေးချယ်ခံရသော မြို့နယ်သတင်းစာ ဆရာအသင်း ဥက္ကဋ္ဌဦးစိုးမြင့် (ခရမ်းစိုးမြင့်)က အလုပ်အမှုဆောင်အဖွဲ့ ကိုယ်စား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ခရမ်းစိုးမြင့်**




# ဓာတ်အားကြိုးလိုင်းနှင့်လွတ်ကင်းရန် အကိုင်းတက်ခုတ်စဉ် အရှိန်လွန်ပြုတ်ကျပြီးသေဆုံး

**သထုံ နိုဝင်ဘာ ၁**

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်၌ ဓာတ်အားကြိုးလိုင်းနှင့် လွတ်ကင်းစေရန် အမြင့် ၁၅ ပေခန့်ရှိ ဗာဒံပင်မှ အကိုင်းများကို တက်ရောက်ကူညီ ရှင်းပေးစဉ် အရှိန်လွန်ကာ လူတစ်ဦးပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က သိမ်ကုန်းရပ်ကွက် ရေစက်ပိုင်း အမှတ်(၇၆) နေ မချို(ခ)မသန်းမြင့်၏ နေအိမ်ရှေ့ရှိ အမြင့် ၁၅ ပေခန့်ရှိသော ဗာဒံပင်မှအကိုင်းများကို ဓာတ်အားကြိုးလိုင်းနှင့် လွတ်ကင်းစေရန် အတွက် တစ်ရပ်ကွက်တည်းနေသူ ကိုမြင့်ဆွေက ကူညီရှင်းပေးစဉ် အရှိန်လွန်ကာ အောက်ရှိ အဒေးဆိုင်တာပေါ်လင်အမိုးပေါ်သို့ ပြုတ်ကျပြီး မြေပြင်မှအမြင့် နှစ်ပေခန့်အကွာ အမိုးပေါ်၌ သေဆုံးခဲ့သည်။

အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ မချို(ခ)မသန်းမြင့်က သေသူမှာ ယခင်က နှလုံးရောဂါရှိသူဖြစ်ပြီး ကျန်းမာရေး မကောင်းကြောင်း ထွက်ဆိုပြောပြထားရာ သထုံမြို့မ ရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စစ်ဆေးကာ သေမှုသေခင်းဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်မြို့နယ်၌ နွားမှောင်ခိုကူးသူများ ဖမ်းမိ

**အင်းတော် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တာပေါ ကျေးရွာအနီး၌ တရားမဝင် နွားမှောင်ခိုကူးသူများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက အင်းတော်မြို့နယ် စီ/ခန့်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မနရ ရဲမှူး သိန်းဆွေညွှန့် ဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ တာပေါကျေးရွာအုပ်စုရှိ မဲရုံများ စစ်ဆေးပြီး ပြန်လည်ထွက်ခွာလာစဉ် တာပေါရွာအနီး ဦးကျော်မြင့်၏ လယ်ကွင်းထဲ၌ နွား ၁၉ ကောင်အား ကြိုးများဖြင့် ချည်နှောင်ထားသည်ကို မသင်္ကာဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် နွားပိုင်ရှင်များဖြစ်သော မောင်လေး၊ ကျော်နိုင်ထွန်းနှင့် အောင်ဆန်းဦး (နီတွတ်)တို့အား စစ်မေးရာ အဆိုပါနွားများကို ပင်လည်ဘူးမြို့နယ်မှ ဝယ်ယူခဲ့ပြီး အင်းတော်မြို့နယ် တာပေါ ကျေးရွာသို့ မောင်းနှင်ခဲ့ကြောင်း သိရသည်။

၎င်းတို့တွင် တရားဝင် ကျွဲ၊ နွား သယ်ဆောင်ခွင့်ပြုမိန့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသဖြင့် မောင်လေးပါ သုံးဦးကို အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကံထူးရှင်များထွက်ပေါ်

**ရန်ကုန် နိုဝင်ဘာ ၁**

ယနေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲ (၃၂၂)ကြိမ် ထီဖွင့်ပွဲမှ ထွက်ပေါ်လာသောဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၅၀၀)**

လ-၁၉၈၁၇၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

| | |
|---|---|
| ရ-၅၆၈၀၈၉ | ဆ-၉၈၈၈၆၀ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

ကက-၁၂၃၄၅၈
ယ-၃၀၈၂၇၉
ကခ-၃၄၅၇၉၇
ယ-၆၂၇၂၀၃
ကင-၈၃၂၀၀၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

| | |
|---|---|
| ယ-၃၀၀၆၃၉ | သ-၅၁၄၃၀၆ |
| ဍ-၃၁၂၃၅၇ | ဒ-၇၃၂၃၄၀ |
| ကင-၄၂၃၄၅၉ | ဍ-၉၈၀၈၁၇ |

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| ဘ-၁၁၄၂၆၉ | ဗ-၇၈၀၅၆၅ |
| င-၄၉၉၀၀၆ | ပ-၉၈၀၃၈၉ |
| ဠ-၅၃၉၃၈၈ | ဈ-၉၈၆၂၇၄ |
| ကင-၅၈၀၆၈၅ | |

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုမဲများ**

| | | | |
|---|---|---|---|
| ဠ-၁၉၄၄၉၁ | ဌ-၃၁၄၈၃၁ | ထ-၇၁၀၆၀၀ | ဈ-၈၂၉၂၈၇ |
| ဆ-၂၀၁၁၇၀ | ကက-၃၈၇၁၂၃ | ထ-၇၃၇၈၆၇ | ည-၈၇၅၇၂၆ |
| က-၂၂၃၄၁၄ | ကက-၅၁၆၃၇၁ | င-၇၄၀၄၀၃ | င-၈၈၅၉၃၀ |
| ရ-၂၆၁၈၃၅ | ထ-၆၁၁၉၀၃ | ယ-၇၅၁၂၂၃ | |
| ခ-၃၁၃၅၈၃ | န-၆၂၁၀၃၀ | ကဆ-၇၉၈၆၇၆ | |

**(သတင်းစဉ်)**

# ငွမြို့၌ မီးလောင်မှုဖြစ်ပွား

**သံတွဲ နိုဝင်ဘာ ၁**

သံတွဲခရိုင် ငွမြို့ မြို့မရပ်ကွက် မြို့မလမ်း၌ နိုဝင်ဘာ ၁ ရက် နံနက် ၁၁ နာရီက ဦးအေးငွေ (၆၉ နှစ်)၏ ပျဉ်းခင်၊ ပျဉ်ကာ၊ ဓနိမိုး နှစ်ထပ်အိမ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းဖွဲ့များ၊ မြို့နယ်မီးသတ် ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ရာ နံနက် ၁၁ နာရီမိနစ် ၂၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးအေးငွေ၏နေအိမ်၌ ထင်းမီးဖိုဖြင့် ဝက်စာကြိုချက်ရာမှ စတင်လောင်ခြင်းဖြစ်ပြီး ၎င်း၏နေအိမ်ဘေးရှိ ဦးထွန်းထွန်းနိုင်၏ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးတစ်ထပ်အိမ်ကို ကူးစက်လောင်ကျွမ်းခဲ့သဖြင့် နေအိမ်နှစ်လုံး ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာအသုံးပြုသူ ဦးအေးငွေကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လယ်ယာသုံးထော်လာဂျီဖြင့် လမ်းဖြတ်ကူးသူအား တိုက်မိ၍သေဆုံး

**သထုံ နိုဝင်ဘာ ၁**

မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ငုတ်တိုကျေးရွာ၌ လယ်ယာသုံးထော်လာဂျီယာဉ်ကို မဆင်မခြင်မောင်းနှင်သဖြင့် လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိပြီး အတိုက်ခံရသူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက်က ဘီးလင်းဘက်မှ သထုံဘက်သို့ မောင်းနှင်လာသည့် အပြာရောင် လယ်ယာသုံးထော်လာဂျီယာဉ်သည် ငုတ်တိုကျေးရွာ ရန်ကုန်-သထုံကားလမ်း မိုင်တိုင်အမှတ်(၁၃၆/၅)နှင့် (၁၃၆/၆) အကြားတွင် (၇၀ နှစ်)ခန့်ရှိ လမ်းဖြတ်ကူးသူ ဦးမောင်ငွေအား လမ်းလယ်မျဉ်းအနီး၌ ဝင်ရောက်တိုက်မိခဲ့ပြီး အတိုက်ခံရသူ ဦးမောင်ငွေမှာ ဒဏ်ရာပြင်းထန်သဖြင့် သိမ်ဆိပ်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သည်။

ထော်လာဂျီယာဉ်မောင်း ထွက်ပြေးတိမ်းရှောင်သွားသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သိမ်ဆိပ်နယ်မြေရဲစခန်းက လိုက်လံစုံစမ်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

GREEN ECONOMY GREEN GROWTH

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

# စိမ်း မှ လန်း မယ်

မောင်စိမ်းကြည်

## ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အထောက်အကူပြုတဲ့ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါစို့။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC - 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

လုပ်ငန်းခွင်နယ်ပယ်မှာဖြစ်ဖြစ်၊ ပညာသင်ကြားတဲ့နယ်ပယ်မှာဖြစ်ဖြစ် ဉာဏလုပ်သားတွေဟာ မျက်စိနှစ်ကွင်းနဲ့ အလုပ်လုပ်ကြရပါတယ်။ ညအိပ်ရာဝင်ချိန်ရောက်မှသာ မျက်စိနှစ်လုံးအနားရပြီး ကျန်တဲ့အချိန်တွေအားလုံးမှာ ကိုယ့်မျက်စိကို အနားပေးချိန်မရှိလောက်အောင် နှိပ်စက်တတ်ကြပါတယ်။ အထူးသဖြင့် စာနဲ့အလုပ်လုပ်ကြတဲ့ ကျွန်တော်တို့လို လူတွေအဖို့ မျက်စိကို နိစ္စဓူဝသုံးနေရလို့ မျက်စိကျန်းမာရေးအတွက် မျက်စိအစာကျွေးဖို့ အမြဲလိုလို ကြံဆရှာဖွေနေရပါတယ်။

"မိမိတို့မျက်စိတွေ ညောင်းညာဝေဝါးလာတဲ့ အခါမှာ ပြင်ပပတ်ဝန်းကျင်မှ စိမ်းစိမ်းစိုစို သစ်ပင်တွေ၊ အစိမ်းရောင်ပန်းမန်တွေ၊ အစိမ်းရောင် မြက်ခင်းပြင်တွေကို အချိန်အနည်းငယ်ပေးပြီး နေ့စဉ်ကြည့်ပေးပါ"လို့ မျက်စိကျန်းမာရေးအတွက် အကြံပြုတတ်ကြပါတယ်။ "အစိမ်းရောင်ရှိတဲ့ အဲဒီသစ်ပင်ပန်းမန်မြက်ခင်းတွေမှာ အချိန်အနည်းငယ်ကြာကြ ပြောင်းရွှေ့ခံစားကြည့်မယ်ဆိုရင် သင့်ရဲ့မျက်စိတွေရဲ့ အမြင်အာရုံတွေဟာ တဖြည်းဖြည်းပြန်လည်ကြည်လင်လာသလို ခံစားရတယ်"လို့ ဆိုကြပါတယ်။ အရောင်တွေရဲ့ ခံစားမှုသဘောတရားအရ 'အဖြူရောင်ဟာ ကြည်လင်စေတယ်'။ 'အပြာရောင်ဟာ ကြည်နူးစေတယ်'။ 'အဝါရောင်ဟာ ငြိမ်ချမ်းစေတယ်'။ 'အနီရောင်ဟာ ပူလောင်စေတယ်'။ 'အမဲရောင်ဟာ မှောင်မိုက်စေတယ်'။ 'အညိုရောင်ဟာ တည်ငြိမ်စေတယ်'။ 'အစိမ်းရောင်ဟာ အေးမြစေတယ်' ဆိုတဲ့ အရောင်သဘောတွေရှိကြပါတယ်။

မျက်စိနဲ့ တစ်နေကုန်အလုပ်လုပ်နေရတဲ့ ကျွန်တော်တို့အဖို့ အလုပ်ချိန်ကြာလာတာနဲ့အမျှ မျက်စိတွေ ညောင်းညာဝေဝါး ဖြစ်လာတတ်ပါတယ်။ အိုင်စီတီနည်းပညာခေတ်မှာ ကွန်ပျူတာဖန်သားမျက်နှာပြင်တွေကို အသုံးပြုလာကြတော့ အလင်းပြန်မှုတွေဖြစ်လာပြီး မျက်စိကို ပိုပြီးထိခိုက်စေပါတယ်။ အဲဒီအခါမှာ အစိမ်းရောင်မြင်ကွင်းတွေကို အချိန်ယူပြီးကြည့်ဖို့ တိုက်တွန်းထားတာကို သတိရတဲ့အခါ ရန်ကုန်မြို့ တိုက်တာတွေကြားမှာ အလုပ်လုပ်ရတဲ့ ကျွန်တော့်အဖို့ အဲဒီအခွင့်အရေးကို ရှာဖွေဖို့အခက်အခဲရှိနေပါတယ်။ ဒါပေမယ့် မြို့ပြအဆောက်အအုံအတွင်း၊ အပြင်တွေမှာ အစိမ်းရောင် သစ်ပင်ပန်းမာန်တွေကို ရသလောက်စိုက်လာတာ၊ အခန်းတွင်းအပင်ငယ်လေးတွေ ထားရှိတာတွေကို နိုင်သလောက် ဖန်တီးလာကြတာဟာ ယနေ့ခေတ်မီတဲ့ လုပ်ငန်းဌာနတွေမှာ တွေ့လာရပါတယ်။

ဒါဟာ မြေပိုမြေလျှံမလုံလောက်တဲ့ မြို့ပြတွေမှာ လူတွေရဲ့ စိတ်နှလုံးတွေ၊ မျက်စိအမြင်တွေ ကြည်လင်လန်းဆန်းလာစေဖို့အတွက် ဖန်တီးဖော်ဆောင်ကြတာဖြစ်ပါတယ်။ အချို့အိမ်ခြံတွေဆိုရင် အစိမ်းရောင်နွယ်ပင်တွေနဲ့ တစ်အိမ်လုံးကို လွှမ်းခြုံထားတဲ့အထိ အလှဆင်ထားတာတွေကို တွေ့ရတတ်ပါတယ်။ မတတ်နိုင်သူတွေ၊ နေရာမရှိသူတွေက မိမိတို့ တတ်နိုင်သလောက်၊ နေရာရှိသလောက် အစိမ်းရောင်သစ်ပင်လေးတွေ ရှင်သန်အောင် ဖန်တီးလာကြတာကို တွေ့ရပါတယ်။

အခုတော့ ကျွန်တော့်မျက်စိကျန်းမာရေးအတွက် အဆင်ပြေမယ့်အခြေအနေဖြစ်လာပါတယ်။ ကျွန်တော် အလုပ်လုပ်ရာဝန်းကျင်ဟာ အရှေ့ရိုးမတောင်တန်းကြီးအနီး ယူကလစ်တောတွေပေါက်ရောက်ရာ ဝန်းကျင်နေရာကို ရောက်နေလို့ပါပဲ။ အလုပ်ခွင်ပြင်ပရှိ မြက်ခင်းပြင်နဲ့ သစ်ပင်တွေကို ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် အချိန်ယူကြည့်ရှုမိတဲ့အခါ ကျွန်တော့်ရဲ့ မျက်လုံးနှစ်စုံဟာ ပြန်လည်ကြည်လင်လာတယ်လို့ ထင်ရပါတယ်။ အမှန်တကယ်မှာလည်း မျက်စိကြည်လာတာကတော့ ကျွန်တော်



အလုပ်လုပ်တဲ့ ကွန်ပျူတာဖန်သားပြင်မှာ အချိန်သုံးနာရီခန့် အလုပ်လုပ်ပြီးတိုင်း စိမ်းစိုတဲ့တောင်တန်းကြီးတွေ၊ မြက်ခင်းပြင်တွေ၊ သစ်ပင်သစ်တောအုပ်တွေကို ကြည့်နေရလို့ပါပဲ။

**အစိမ်းရောင်သစ်တောဆိုတာ လူသားတွေရဲ့ ပုခက်ပါပဲ။ ယနေ့ခေတ်မှာ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာတာကြောင့် လူသားတွေဟာ အစိမ်းရောင်ပုခက်ကို တမ်းတလာကြပါတယ်။ မျက်မှောက်ကာလမှာ အစိမ်းရောင် သဘာဝလောကကြီးကို ပြန်လည်ခိုလှုံလိုတဲ့ဆန္ဒတွေ နိုးထလာပါတယ်။ အထူးသဖြင့် အစိမ်းရောင်သဘာဝကို ပြန်လည်ခိုလှုံလိုမှုအပြုအမူတွေကို ခေတ်သစ်မြို့ပြနေ လူတန်းစားတွေအတွက် တားမရဆီးမရတဲ့ ဆွဲဆောင်မှုတစ်ခုလို့ ဆိုရမှာဖြစ်**

အစိမ်းရောင်သစ်တောဆိုတာ လူသားတွေရဲ့ ပုခက်ပါပဲ။ ယနေ့ခေတ်မှာ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းလာတာကြောင့် လူသားတွေဟာ အစိမ်းရောင်ပုခက်ကို တမ်းတလာကြပါတယ်။ မျက်မှောက်ကာလမှာ အစိမ်းရောင် သဘာဝလောကကြီးကို ပြန်လည်ခိုလှုံလိုတဲ့ ဆန္ဒတွေ နိုးထလာပါတယ်။ အထူးသဖြင့် အစိမ်းရောင်သဘာဝကို ပြန်လည်ခိုလှုံလိုမှုအပြုအမူတွေကို ခေတ်သစ်မြို့ပြနေ လူတန်းစားတွေအတွက် တားမရဆီးမရတဲ့ ဆွဲဆောင်မှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ အစိမ်းရောင်သစ်တော ခရီးသွားတွေအတွက် ခေတ်သစ်ဇီဝဂေဟစနစ်တစ်ခု ဖြစ်ထွန်းဖို့ အရေးကြီးတဲ့ကဏ္ဍတစ်ခု ဖြစ်လာပါတယ်။

ရှေးခေတ်က တရုတ်နိုင်ငံက ကျော်ကြားတဲ့ အနုပညာရှင်တွေဟာ အစိမ်းရောင်သစ်တောမှာ ခရီးသွားတာကို နှစ်ခြိုက်ခဲ့ကြပါတယ်။ ကဗျာဆရာကြီး လီပိုင်ဟာ ရွက်လှေစီးပြီး အစိမ်းရောင်တောတောင် မြစ်ချောင်းတွေမှာ နေရာအနှံ့လှည့်ပတ်ခဲ့ပါတယ်။ ကဗျာဆရာ လုယုဟာ လားစီးပြီး အစိမ်းရောင်ရှုခင်းအလှအပတွေကို ခံစားကာ ကဗျာတွေရေးဖွဲ့ခဲ့ပါတယ်။ ပညာရှင်ကြီး ရှီးယွားခက်ကလည်း တောင်ဝှေးတုတ်ကောက်နဲ့ အစိမ်းရောင်နေရာအနှံ့ကို ခရီးကြမ်းနှင်ခဲ့ပါတယ်။ ယနေ့ခေတ်သစ်သို့ ရောက်လာတဲ့အခါမှာ မြို့ပြရဲ့ မွန်းကျပ်မှုတွေကို ခံစားကြရတဲ့ လူတွေဟာ အစိမ်းရောင်လှုပ်ရှားမှုဝန်းကျင်အတွင်းသို့ ဝင်ရောက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အစိမ်းရောင်သစ်တော သစ်ပင်တွေဟာ အောက်စီဂျင်ဓာတ်ကို ထုတ်လုပ်ပေးပြီး လေထုထဲက ညစ်ညမ်းတဲ့ဓာတ်ငွေ့တွေကို စုပ်ယူပေးတဲ့ လေထုသန့်စင်စက်တစ်မျိုးဖြစ်ပါတယ်။ သဘာဝအောက်စီဂျင် ဘားကြီးလို့လည်း ဆိုနိုင်ပါတယ်။ အစိမ်းရောင် သစ်တောတွေကို လေထုသန့်စင်ကိရိယာလို့လည်း ခေါ်ဆိုကြပါတယ်။ ကမ္ဘာမြေပေါ်မှာ ၇၀ ရာခိုင်နှုန်းသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို အစိမ်းရောင်သစ်တောတွေက စုပ်ယူပေးပါတယ်။ လေထုထဲသို့ ၆၀ ရာခိုင်နှုန်းသော အောက်စီဂျင်ဓာတ်ငွေ့တွေကို အစိမ်းရောင်သစ်တောတွေက ပြန်လည်ထုတ်လွှတ်ပေးပါတယ်။ အစိမ်းရောင်သစ်တောသစ်ပင်တွေဟာ ဖြာထွက်မှုရောင်ခြည်တွေကို စုပ်ယူပေးခြင်း၊ ဆန်ခါကဲ့သို့ စစ်ပေးခြင်း စတာတွေကို လုပ်ဆောင်ပေးနိုင်ရုံသာမက လူသားတွေကို အနှောင့်အယှက်ပေးတဲ့ ဆူညံသံတွေကို ဖျောက်ဖျက်ပေးတဲ့အပြင် မှုန်ဝါးနေတဲ့ မျက်စိအမြင်တွေကိုပါ ကြည်လင်လာစေပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် အလှူငွေများဆက်လက်လှူဒါန်းလျက်ရှိ

**နေပြည်တော်　နိုဝင်ဘာ　၁**

ရေကြီးရေလျှံမှုကြောင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အသင့်အတင့်ပျက်စီးခဲ့သော ပြန်လည်ပြုပြင်ရန် ကျန်ရှိသည့်ဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းအတွက် စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းသည့် အလှူငွေများမှ အလှူငွေ ၂၆၇ သိန်း ခြောက်သောင်းကျပ်ကို အောက်တိုဘာ ၃၁ ရက်က ရခိုင်ပြည်နယ် သာသနာရေးမှူးမှတစ်ဆင့် ထပ်မံပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၂ ရက်တွင် ဧရာဝတီမြစ်ရေလျှံမှုကြောင့် မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘန့်ပြင်ကျေးရွာ မဟာစည်သာသနာ့ရိပ်သာကျောင်း ရေဝင်နစ်မြုပ်ပျက်စီးမှုများ ပြုပြင်ရန်အတွက် ငွေကျပ် သိန်း ၅၀ ကို အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး သာသနာရေးမှူးမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းသည့် အလှူငွေများမှ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း ၂၀၉ ကျောင်းနှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း ၂၄ ကျောင်းတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေ ၆၅၆၅ သိန်း ၆ သောင်း ၅ ထောင်ကျပ်ကို သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဒေသများသို့ စက်တင်ဘာလအတွင်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း ၂၄၇ ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၂၄ ကျောင်းတို့သို့ လှူဒါန်းငွေစုစုပေါင်းမှာ ၆၈၈၃ သိန်း ၂ သောင်း ၅ ထောင်ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကသာ-နဘားဘူတာကြားရှိ ဖက်ဆွက်တောင်သဘာဝအလှ နိုင်ငံခြားသားများလေ့လာ

**ကသာ နိုဝင်ဘာ ၁**

မြန်မာ့မီးရထား ဝန်ကြီးဌာနနှင့် မြန်မာ့အပျော်ခရီးသွား ကုမ္ပဏီလီမိတက် Myanmar Cruises Co., Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးစဉ်တွင် ဗြိတိန်နိုင်ငံ ဧည့်သည် ၃၇ ဦးက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာ-နဘား ဘူတာကြားရှိ ဖက်ဆွက်တောင်တန်း အလှ သဘာဝပတ်ဝန်းကျင်အလှ၊ တောရိပ်တောင်ရိပ် အလှများကို လေ့လာရန် အောက်တိုဘာ ၂၇ ရက်က မြန်မာ့မီးရထားဌာနမှ မီးရထားစင်းလုံးငှားပြီး အချိန်ယူလေ့လာကြသည်။

အဆိုပါ ဗြိတိန်နိုင်ငံသားများ၏ လေ့လာရေးခရီးတွင် မြန်မာ့မီးရထား ရဲတပ်ဖွဲ့ဝင်များ၊ ဧည့်လမ်းညွှန်ဝန်ထမ်းများ ပူးပေါင်း၍ ခရီးစဉ်တစ်လျှောက် ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ရန်ကုန်မြို့သို့ အောက်တိုဘာ ၂၁ ရက်က ရောက်ရှိပြီး ဧရာဝတီမြစ်ကြောင်း ပို့ဆောင်ရေးဦးစီးဌာနမှ လိုင်စင်ရ RV Orcrella အပျော်စီးရေယာဉ်ဖြင့် ကမ္ဘာလှည့်ခရီးစဉ်တွင် ရန်ကုန်၊ မန္တလေး၊ မင်းကွန်း၊ ကသာ၊ ပုဂံမြို့များသို့ လှည့်လည်လေ့လာမည်ဖြစ်ရာ ကသာမြို့သို့ အောက်တိုဘာ ၂၇ ရက်က ရောက်ရှိလာပြီး တစ်ရက်တာ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အောက်တိုဘာ ၂၈ ရက်တွင် ကသာမြို့ ဧရာဝတီမြစ်ကြောင်းအတိုင်းခရီးဆက်ရာ အဆန်ခရီးစဉ်တွင် ရွှေကူ၊ ရွှေပေါ်ကျွန်း၊ မလယ်၊ ရှိန်းမကားတို့သို့ ကွင်းဆင်းလေ့လာပြီး နိုဝင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**



# ဝါတွင်းကာလဆွမ်းလောင်းလှူ၊ ဆွမ်းသိမ်းပွဲ ဖားကန့်၌ကျင်းပ

**ဖားကန့်　နိုဝင်ဘာ　၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ငှက်ပျောတောရပ်ကွက်၌ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များရှိ တာဝန်ရှိသူများက ဦးဆောင်ကာ နှစ်စဉ်ကျင်းပလောင်းလှူခဲ့ကြသော ဝါတွင်းကာလဆွမ်းလောင်းလှူပွဲကြီးကို ယခုနှစ် ဝါတွင်းကာလ၏ ဆွမ်းသိမ်းအောင်ပွဲအခမ်းအနားအဖြစ် အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီက ငှက်ပျောတောရပ်ကွက်ရှိ ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပလောင်းလှူခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆွမ်းလောင်းလှူပွဲကြီးသို့ မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ၊ ရှင်သာမဏေများစုစုပေါင်းသံဃာအပါး ၂၈၅ ပါးတို့ ကြွရောက်အလှူခံယူကြပြီး မြို့နယ်မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ဆွမ်းနှင့်လှူဒါန်းဖွယ်ရာများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ရမည်းသင်းမြို့ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အထူးရဲများ သင်တန်းဆင်းပွဲကျင်းပ

**ရမည်းသင်း　နိုဝင်ဘာ　၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ၂၀၁၅ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲများ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက သီလဝခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်စိုးက အထူးရဲသင်တန်းသား တစ်ဦးစီကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# မျိုးသုဉ်းလုနီး မြန်မာ့တောရိုင်းတိရစ္ဆာန်မျိုးစိတ်များရှင်သန်ရေး သဘာဝနယ်မြေများရေရှည်တည်တံ့ရန်လိုအပ်

**မွန်းဦးနဒီ**

**ရန်ကုန်　နိုဝင်ဘာ　၁**

မြန်မာ့သဘာဝ နယ်မြေများအတွက် ရေရှည်တည်တံ့သော ဘဏ္ဍာရေးထောက်ပံ့မှုအစီရင်ခံစာကို လေ့လာရေးသားပြုစု ပုံနှိပ်ထုတ်ဝေနိုင်ရန် သုတေသနစီမံကိန်းကို ဥရောပသမဂ္ဂမှ ငွေကြေးထောက်ပံ့ပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ အစီရင်ခံစာသစ်တွင် ဘဏ္ဍာရေးအခြေအနေများနှင့် သဘာဝနယ်မြေများကို ငွေကြေးထောက်ပံ့ပေးနိုင်မည့် အကန့်အသတ်များနှင့် အခွင့်အလမ်းများကို အကဲဖြတ်ဆန်းစစ်ထားကြောင်း၊ မြန်မာ့ထိန်းသိမ်းရေးနယ်မြေများတွင် ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေအကန့်အသတ်များ ရှိနေကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ အကြီးဆုံးနိုင်ငံဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာဦးစားပေးစာရင်းမှာ ပါဝင်ပါတယ်။ မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေတွေနဲ့ သူတို့အတွင်းမှာရှိတဲ့ ဂေဟစနစ်များကို ထိန်းသိမ်းဖို့အတွက် ယခုဆောင်ရွက်ချက်ဟာ အလွန်အရေးကြီးပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ်မှ ဌာနေတာဝန်ခံ ဦးသန်းမြင့်က ပြောသည်။

"ထိန်းသိမ်းရေးသဘာဝနယ်မြေတွေရဲ့ ကွန်ရက်တွေက အရေးကြီးပေမယ့် ဒီဒေသတွေကို ထိထိရောက်ရောက်စီမံအုပ်ချုပ်ဖို့အတွက် စိန်ခေါ်မှုတွေ အများကြီးရှိနေပါသေးတယ်။ အထူးသဖြင့် အရင်ကထိန်းသိမ်းရေးသဘာဝကွန်ရက်တွေမှာ ထိရောက်တဲ့စီမံအုပ်ချုပ်မှုတွေရှိဖို့ ရန်ပုံငွေက အကန့်အသတ်ရှိနေပါတယ်။ အခုတော့ တဖြည်းဖြည်းပြောင်းလဲလာနေပါပြီ" ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ညီညီကျော်က ပြောသည်။ မြန်မာနိုင်ငံတွင် ဂေဟဒေသ(၁၄)ခုရှိပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းလုနီးမျိုးစိတ် ၂၃၃ မျိုး ကျက်စားနေထိုင်သော ဂေဟစနစ်များနှင့် နေရင်းဒေသများတည်ရှိသည်။ ယင်းမျိုးစိတ်များအနက် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော Critically Endangered မျိုးစိတ် ၃၇ မျိုးနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသော Endangered မျိုးစိတ် ၆၅ မျိုးပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် မျိုးစိတ်များကြွယ်ဝပြီး မြေနိမ့်အပူပိုင်းသစ်တောများနှင့် ဒီရေရောက်သစ်တောဂေဟစနစ်များကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသော ဂေဟစနစ်များရှိကြောင်း သိရသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့မြန်မာနိုင်ငံအစီအစဉ် (myanmar.wcs.org)သည် ကျားနှင့် ဧရာဝတီလင်းပိုင်အပါအဝင် မြန်မာနိုင်ငံအတွက် အရေးပါသော မျိုးစိတ်များ ထိန်းသိမ်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။မြန်မာနိုင်ငံ၏ ထူးခြားသော ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၆ ခု တည်ထောင်ထားရှိပြီး နိုင်ငံမြေပြင်ဧရိယာ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်အစိုးရက ထူးခြားထင်ရှားသော ဂေဟစနစ်များကို ကိုယ်စားပြုနိုင်ရန် နိုင်ငံ့ကုန်းတွင်းပိုင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေးနယ်မြေကွန်ရက်ကို တိုးချဲ့ရန် စတင်ဆောင်ရွက်နေကြောင်း သိရသည်။

သဘာဝနယ်မြေများတွင် ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုအန္တရာယ်များကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် နိုင်ငံတွင် ရေရှည်တည်တံ့၍ အားထားရသော ရန်ပုံငွေရရှိမှုအပေါ် များစွာမူတည်နေကြောင်း သိရသည်။ ထို့အပြင် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းနှင့် အနီးတွင်နေထိုင်ကြသော ဒေသခံကျေးရွာသားများ၏ ရေရှည်တည်တံ့သော လူနေမှုဘဝများ ရှိစေရေး စတင်ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၆ မှ*

ဇီဝဗေဒပညာရှုထောင့်မှ ဖော်ပြထားချက်အရ လူတွေဟာ အစိမ်းရောင်သစ်တော သစ်ပင်တွေအနားမှာနေရင် စိတ်ချမ်းသာခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ နှလုံးခုန်နှုန်းနှေးကွေးသွားခြင်း၊ သွေးဖိအားနဲ့ ကိုယ်အပူချိန် လျော့နည်းသွားခြင်း စတဲ့အကျိုးကျေးဇူးတွေဖြစ်ပေါ်လာတာကြောင့် အကျိုးဆက်အားဖြင့် လူသားတွေရဲ့ သက်တမ်းကိုပါ ရှည်စေနိုင်ကြောင်း သိရှိရပါတယ်။ အစိမ်းရောင် ရုက္ခဗေဒသစ်ပင်ပန်းမန်တွေဟာ လူသားတွေရဲ့ စိတ်နှလုံးသားကို ဆွဲဆောင်နိုင်တဲ့၊ မွှေးကြိုင်တဲ့ရနံ့တွေကိုလည်း ပျံ့လွင့်စေပါတယ်။ သစ်တောသစ်ပင်ပတ်ဝန်းကျင်ရဲ့ လေထုဟာ အလွန်သန့်ရှင်းစင်ကြယ်ပါတယ်။

လူတွေရဲ့ ဦးနှောက်နဲ့ အာရုံကြောအပေါ် တည်ငြိမ်စေတဲ့ အကျိုးအာနိသင်တွေရှိတာကြောင့် ဦးနှောက်ကြည်လင်ပြီး မျက်စိအမြင်လန်းဆန်းလာတာဖြစ်ပါတယ်။ အချို့သစ်ပင်တွေဟာ ရောဂါပိုးကိုသတ်ပေးနိုင်တဲ့ ဒြပ်တစ်မျိုးကိုလည်း စိမ့်ထွက်ပေးပါတယ်။ ဥပမာအားဖြင့် ထင်းရှူး၊ မိုးမခ၊ တမာပင်တွေရဲ့ သစ်ပင်တွေက ထုတ်လွှတ်ပေးတဲ့ ဓာတ်ငွေ့တွေဟာ အဆုတ်တီဘီ၊ တုပ်ကွေး၊ လည်ချောင်းရောင်၊ အဆုတ်ရောင် စတဲ့ရောဂါတွေအတွက် အထူးကုသပေးနိုင်သော အကျိုးအာနိသင်တွေ ရှိပါတယ်။ စိတ်ဖိစီးမှုရောဂါအတွက် ပိုမိုသိသာထင်ရှားသော ကုသမှုအကျိုးကိုလည်း ရရှိနိုင်ပါတယ်။ လူ့ကိုယ်ခန္ဓာ ရောဂါခုခံမှုစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။

အစိမ်းရောင်သစ်ပင်တွေက ဒီလိုအကျိုးကျေးဇူးတွေရှိနေတာကြောင့် လူသားတွေဟာ အစိမ်းရောင်သစ်ပင်တွေကို ပြန်လည်တောင့်တလာကြတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ အစိမ်းရောင်စီးပွားရေးတွေကို အလေးထားလုပ်ဆောင်လာကြတာဖြစ်ပါတယ်။ ယခုအခါ လူတွေတောင့်တကြတဲ့ အစိမ်းရောင်သစ်တောသစ်ပင်တွေ ပြုန်းတီးလာတာကြောင့် ပြန်လည်ထူထောင်ရေးတွေ လုပ်ကြရပါတယ်။ မြို့ပြနဲ့ အဆင့်မြင့်အဆောက်အအုံတွေ ထူထပ်ပေါ်များလာတာကြောင့် အစိမ်းရောင်သစ်ပင်တွေ ပါးလျားလာတာကို ဖြေဖျောက်တဲ့အနေနဲ့ အဆောက်အအုံနဲ့ အခင်းအကျင်းတွေ ဖန်တီးတည်ဆောက်တဲ့နေရာမှာ လူတွေကို အကျိုးပြုတဲ့ အစိမ်းရောင်အလှဆင်သစ်ပင်တွေကို နေရာပေးလာတာဖြစ်ပါတယ်။

အစိမ်းရောင်သစ်ပင်တွေဟာ လူသားတွေရဲ့ ကျန်းမာရေးအတွက် ကာကွယ်ထိန်းသိမ်းရေး အကျိုးရှိရုံသာမက လူသားတွေအတွက် ဆန်းကြယ်တဲ့ စိတ်ပိုင်းဆိုင်ရာ ဇိမ်ကျမှုတွေကိုပါ သယ်ဆောင်ပေးလာပါတယ်။ အထူးသဖြင့် ခေတ်မီတိုးတက်တဲ့ မြို့ကြီးပြကြီးနေ လူသားများအတွက် ပုံရိပ်တစ်မျိုးပြောင်းပေးလိုက်သလို ဖြစ်သွားပါတယ်။ အစိမ်းရောင်သစ်ပင် သစ်တောတွေထဲကို ဝင်ရောက်လိုက်သလို သဘာဝကျကျပြန်လည်ခိုလှုံဝင်ရောက်ခြင်းကို ဖြစ်စေပါတယ်။ စိတ်ပြေလက်ပျောက်လည်း ဖြစ်စေပါတယ်။ ပင်ပန်းနွမ်းနယ်မှုကိုလည်း ပြေလျော့စေပါတယ်။ မြင်ကွင်းကိုလည်း ကျယ်စေပါတယ်။ စိတ်ချမ်းသာခြင်းကိုလည်း ရစေပါတယ်။ ဉာဏ်ရည်ကိုလည်း ဖွံ့ဖြိုးစေပါတယ်။

အနောက်တိုင်းမှ ကျော်ကြားသော ဆိုရိုးစကားတစ်ခုရှိပါတယ်။ "လမ်းလျှောက်လျှင် ဉာဏ်ထွက်"ဟူ၍ ဖြစ်ပါတယ်။ ဒါဟာ လူသားတွေရဲ့ ဘဝအတွေ့အကြုံကရတဲ့ သင်ခန်းစာဖြစ်ပါတယ်။ သိပ္ပံနည်းကျတဲ့ အမှန်တရားပဲဖြစ်ပါတယ်။ တစ်နေကုန်တစ်နေခန်း မိမိအလုပ်ခွင် ရုံးခန်းထဲမှာ ထိုင်ပြီးဦးနှောက်ကို အသုံးပြုရတဲ့ ဉာဏလုပ်သားတွေအတွက် လတ်ဆတ်တဲ့ လေထုရှိတဲ့ အစိမ်းရောင်သစ်ပင်တွေကြားကို သွားကြတာဟာ အကောင်းဆုံးအနားယူခြင်းဖြစ်ပါတယ်။ တင်းကျပ်နေတဲ့ အာရုံကြောဆဲလ်တွေကို ပြေလျော့စေပါတယ်။ လူတွေဟာ ရုပ်ဝတ္ထုပစ္စည်းတွေတိုးတက်လာတာနဲ့အမျှ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပါတယ်။ ထိုအခါမွန်းကျပ်မှုတွေကို ပြေလျော့စေဖို့ သစ်ပင်သစ်တောတွေကို မိမိပတ်ဝန်းကျင်မှာရှိနေဖို့ လိုအပ်လာပါတယ်။

ဒါ့ကြောင့် အ'စိမ်း'ရောင်ရှိတဲ့ သစ်ပင်တွေကြားမှာနေမှ 'လန်း'ဆန်းကြည်လင်မှုကို ရရှိနိုင်မှာ သေချာပါတယ်။ ။

# ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဆောင်ရွက်ခဲ့



**နိုင်ငံတော်သမ္မတဦးသိန်းစိန် ပုလောမြို့ လယ်ပိုင်းကျောင်းတိုက် ဆွမ်းစားဆောင်၌ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁

**တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ မဟာသိဒ္ဓိဇေယစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့်ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။**

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါစေတီတော်၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျွန်းစုမြို့နယ်ရှိ ဒေသခံကလေးငယ်တစ်ဦးက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မော်တော်ယာဉ်များဖြင့် ကျွန်းစုမြို့အတွင်း လှည့်လည်ကြည့်ရှုပြီး သံသရာအေးစေတီသို့ ရောက်ရှိရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်ဝဲယာမှ တစ်ခဲနက်ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည်သံသရာအေးစေတီအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆိုပါစေတီတော်ရှိ ဓမ္မာရုံအတွင်း၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှုကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့သို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် တနင်္သာရီမြို့ရှိ ချောင်းကြီးကျောင်းတိုက်သို့ ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်ဝဲယာမှ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ချောင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆိုပါကျောင်းတိုက်၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှုကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တနင်္သာရီမြို့၌ နှစ်စဉ်ကျင်းပသည့် တနင်္သာရီ ရိုးရာနဂါးလှေလှော် ပွဲတော်အား တက်ရောက် ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တနင်္သာရီမြို့နယ်တွင် သစ်လုံးကြီးများကို နဂါးရုပ်ပုံထွင်း၍ လှေပြုလုပ်ပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သားစဉ်မြေးဆက် ထိန်းသိမ်းလှော်ခတ်ခဲ့သည်မှာ နှစ်ပေါင်း (၈၆၂)နှစ်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ရိုးရာနဂါးလှေပွဲတော်များကို ရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာများ၊ ဘာသာရေးဆိုင်ရာ ပွဲတော်များနှင့် နေ့ကြီးရက်ကြီး အထိမ်းအမှတ်ပွဲများတွင် လှော်ခတ်ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပုလောမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

## ယနေ့အချိန်တွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရရှိနေပြီဖြစ်၊ ကဏ္ဍအလိုက် ရရှိထားပြီးဖြစ်သော အခြေခံကောင်းများကို ဆက်လက်ရှင်သန်တိုးတက်အောင် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက လက်တွဲပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားကြရန်လို

*စာမျက်နှာ ၈ မှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုလောမြို့အတွင်း လှည့်လည်ကြည့်ရှုပြီး လယ်ဝိုင်းကျောင်းတိုက်သို့ ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်ဝဲယာမှ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် လယ်ဝိုင်း ကျောင်းတိုက်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်သမ္မတသည် မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်များသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ် အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ တူညီသောဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် တစ်ဆင့်ပြီးတစ်ဆင့်စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

တည်ငြိမ်အေးချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ အုပ်ချုပ်ရေးပိုင်းတွင်လည်း ပြည်သူကိုဗဟိုပြုသည့်စနစ်ကို ပြောင်းလဲကျင့်သုံးပြီး စီးပွားရေးကဏ္ဍ တိုးတက်စေရန် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ရရှိနေပြီဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်ရရှိထားပြီးဖြစ်သော အခြေခံကောင်းများကို ဆက်လက်ရှင်သန် တိုးတက်အောင် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက လက်တွဲပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။



**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ တနင်္သာရီမြို့၌ နှစ်စဉ်ကျင်းပသည့် နဂါးလှေလှော်ခတ်ပွဲတော်အား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကြောင့် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း လုံလုံခြုံခြုံဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာအမျိုးသား လေကြောင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တနင်္သာရီမြို့၌ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်နေသည်ကို တွေ့မြင်ရစဉ်။**

(သတင်းစဉ်)

## မဲရုံမှူးများလုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တန်း နိုဝင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဆင်းပွဲကို ယမန်နေ့ညနေက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အထက(၂) သော်ကရတနာခန်းမ၌ ကျင်းပသည်။

ကျောက်တန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် အဆိုပါသင်တန်းကို အောက်တိုဘာ ၂၇၊ ၂၉ နှင့် ၃၁ ရက်တို့က ဖွင့်လှစ်ခဲ့ရာ ကျောက်တန်းမြို့နယ်ရှိ မဲရုံ ၁၉၂ ရုံ၌ တာဝန်ယူကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်ပေါင်း ၁၉၂၀ တို့ တက်ရောက်ကြသည်။

သင်တန်း၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းဝင်းနှင့် အဖွဲ့ဝင်များက သင်ကြားပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။

**စိုးဝင်း(ကျောက်တန်း)**

## ဒီရေတောများထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ၏ ဒီရေတောများ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ သဘာဝနယ်မြေများ စီမံအုပ်ချုပ်ရေးနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရုံးချုပ်နှင့် ကိုကုဆိုင်းကိုဂျော ကုမ္ပဏီလီမိတက်(Kokusai Kogyo Co., Ltd.) သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ နီကိုးအမျိုးသားဥယျာဉ်နှင့် ဖူဂျီတောင်အမျိုးသားဥယျာဉ်တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်အတူ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာယာဆုရှိတာနာခနှင့် အရာရှိကြီးများကိုတွေ့ဆုံရာတွင် ယခုအချိန်အထိ JICA၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ သစ်တောကဏ္ဍအတွက် စီမံကိန်းရှစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ လက်ရှိအနေဖြင့် စီမံကိန်းသုံးခုကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ အကောင်အထည်ဖော်လျက်ရှိသော ဒီရေတောစီမံကိန်းသည် ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံးပြီးစီးမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒုတိယအဆင့်စီမံကိန်းလုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်းဧရိယာများတွင် ဒီရေတော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒီရေတောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများ ပိုမိုပူးပေါင်းဆောင်ရွက်လာလျက်ရှိကြောင်း၊ ဒီရေတောများ ထိန်းသိမ်းရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အထောက်အကူပြုကြောင်း ယခုအကောင်အထည်ဖော်လျက်ရှိသော ဒီရေတောပြန်လည်တည်ထောင်ရေးစီမံကိန်းသည် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေး၊ သဘာဝဘေးအန္တရာယ်များကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ တားဆီးကာကွယ်ရေးနှင့် ဒီရေတောဂေဟစနစ်ပြန်လည် ကောင်းမွန်လာစေရေးအတွက် အလွန်အထောက်အကူပြုလျက်ရှိကြောင်း၊ JICA သို့ အဆိုပြုပေးပို့ထားသည့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းနှင့် သစ်တောသတင်းအချက်အလက်စနစ် ဖွံ့ဖြိုးစေရေး စီမံကိန်း အဆိုပြုလွှာများကိုလည်း အလေးထားစဉ်းစားပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကိုကုဆိုင်းကိုဂျော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ မစ္စစန်ဒရာဝူးနှင့် တွေ့ဆုံရာတွင် “ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်တည်ဆောက်ရေးစီမံကိန်း” ကို လုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီရေတောပြန်လည်ထူထောင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဘာသာပြန်သူတွေဟာ မြန်မာစာတော်ဖို့လိုတယ်

ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)

# စာပေဟာ လူ့ဘဝရဲ့တန်ဖိုးမဖြစ်နိုင်တဲ့ အရာတွေထဲမှာပါတယ်

မဖြူနု (စံပယ်ဖြူနု)

ရန်ကုန် နိုဝင်ဘာ ၁

**အမျိုးသားစာပေတစ်သက်သာတာဆု ရွေးချယ်ခံရဖို့ မလွယ်ချေ။ အကျိုးပြုစာပေများ ရေးသားပြီး ဘဝတစ်လျှောက်လုံးစာပေနှင့် မွေ့လျော်ကာ နေထိုင်သူ စာရေးဆရာကြီးများသာ ထိုက်ထိုက်တန်တန်ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်သည်။ စာပေဆုအတွက် မျှော်လင့်ချက်ဖြင့်ရေးသားခဲ့ကြခြင်းမဟုတ်ဘဲ ပြည်သူတို့အတွက် စာပေတွင်ဘဝနှစ်မြှုပ်ကာအသိပညာအလင်းကို ရေးသားထွန်းလင်းပေးနေသော ပုဂ္ဂိုလ်များဖြစ်သည်။ ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များဖြစ်ရာ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရွေးချယ်ခံရသည့် ဆရာကြီးဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)နှင့် ဝတ္ထုရှည်စာပေဆုတွင် အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးဆရာမစပယ်ဖြူနုတို့နှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။**

**ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)**

"အမျိုးသားစာပေဆုနှစ်ကြိမ်ရခဲ့ပြီးပြီ။ အခုအမျိုးသားစာပေတစ်သက်တာဆုရတာပါ။ ဒီလိုအမျိုးသားစာပေ တစ်သက်တာဆုကို ဘာသာပြန်စာရေးဆရာတွေထဲမှာ ပထမဆုံးရရှိခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာဘာသာပြန်စာပေတွေအားနည်းလာတယ်။ ဒါကဘာသာပြန်စာပေတွေကို ဖတ်ရှုတဲ့သူတွေနည်းလာလို့ပဲ။ နောက်တစ်ချက်က တက္ကသိုလ်/ ကောလိပ်တွေမှာ ဘာသာပြန်သင်ကြားပေးမှုသင်တန်းတွေ အားနည်းတယ်။ အပြင်မှာ ဘာသာပြန်သင်တန်းတွေရှိပေမယ့် ဒါကဘာသာပြန်မှုနည်းပဲ သိနိုင်တယ်။ ဘာသာပြန်သူဟာလက်တွေ့များများရေးကျင့်ဖို့ လိုအပ်သလို ကိုယ့်ကို ပြန်စစ်ပေးနိုင်တဲ့ မိတ်ဆွေကောင်းလည်း လိုအပ်ပြန်တယ်။ ဘာသာပြန်သူတွေဟာ ဖွဲ့ရှိဖို့လိုသလို မိမိတို့ရဲ့ မြန်မာစာကိုနားလည်တတ်ကျွမ်းဖို့ အထူးလိုအပ်တယ်။ မြန်မာစာတော်ဖို့ လိုအပ်တယ်။ တချို့ဘာသာပြန် လူငယ်တွေက မြန်မာဝတ္ထု ၁၀ အုပ်လောက်တောင် မဖတ်ဖူးဘဲနဲ့ ဘာသာပြန်တော့ ကိုယ်ရေးတဲ့စာက ဖတ်သူနားမလည်ဘူးဖြစ်နေတယ်။ သူတို့ဘာသာကို ကိုယ့်ဘာသာစကားပြန်ကူးတာမို့ မြန်မာဝေါဟာရလည်း ကြွယ်ဝဖို့လိုတယ်။ များများရေး မကြိုက်ရင် ပြန်ရေး၊ လုပ်ချင်တဲ့ စိတ်နဲ့များများ



ဖတ်ဖို့လိုပါတယ်"ဟု ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)က ပြောပြသည်။

ဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)ကို ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ရေမျက်ဝရွာတွင်အဘဦးမောင်ပု-အမိဒေါ်အေးသာတို့က ၁၉၃၅ခုနှစ်မေ ၁၄ ရက်က မွေးဖွားခဲ့ရာ ယခုအခါအသက် ၈၁ နှစ်ကျော်ရှိပြီဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် စာပေဗိမာန်၌ လက်ရေးတိုလက်နှိပ်စက်စာရေးအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (သမိုင်း)ရရှိခဲ့သည် ၁၉၇၉ ခုနှစ်၌ ကြီးကြပ်ရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ စာပေရေးသားခြင်းကို ၁၉၅၈ ခုနှစ်၌ စာပန်းချီမဂ္ဂဇင်း၌ ရှုရှားပုံပြင်လေးကို ဘာသာပြန်ဖော်ပြခံရခြင်းမှာ ပထမဆုံးဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ဆရာမောင်ဆုရှင်နှင့် တွဲကာစာအုပ်ဟူသည် အမည်ရှိစာအုပ်ကို ပထမဆုံး ထုတ်နိုင်ခဲ့သည်။ ငွေတာရီမဂ္ဂဇင်း၊ စာအုပ်လောကစာစောင်၊ ပန်မဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ မြန်မာ့ဇနစီးပွားရေးမဂ္ဂဇင်းတို့အယ်ဒီတာ၊ အယ်ဒီတာချုပ်နှင့် အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့အထိ ဘာသာပြန်စာအုပ်ပေါင်း ၇၈ အုပ်အထိ တစ်ဦးတည်း ရေးသားကာ ထုတ်နိုင်ခဲ့သည်။ ယင်းစာအုပ်များအနက် ကန္တာရစမ်းရေအိုင်ဝတ္ထုဖြင့် ၁၉၉၇ ခုနှစ်တွင် အမျိုးသားစာပေဆု (ဘာသာပြန်ရသ)ရရှိခဲ့ပြီး "ကံကြမ္မာအကျဉ်းသား"ဝတ္ထုဖြင့် ၂၀၀၆ ခုနှစ်၌အမျိုးသားစာပေဆု (ဘာသာပြန်ရသ)ကိုရရှိခဲ့သည်။ လောလောဆယ်တွင် တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းနာယကနှင့်အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

**မဖြူနု (စံပယ်ဖြူနု)**

"ကျွန်မက ငယ်ငယ်ကလေးတည်းက စာပေကိုဝါသနာပါခဲ့တာပါ။ ကျွန်မရဲ့ဇာတိချက်ကြွေ မွေးရပ်မြေဟာ နယ်မြို့လေးဆိုတော့ ပတ်ဝန်းကျင်မှာ စာအုပ်တွေလည်းမရှိခဲ့ဘူး။ ပြောရရင် ကျွန်မ ၁၁ နှစ်၊ ၁၂ နှစ် အရွယ်လောက်ကတည်းက စာရေးချင်စိတ်ဖြစ်မိခဲ့တာ။ ၂၀၀၆ ခုနှစ်ကစပြီးတော့ ဒီစာပေလောကထဲကို ရောက်ဖြစ်ခဲ့တယ်လို့ ပြောရမယ်။ အဲဒီတုန်းက စံပယ်ဖြူနု ကလောင်အမည်နဲ့ပဲ ကဗျာလေးတွေ စရေးဖြစ်ခဲ့တယ်။ ၂၀၀၇ ခုနှစ်ရောက်တော့ ဝတ္ထုတိုရေးတယ်။ အဲဒီကနေ ဆက်တိုက်ရေးခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ အခုအမျိုးသားစာပေဆုရတဲ့ မြောက်ဖျားက အလွမ်းရာသီဆိုတဲ့ ဝတ္ထုရှည်ကို ပထမဦးဆုံးရေးဖြစ်ခဲ့တာ။ ဒီဝတ္ထုလေးက ညီမနှစ်ဦးရဲ့ သံယောဇဉ်မေတ္တာကို အရင်းခံပြီး ပြည်တွင်းစစ်ကြောင့် သက်ဆိုင်ရာဒေသများမှာရှိတဲ့ ပြည်သူတွေအနေ



နဲ့ ဇာတိမြေနဲ့ နေအိမ်တွေကို စွန့်ခွာပြီး ဒုက္ခသည်စခန်းမှာနေရတဲ့ လူနေမှုဘဝကို ရသပေါ်လွင်အောင် ရေးဖွဲ့ထားတဲ့ ရသစာပေဝတ္ထုရှည်လေးပါ။ စာပေနဲ့ပတ်သက်လို့ အခုလို နိုင်ငံတော်က ပေးတဲ့ဆုဆိုတော့ အလွန်ပဲဝမ်းသာမိပါတယ်။ သူငယ်ချင်းတွေကပြောတော့ မယုံကြည်ခဲ့ဘူး။ သတင်းစာထဲမှာ တကယ်ဖတ်လိုက်ရမှ ရင်ထဲလှိုက်ဖို ဝမ်းသာပီတိဖြစ်ပြီး မျက်ရည်တောင်ကျမိတယ်။ အခုလို ဆုရလိုက်တာဟာ ကျွန်မအတွက် အင်အားတစ်ရပ် ဖြစ်စေပါတယ်။ ဒါကြောင့် ဝတ္ထုတိုရော ဝတ္ထုရှည်ပါ ဆက်ပြီး ကြိုးစားရေးဖြစ်မှာပါ။ ရေးတဲ့အခါမှာလည်း တကယ့်ရင်ထဲက အမှန်တကယ်ခံစားပြီးမှ ပြည်သူကို ချပြမှာပါ။ အမှန်တကယ် ကျွန်မရင်ထဲက ခံစားပြီးမှ ရေးတဲ့အကျင့်ရှိပါတယ်။ အခုခေတ်မှာ ခေတ်ရေစီးကြောင်းအရ တိုးတက်လာတဲ့ အခန်းကဏ္ဍလေးတွေရှိတယ် ဆိုပေမယ့် အကောင်းနဲ့အဆိုး ဒွန်တွဲနေသလို နိမ့်ပါးသွားတဲ့ အရာလေးတွေလည်း ရှိနေပါတယ်။ အထူးသဖြင့်ပြောရရင် ကျွန်မတို့ ငယ်ငယ်တုန်းက အခုခေတ်လို့ အခြားဖျော်ဖြေမှုတွေမရှိတော့ စာဖတ်တာကိုပဲ လုပ်ဖြစ်တယ်။ အခုခေတ်ကတော့ စာပေဘက်ကို အားနည်းသွားတာ တွေ့ရတယ်။ စာပေဟာတကယ်တော့ လူ့ဘဝရဲ့ တန်ဖိုးမဖြစ်နိုင်တဲ့ အရာတွေထဲမှာ ပါပါတယ်"ဟု ၂၀၁၄ ခုနှစ်အတွက် မြောက်ဖျားက အလွမ်းရာသီ ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည့် မဖြူနု(စံပယ်ဖြူနု)က ပြောသည်။

စာရေးဆရာမ မဖြူနု(စံပယ်ဖြူနု)သည် နိုင်ငံတော်က ချီးမြှင့်သည့် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုရှည်ဆုကို ကံ့ကော်ဝတ်ရည်စာပေက ထုတ်ဝေသည့် မြောက်ဖျားက အလွမ်းရာသီဝတ္ထုရှည်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဝတ္ထုသည် ဆရာမ၏ ပထမဦးဆုံး ဝတ္ထုရှည်တစ်ပုဒ်လည်းဖြစ်သည်။ စာရေးဆရာမ စံပယ်ဖြူနုသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ရွှေအမြုတေက ချီးမြှင့်သည့် ရွှေအမြုတေဆုကို လည်းကောင်း၊ ယခုနှစ်နှစ်ဦးပိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်းက ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ မိုးကုတ်သဟာရက ချီးမြှင့်

**အမေး/အရေး - ဝေယံဦး
မောင်စိန်လွင်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

သည့် သဟာရဆုတို့ကို ရရှိထားသူဖြစ်သည်။ စာရေးဆရာမ မဖြူနု (စံပယ်ဖြူနု)သည် ငယ်ငယ်ကတည်းက စာပေဝါသနာပါသူတစ်ဦးဖြစ်ပြီး ဖခင် ဦးကျော်လှ၊ မိခင် ဒေါ်အုန်းစိန်တို့က ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မန်နောင်ကျေးရွာတွင် မွေးဖွားခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းကို အမှတ်(၄) မိုးမောက်မြို့နယ်တွင် သင်ကြားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာအဓိကဖြင့် တက်ရောက်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ဘွဲ့ရခဲ့ကာ ၂၀၀၆ ခုနှစ်တွင် စာပေလောကထဲသို့ စတင်ခြေချဝင်ရောက်ခဲ့သူတစ်ဦးဖြစ်သည်။ မဖြူနု (စံပယ်ဖြူနု)သည် ယခုအခါ ဝတ္ထုရှည်အနေဖြင့် ၂၀၁၄ ခုနှစ်က မြောက်ဖျားက အလွမ်းရာသီ၊ ယခုနှစ်မေလက ခေတ်ရယ်အချစ်ရယ်တို့ကို ရေးသားထုတ်ဝေခဲ့ကာ များမကြာမီတွင်လည်း ရှေးရှေးတုန်းက ကံ့ကော်ပန်းတွေဟု အမည်ပေးထားသည့် ဝတ္ထုရှည်ကို ထုတ်ဝေဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ ၄င်းသည် စာရေးဆရာမကြည်အေး၏ စာပေအနုပညာကို အထူးနှစ်သက်သဘောကျပြီး အခြားနာမည်ကြီး စာရေးဆရာများဖြစ်သည့် ဆရာမ ဂျာနယ်ကျော် မမလေး၊ မိုးမိုး (အင်းလျား)၊ ခင်နှင်းယု၊ ဂျူး၊ ဆရာ မြသန်းတင့် စသည့် စာရေးဆရာများကိုလည်း စံပြလေ့လာခဲ့သူတစ်ဦးဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရေစကြိုမြို့နယ်၌ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေး

**ရေစကြို နိုဝင်ဘာ ၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကျေးရွာ/ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပေးလျက်ရှိသည်ဟု သိရသည်။

အမှတ် (၂) ရပ်ကွက်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီမှစ၍ ရပ်ကွက်ကော်မရှင်ရုံးတွင် လာရောက်ထုတ်ယူကြပါရန် ရပ်ကွက်အတွင်း အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးကြေညာခဲ့သည်ဟု သိရသည်။

အဆိုပါ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အမှတ်(၂) ရပ်ကွက်တွင် နိုဝင်ဘာ ၁ ရက်မှ ၃



ရက်အထိ သုံးရက်ကြာထုတ်ပေးသွားမည်ဖြစ်ပြီး လာရောက်ထုတ်ယူခြင်းမရှိသော မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မဲဆန္ဒရှင်များထံ အိမ်တိုင်ရာရောက်လိုက်လံပေးသွားမည်ဖြစ်ကြောင်း အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

**အိမ္ဗွန်ဆွေ(ရေစကြို)**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အသင်းဝင်များအား ဝတ်စုံများပေးအပ်

**တပ်ကုန်း နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျင်းပသည့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက HIV / AIDS ရောဂါများ ကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောခဲ့သည်။ ထို့နောက် မိခင်နှင့်ကလေးကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်က လက်ဆေးခြင်းအကြောင်းသရုပ်ပြ၍ ဟောပြောခြင်း၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်မာထွေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များကို တာဝန်ရှိသူများက ဝတ်စုံ ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

# ကျေးရွာနှစ်ရွာ စုပေါင်းမဟာဘုံကထိန်နှင့် ရဟန်းခံရှင်ပြု ဆင်၊ မြင်း စုံလင်စွာဖြင့်အစည်ကားဆုံးလှည့်လည်

**သထုံ နိုဝင်ဘာ ၁**

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကလေးကျေးရွာနှင့် ခနေကတိုက်ကျေးရွာတို့ ပေါင်းစပ်ကာ ကတိုက်ကလေးကျေးရွာရှိ အဘယာရာမကျောင်းတိုက် မဟာဘုံကထိန်နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ဆင်၊ မြင်းစုံလင်စွာဖြင့် စည်ကားစွာ လှည့်လည်ခဲ့ကြသည်။ **(ယာပုံ)**

"ဒီပွဲက ရွာမှာအစည်ကားဆုံးနဲ့ အကြီးကျယ်ဆုံးပါ။ ကျွန်တော် မမွေးခင်ကတည်းက အစဉ်အဆက် ပြုလုပ်လာခဲ့တာဆိုတော့ နှစ်ပေါင်း ၈၀ ကျော်လောက်ပြီ"ဟု ကတိုက်ကလေးကျေးရွာမှ အသက် ၇၀ ခန့်ရှိ ဦးငြိမ်းက ဆိုသည်။

ရွာနှစ်ရွာကိုပတ်ကာ လှည့်လည်ပွဲတွင် ရဟန်းလောင်း ၃၉ ပါးနှင့် သာမဏေလောင်း ၄၆ ပါးတို့အား ဆင် ၁၃ ကောင်၊ မြင်း ၃၃ ကောင်တို့ဖြင့် အလှူရှင်များနှင့် ရွာသူရွာသားတို့က ရှစ်ပါးပရိက္ခရာ၊ ကထိန်လျာသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းတို့ဖြင့် စည်ကားစွာ လိုက်ပါပို့ဆောင်ကြသည်။ ကတိုက်ကလေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်အောင်က "တစ်ရွာလုံးက ဒီပွဲကို အားခဲပြီး ငွေကြေးကို ကြိုတင်စုဆောင်းကြပါတယ်။ ရွာလုံးကျွတ် အလှူပေးတဲ့ပွဲပါ။ ရဟန်းခံရှင်ပြု မဏ္ဍပ်ပေါင်း ၄၀ ကျော်ပါတယ်။ ဒီဘက်နယ်တစ်ကြောမှာတော့ ဆင်အကောင်ရေအများဆုံး အသုံးပြုတဲ့ စုပေါင်းအလှူလို့လည်း ထင်ပါတယ်။ အရင်နှစ်ကထက်တော့ ဆင်အကောင်ရေနည်းသွားတယ်။ ဆင်၊ မြင်း ငှားခတွေက ဈေးမြင့်လာတယ်လေ။ ဆင်တစ်ကောင် ငါးသိန်းအထက်နဲ့ မြင်းတစ်ကောင်ကို တစ်သိန်းမှ နှစ်သိန်းအထိ ပေးနေရတယ်"ဟု ပြောသည်။ အဆိုပါ လှည့်လည်ပွဲအပြီးတွင် ဆံချတရားနာယူကြပြီး နိုဝင်ဘာ ၂ ရက်တွင် ကထိန်လျာ သင်္ကန်းဆက်ကပ်ခြင်း၊ ရဟန်းခံ သိမ်တက်ခြင်းနှင့် ပင့်ကျောင်း ၁၅၀ ခန့်မှ သံဃာတော် ၂၅၀ ကျော်အား စာရေးတံမဲများ ဆက်ကပ်ခြင်းတို့ကို ပြုလုပ်ပြီး ညအချိန်တွင် အငြိမ့်ပွဲများ ပွဲဈေးတို့ဖြင့် စည်ကားစွာ ကျင်းပကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# တောင်ငူမြို့၌ ကျေးရွာရှစ်ရွာ ဆိုလာစနစ်ဖြင့် မီးအလင်းရရှိ



**တောင်ငူ နိုဝင်ဘာ ၁**

တောင်ငူမြို့ရှိ ကျေးရွာပေါင်းရှစ်ရွာ အိမ်ခြေပေါင်း ၇၃၅ လုံးကို ဆိုလာစနစ်ဖြင့် မီးအလင်းရရှိရန် ပြုလုပ်ပေးပြီးဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်က တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်မီးလင်းရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တောင်ငူမြို့နယ်ရှိ ဖားပေါင်တင်ကျေးရွာ၊ စဥ့်အိုင်ကျေးရွာ၊ ဆိတ်ကြီးကုန်းကျေးရွာ၊ မလွှပင်ကျေးရွာ၊ ငုတ်တောကျေးရွာ၊ ဂုံမင်းအိုင်ကျေးရွာ၊ ရှမ်းဝတီးကျေးရွာစသည့် ရွာကြီးရှစ်ရွာရှိအိမ်ခြေပေါင်း ၇၃၅ လုံးကို ဆိုလာစနစ်ဖြင့် မီးအလင်းရရှိခဲ့သည်။ အဆိုပါကျေးရွာများသည် ယခင်ကဆိုလျှင် ပုဂ္ဂလိကမီးစက်များမှ မီးတစ်ပွင့်ကို ငွေကျပ် ၁၀၀ နှုန်းဖြင့် ဝယ်ယူသုံးစွဲခဲ့ရာ အိမ်တိုင်းစေ့ မီးမသုံးစွဲနိုင်ခဲ့ပေ။ ယခုဆိုလျှင် နေရောင်ခြည်ရနေသည့်ကာလပတ်လုံး မီးသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**သူရ(တောင်ငူ)**


*** ကျောဖုံးမှ**

ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီး တံတားသံပေါင်ဖြောင့်ခြင်း၊ ကြမ်းခင်းများပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ အောက်တိုဘာ ၂၃ ရက်တွင် တံတားကို ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

မြစ်သာပေါက်တံတားပြုပြင်ချိန်နှင့် တံတားကွေးညွှတ်ကျဆင်းနေချိန်များတွင် မြစ်ကိုဖြတ်ကူးရမည့် ခရီးသွားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများမှာ စက်တပ်ရေယာဉ်ဖြင့် ချောင်းကိုဖြတ်ကူးကြရပြီး ဆိုင်ကယ်တစ်စီးနှင့် လူတစ်ဦးလျှင် အသွားအပြန် ငွေကျပ် ၁၄၀၀ ဖြင့် ချောင်းကိုဖြတ်ကူးနေရကြောင်း ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမြင့်ရွှေက ပြောသည်။

မြစ်သာပေါက်ချောင်းသည် မိုးရာသီကာလတွင် ရေစီးသန်သောကြောင့် ပိုမိုခိုင်ခံ့သည့် တံတားဖြစ်စေရန်နှင့် ခရီးသွားပြည်သူများလည်း ငွေကုန်အချိန်ကုန်မဖြစ်ရလေအောင် တံတားကို အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

# လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့က ထပ်မံလာရောက်တိုက်ခိုက်




**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့ အင်အား ၂၀၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များဖြင့် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီတွင် တစ်ကြိမ်၊ ည ၈ နာရီခွဲတွင် တစ်ကြိမ်၊ ည ၁၂ နာရီခွဲတွင် တစ်ကြိမ်၊ ပေါင်းသုံးကြိမ်နှင့် အောက်တိုဘာ ၃၀ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် တစ်ကြိမ်၊ နံနက် ၅ နာရီတွင် တစ်ကြိမ်၊ ပေါင်းနှစ်ကြိမ်၊ စုစုပေါင်း ငါးကြိမ် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်သည်ရဲမေ မိသားစုများက ရွပ်ရွပ်ချွံချွံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သူများအနေဖြင့် နံနက် ၇ နာရီခန့်တွင် ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့သည့်အပြင် အဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့အနေဖြင့် အဆိုပါတပ်ရင်းဌာနချုပ်အား အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၆ ရက်တို့တွင်လည်းကောင်း၊ မိုင်းရှူးမြို့နယ် မိုင်းစံကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်အား အောက်တိုဘာ ၂၄ ရက်နှင့် ၂၈ ရက်တို့တွင်လည်းကောင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း သိရသည်။

အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့သည် သတ်မှတ်နေရာအား ကျော်လွန်၍ နယ်မြေချဲ့ထွင်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် တပ်ရင်းဌာနချုပ်များကိုလည်း အကြိမ်ကြိမ်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းကြောင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေခဲ့ရာ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းနှင့် စစ်ရေးအရ ဆောင်ရွက်သင့်သည်များကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရွေးကောက်ပွဲနှင့် တာဝန်ကိုယ်စီ

**ဦးမှဲ့ (အင်းဝိုင်းကုန်း)**

အများမျှော်လင့်စောင့်စားနေကြသော အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် လက်ချိုးလို့ပင်ရေတွက်၍ရသည်အထိ နီးကပ်လာပြီဖြစ်သည်။

ရက်ပိုင်းမျှသာ လိုတော့သည့် ထိုရွေးကောက်ပွဲတွင် တာဝန်ရှိသူများက ၎င်းတို့တာဝန်ရှိသည့်အတိုင်း မဲစာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်း၊ ကြေညာခြင်းတို့ကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်လောင်းများကလည်း မိမိတို့တာဝန်ယူမည့် ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နေရာများတွင် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

ရွေးကောက်ပွဲကြီးကျင်းပသည့် ကာလအတွင်း မလိုလားအပ်သောကိစ္စရပ်များ၊ ဒုစရိုက်မှုများ၊ ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်စေမည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လေ့ကျင့်သင်ကြားပေးထားပြီးသော လက်ရှိအင်အား ရဲဝန်ထမ်းများအပြင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ မြို့နယ်များ ရှိ ရပ်မိရပ်ဖများပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်ဆင့်က စိစစ်ရွေးချယ်ထားသည့် အထူးရဲများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် စုစုပေါင်း ၄၀၁၀၄ ဦးအား ခန့်ထားပြီးဖြစ်သည်။

ရွေးကောက်ပွဲကာလအကြိုနှင့် ရွေးကောက်ပွဲကာလအတွင်း သတင်းရယူနိုင်ရေးအတွက်လည်း ပြည်တွင်းပြည်ပ သတင်းထောက်များအတွက် သတင်းရယူခွင့်များကို ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

မဲရုံ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံးမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကိုလည်း မဲရုံမှူးသင်တန်း၊ ဒုတိယမဲရုံမှူးသင်တန်း စသည်ဖြင့် အဆင့်လိုက်သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ထိုသို့ မကြာမီ ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ စသည် စသည်ဖြင့် အသီးသီးကျရာအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်နေကြပြီ။

အဲ့ဒါဆိုရင် သင့်မှာရော တာဝန်မရှိဘူးလားမေးလာလျှင် ရှိသည်ဟု ဖြေရမည်ဖြစ်ပါသည်။

သင့်တာဝန်မှာ သင်သည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ပါက မိမိနေသည့် ရပ်ကွက်မှာရှိသော မဲရုံ၌မဲပေးရန် မဲပေးမည့်အမည်စာရင်းတွင် သင့်နာမည်ပါပြီလား။ ဒါကိုစစ်ဆေးရန် တာဝန်ရှိသည်။ စစ်လည်းစစ်ဆေးပြီးဖြစ်ကြမည် ထင်သည်။

မိမိနာမည်မပါလျှင် ပုံစံ ၃(က)ဖြင့် လျှောက်ထားရမည်ဆိုတာလည်း အထပ်ထပ်သတိပေးနေ၍ လုပ်ဆောင်ပြီးလောက်ပြီ။

ထိုသို့ လျှောက်ထားပြီး မဲစာရင်းပြန်ကပ်သည့်နေ့တွင် ထပ်မံမပါလျှင်လည်း ထပ်မံလျှောက်ထားရမည်ဖြစ်သည်ကို သိပြီးကြပြီ။ ယင်းသို့မှ ထပ်မပါလျှင်လည်း တတိယအကြိမ် ထပ်မံလျှောက်ထားခွင့် ပြုခဲ့ပြီးဖြစ်သည်။

ထိုမှ ဆန္ဒမဲပေးရမည့်နေ့ ရောက်သည့်တိုင်အောင် မဲစာရင်းမပါကလည်း မဲရုံသို့သွားပြီး မိမိသည် ဒီရပ်ကွက်မှာနေသည်ကို မိမိအားတစ်ရပ်ကွက်တည်းသိသူတစ်ဦးက ထောက်ခံပေးလျှင် မဲပေး၍ရသည်။ ထို့အပြင် မိမိတို့ရပ်ကွက်ရှိ မဲရုံ၌ပါဝင်သော မဲရုံအဖွဲ့ဝင်များသည်လည်း မိမိတို့နှင့် ရပ်ကွက်တူနေသူများဖြစ်သည့်အတွက် တစ်ဦးမဟုတ်တစ်ဦး မိမိကိုသိနေမှာ မလွဲပါ။

မဲပေးသည့်နေ့မဲစာရင်းတွင် မိမိအမည် မပါလျှင်လည်း ခိုင်လုံသော အထောက်အထားတစ်ခုခုဖြင့် ရပ်ကွက်ကထောက်ခံပေးလိုက်ပါက မဲပေး၍ရပြီ ဖြစ်သည်။ မဲဆန္ဒရှင်၏ လက်သန်းတွင် ချက်ချင်းဖျက်၍ မရနိုင်သည့် မင်ဖြင့် အမှတ်အသားလုပ်ပေးလိုက်မည်ဖြစ်၍ နှစ်ခါပြန် မဲပေး၍မရအောင် စီစဉ်ထားပြီးသားဖြစ်ရာ သင့်မဲ၏ တန်ဖိုးကို မြှင့်တင်ပေးပြီးသား ဖြစ်သည်။

မဲပေးခွင့်ရသူတိုင်း၊ မဲပေးခွင့်ရှိသူတိုင်း မဲရုံသို့သွား၍ မဲပေးကြရန် လိုအပ်သည်။

သင်သည် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ရှိသော နယ်မြေတွင် မဲပေးမည်ဆိုပါက မဲလက်မှတ်လေးခုဖြင့် ဆန္ဒမဲလေးကြိမ် ပေးရမည်ဖြစ်သည်။ သို့မဟုတ်ပါက မဲလက်မှတ်သုံးခုဖြင့် ဆန္ဒမဲသုံးကြိမ် ပေးရမည်ဖြစ်သည်။

သင်မဲသွားမပေးပါက ဒီအခွင့်အရေးကို သင်ကိုယ်တိုင် လက်လွှတ်ခံလိုက်ခြင်းသာဖြစ်သည်။ နိုင်ငံသားတစ်ယောက်ဖြစ်သော ကျွန်တော်တို့အားလုံး အသည်းကြားက မဲတစ်ပြားကို ပေးမလား၊ မပေးဘူးလား စဉ်းစားစရာပင်မလိုပါ။

မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်သည့် နံနက် ၆ နာရီမှ ညနေ ၄ နာရီသော အချိန်ကာလအတွင်း မပျက်မကွက် မဲပေးကြပါစို့ဟု တိုက်တွန်းရေးသားဖော်ပြရင်း နိုင်ငံသားတစ်ယောက်ဖြစ်သည့် သင်သည် နိုင်ငံ့တာဝန်ကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်ကာ နိုင်ငံသားဂုဏ်ကို ပြသရင်းဖြင့် သင့်တာဝန် သင်ကျေပွန်ပါစေ။

**သင်မဲသွားမပေးပါက ဒီအခွင့်အရေးကို သင်ကိုယ်တိုင် လက်လွှတ်ခံလိုက်ခြင်းသာ ဖြစ်သည်။ နိုင်ငံသားတစ်ယောက်ဖြစ်သော ကျွန်တော်တို့အားလုံး အသည်းကြားက မဲတစ်ပြားကို ပေးမလား၊ မပေးဘူးလား စဉ်းစားစရာပင်မလိုပါ။**

# မဲရုံဆိုင်ရာကြိုတင်ပြင်ဆင်မှုနှင့် မဲပေးမှုသရုပ်ပြပွဲ မိုးကုတ်၌ကျင်းပ



**မိုးကုတ် နိုဝင်ဘာ ၁**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိုးကုတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်ပြင်ဆင်မှုများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်သင်တန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးပွဲများ ကျင်းပလျက်ရှိရာ မဲရုံဆိုင်ရာကြိုတင်ပြင်ဆင်မှုနှင့် မဲပေးမှုသရုပ်ပြပွဲကို အောက်တိုဘာ ၃၁ ရက်က မိုးကုတ်မြို့ မြို့မအုပ်စုအတွင်းရှိ ပတ္တမြားမြေ မိုးလုံလေလုံ အားကစားခန်းမအတွင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ သရုပ်ပြ မဲပေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲကာလအတွင်း ပြည်သူများမဲပေးမည့် မဲရုံတွင်း ပုံစံတူခင်းကျင်းခြင်းများပြုလုပ်ကာ မဲရုံးမှူးဝန်ထမ်းက မဲပုံးများကို ဖွင့်လှစ်ပြသခြင်း၊ စည်းတံဆိပ်များခတ်နှိပ်ခြင်း၊ သရုပ်ပြမဲပေးပြည်သူများဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်များအတွက် ဆန္ဒမဲထုတ်ယူခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခန်းတွင် မဲပေးခြင်းနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာမဲပုံးများအတွင်း ထည့်သွင်းခြင်း၊ လွှတ်တော်လေးရပ်တွင်း မဲထည့်ပြီးစီးခြင်းဖြင့် မင်အမှတ်အသားပြုခြင်း၊ ဆန္ဒမဲလက်မှတ်များကို ပွင့်လင်းမြင်သာစွာ ရေတွက်ခြင်း၊ ထုတ်ပိုးခြင်းစသည့် သရုပ်ပြလုပ်ငန်းများကို ရှင်းလင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**




**နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅–၂၀၁၆ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းတွင်း၊ ပြင်ပသန့်ရှင်းရေးကို အောက်တိုဘာ ၃၁ ရက်က ပြုလုပ်စဉ်။**

သက်ထက်

# ရွေးကောက်ပွဲလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်း

**ရပ်စောက်**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့၌ အောက်တိုဘာ ၃၁ ရက် နံနက်က ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ကြွယ်၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဝင်းတို့က သင်တန်းသားများအား သင်တန်းကာလအတွင်း ပို့ချပေးခဲ့သည့် သင်ခန်းစာများကို မိမိတို့တာဝန်ထမ်းဆောင်မည့် မဲရုံများ၌ လက်တွေ့လိုက်နာအသုံးချဆောင်ရွက်သွားရန် မဲရုံလုံခြုံရေးဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သုံးခွ**

အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အားကစားခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပသည်။

ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သော ပြဿနာအသေးအဖွဲကိစ္စလေးများကအစ ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ရေး၊ လုံခြုံရေးကို ဘက်ပေါင်းစုံကဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးကျိုးပေါက်မှုမဖြစ်စေရေး၊ သင်တန်းမှပို့ချပေးလိုက်သော သင်ခန်းစာများ၊ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျင့်ဝတ်များကို အမြဲအလေးထားပြီး မိမိတို့တာဝန်ကျရာ မဲရုံများတွင် ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကာ အထူးရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် အစွမ်းကုန်ကြိုးစားသွားကြရန် သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သင်းဦးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၀၂၈)**

# ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်တစ်စင်း တိမ်းမှောက်

**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ် ဆိပ်ကမ်းမှ ရေယာဉ်မောင်း ဦးမြင့်လွင် မောင်းနှင်လာသည့် မြန်မာဇမ္ဗူထွန်း ရေယာဉ်အသင်းမှ ရာဇာထွန်း အမြန်ရေယာဉ်သည် နိုဝင်ဘာ ၁ ရက်က ခရီးသည် ၇၉ ဦး တင်ဆောင်ပြီး မုံရွာမြို့မှ ဟုမ္မလင်းမြို့နယ် ဆယ်ဇင်းသို့ ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက် ၁၄ ဦးဆင်းပြီး ဆက်လက်ထွက်ခွာလာရာ ကလေးဝမြို့နယ် ဂဇက်ကျေးအနီး လောင်းဂရိတ်ဝဲအရောက် နံနက် ၅ နာရီခန့်က နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



တပ်မတော်သားများနှင့် ဒေသခံပြည်သူများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကက(ကြည်း)ဖေ့စ်ဘုတ်ခ်

အဆိုပါ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်ကို သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့ အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရေယာဉ်ပေါ်၌ လိုက်ပါလာသူ ၆၅ ဦးအနက် ၅၃ ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ရှစ်ဦး ပျောက်ဆုံးလျက်ရှိကာ လေးဦး၏အလောင်းကို ပြန်လည်တွေ့ရှိသည်။

ရေယာဉ်နစ်မြုပ်မှုတွင် အသက်မသေဘဲ ကယ်ဆယ်ရရှိသည့် ၅၃ ဦးအား ကလေးဝမြို့နယ် ဂဇက်ကျေးရွာ ဓမ္မာရုံ၌ ယာယီနေရာချထားပေးလျက်ရှိပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရေယာဉ်နစ်မြုပ်ချိန် ရေယာဉ်ပေါ်၌ ကုန်ချိန်ပိဿာခုနစ်ထောင်ခန့် တင်ဆောင်ထားပြီး ကုန်စိမ်းနှင့် ငါးသေတ္တာပုံးများနှင့် ခရီးသည် ၆၅ ဦးတို့အား တင်ဆောင်ထားကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## အငှားယာဉ်ပေါ်၌ ယာဉ်မောင်းသေဆုံးလျက်ရှိသည့်အမှုမှ ပြစ်မှုကျူးလွန်သူများ အချိန်တိုအတွင်းဖော်ထုတ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြို့ သာကေတမြို့နယ်နေ အငှားယာဉ်မောင်းသူ ကိုထွန်းလင်းကျော်သည် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက အငှားယာဉ်ဆွဲရန် ထွက်ခွာသွားရာမှ ည ၁၀ နာရီထိ နေအိမ်သို့ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ဖုန်းအဆက်အသွယ်မရသဖြင့် အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက ၎င်း၏ဇနီးဖြစ်သူက သာကေတနယ်မြေ ရဲစခန်းတွင် လူပျောက်တိုင်ကြားထားရှိခဲ့သဖြင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

ယင်းသို့စုံစမ်းရှာဖွေလျက်ရှိစဉ် ကိုထွန်းလင်းကျော် မောင်းနှင်သည့် ယာဉ်အမျိုးအစားနှင့်တူသော နံပါတ်ပြားမပါသည့် အငှားယာဉ်တစ်စီးကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြတောင်ဝန်ကြီး ဦးမှိုလမ်း၌ရပ်ထားသည်ကိုတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ရှေ့ခန်းတွင် ကိုထွန်းလင်းကျော်မှာ ယာလက်မောင်းပြတ်ရှ ဒဏ်ရာ၊ ယာနံဘေးနှင့် လည်ပင်းတို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် သက်ဆိုင်ရာ နယ်မြေ ရဲစခန်းတို့ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ချက်များအရ ယခင်က သန့်ဇင်နှင့် ဝေယံထွန်းတို့သည် သေဆုံးသူထံတွင် ယာဉ်မောင်းအဖြစ် လုပ်ကိုင်စဉ်က အငှားယာဉ်ကို နေ့/ညမောင်းနှင်လိုသည့်ကိစ္စဖြင့် စကားများခဲ့ကြကာ အလုပ်ဖြုတ်ခံရပြီး စပေါ်ငွေများအနက် ယာဉ်စစ်ဆေးချက်မှတ်တမ်းများမှ ပြစ်ဒဏ်အတွက် ပေးလျော်စေ၍ ကျန်ငွေကိုသာ ပြန်လည်ပေးအပ်ခဲ့သဖြင့် အပြည့်အဝပြန်လည်မရရှိခြင်းအတွက် မကျေမနပ်ဖြစ်နေကြောင်း၊ လွန်ခဲ့သော နှစ်ပတ်ခန့်က သန့်ဇင်ကသေဆုံးသူကို ခြိမ်းခြောက်ပြောဆိုသွားကြောင်း သိရသဖြင့် စစ်ဆေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။

မသင်္ကာသူ ဒဂုံမြို့သစ်(ဆိပ် ကမ်း)မြို့နယ်နေ ဝေယံ(ခ)ဝေယံထွန်း(၂၂ နှစ်)ကို အောက်တိုဘာ ၂၈ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်(၆၇) ရပ်ကွက်အတွင်းက လည်းကောင်း၊ သန့်ဇင်(၂၁ နှစ်)ကို အောက်တိုဘာ ၂၉ ရက်က ပဲခူး တိုင်းဒေသကြီး သုံးဆယ်မြို့နယ်၌ လည်းကောင်း တွေ့ရှိထိန်းသိမ်းနိုင်ခဲ့ပြီး စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် သန့်ဇင်၏ကားတွင် အချိန်ပိုင်းမောင်းနှင်သူ သက်ပိုင်မျိုးဆိုသူနှင့် သုံးဦး အတူကျူးလွန်ခဲ့ကြောင်း သိရှိရသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ သက်ပိုင်မျိုး(၂၀ နှစ်)ကို ဆက်လက်ရှာဖွေဖမ်းဆီးခဲ့သည်။

၎င်းတို့သုံးဦးကို စစ်ဆေးချက်အရ သန့်ဇင်နှင့်ဝေယံထွန်းတို့သည် အလုပ်ဖြုတ်ခံရခြင်း၊ စပေါ်ငွေအပြည့်အဝပြန်လည် မရရှိခြင်းများအတွက် မကျေမနပ်ဖြစ်ကာ သုံးဦးအတူတိုင်ပင်၍ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်နေ့ နံနက် ၈ နာရီခွဲခန့်တွင် သက်ပိုင်မျိုးက သေဆုံးသူ၏ယာဉ်ကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)စက်မှုဇုန်သို့ ငှားရမ်းစီးနင်းခဲ့ပြီး သန့်ဇင်မှာ အခြားအငှားယာဉ်တစ်စီးဖြင့် နောက်မှလိုက်ခဲ့ကာ ဝေယံထွန်းမှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန် ဦးမြတ်ထွန်းလမ်း၌ ကြိုတင်စောင့်ဆိုင်းနေခဲ့ကြောင်း၊ ဝေယံထွန်းစောင့်ဆိုင်းသည့်နေရာအရောက်တွင် ယာဉ်ကိုငှားရမ်း စီးနင်းလာသူ သက်ပိုင်မျိုးက ကိုထွန်းလင်းကျော်၏လည်ပင်းကို ဓားဖြင့်ထောက်၍ ရပ်ခိုင်းပြီး ဝေယံထွန်းက ဝမ်းဗိုက်ကိုဓားဖြင့်ထိုးကာ လက်ကို ပိုက်ကလစ်ကော်ကြိုးဖြင့်နောက်ပြန်ချည်နှောင်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကလည်ပင်းအားဓားဖြင့် ထပ်မံထိုး ခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပွားစဉ် သန့်ဇင်တွင် လက်ကိုင်ဖုန်းမပါ၍ ဆက်သွယ်မရသဖြင့် ရောက်ရှိလာခြင်းမရှိကြောင်း၊ ဝေယံထွန်းနှင့် သက်ပိုင်မျိုးတို့က မော်တော်ယာဉ်၏နံပါတ်ပြားကိုဆွဲဖြုတ်ကာ အခင်းဖြစ်နေရာအနီးတွင် လွှင့်ပစ်ခဲ့ပြီး ယာဉ်အား မောင်းနှင်သွားကာ သေဆုံးလျက်တွေ့ရှိသည့်နေရာတွင် ထားခဲ့ခြင်းဖြစ်ကြောင်းနှင့် သေဆုံးသူ၏လက်ကိုင်ဖုန်းကို ယူဆောင်ခဲ့ပြီး ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှင့်ပစ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဓားတစ်ချောင်းနှင့် သေဆုံးသူ၏ လက်ကိုင်ဖုန်းတို့ကို ဝှက်သိမ်းထားရာ သက်ပိုင်မျိုးနေအိမ်မှ သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့သုံးဦးကို အမှုဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတင်းအရစောင့်ဆိုင်းရှာဖွေရာ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိ

**ရွှေဘို နိုဝင်ဘာ ၁**

အောက်တိုဘာ ၃၁ ရက် ညနေ ၆နာရီခွဲခန့်က ရွှေဘိုပြည်သူ့ရဲတပ်ဖွဲ့ ဒုရဲအုပ်ကိုလတ် ဦးဆောင်သောအဖွဲ့နှင့် အမှတ် (၂) ရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့တပ်စုမှူး ဦးကျော်ဆန်းဦးနှင့် တပ်ကြပ်ကြီးဝင်းအောင်တို့ပါဝင်သောအဖွဲ့သည် လမ်းလေးခွမီးပွိုင့်၏ အနောက်ဘက်တွင် သတင်းအရစောင့်ကြပ်ကြည့်ရှုနေစဉ်အနောက်မှ အရှေ့သို့ ရေဦး-ရွှေဘိုကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ပင်နီဆလင်ပုလင်း (၁၂) ပုလင်းဖြင့် ထည့်ယူလာသော ဘိန်းဖြူဟုယူဆရသည့်အမှုန့် ၅ ဒသမ ၇၈၂၇၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ပိုက်ငါးချောင်း၊ တစ်ထောင်ကျပ်တန်ငွေစက္ကူရှစ်ရွက်တို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် သိမ်းဆည်းခဲ့ပြီး ရွှေဘိုပြည်သူ့ရဲတပ်ဖွဲ့မှ အမှုနှင့်ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်နေကြောင်း သိရသည်။



အဆိုပါ သယ်ဆောင်လာသောလူငယ်မှာ သက်ကိုကိုလှိုင် (၂၀နှစ်) ဖြစ်ပြီး ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်တွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။ **(ဝ၅ဝ)**



## ရပ်ထားသော ၁၀ ဘီးနောက်တွဲယာဉ်ကို ကုန်တင်ယာဉ်ဝင်တိုက်

**ဖြူး နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ဖြူးချောင်းတံတားမြောက်ဘက်အနီး၌ရပ်ထားသော ၁၀ ဘီးနောက်တွဲယာဉ်ကို လမ်းကြောင်းတူမောင်းနှင်လာသော ကုန်မျိုးစုံ ၁၂ ဘီးယာဉ်က နောက်မှဝင်ရောက်တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက်နံနက် ၆ နာရီခွဲက ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင် (၁၄၂/၅)နှင့် (၁၄၂/၆) ကြား ဖြူးချောင်းမြောက်ဘက်ထိပ်၌ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကိုမျိုးဇော် (၂၉နှစ်) ရပ်တန့်ထားသော ၁၀ ဘီးနောက်တွဲယာဉ်နောက်ပိုင်းကို လမ်းကြောင်းတူ ယာဉ်မောင်း ဦးထွန်းထွန်းလူ (၄၂နှစ်) မောင်းနှင်လာသော ၁၂ ဘီး ကုန်မျိုးစုံတင်ယာဉ်က နောက်မှဝင်တိုက်၍ ယာဉ်၏ယာဘက်ခေါင်းပိုင်း ပျက်စီးသွားပြီး နောက်တွဲယာဉ်မှာ ပျက်စီးမှုမရှိဘဲ လူထိခိုက် ဒဏ်ရာရရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့်ယာဉ်ကို ပေါ့ဆစွာ မောင်းနှင်သူ ယာဉ်မောင်း ဦးထွန်းထွန်းလူကို ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**

**တစ်မျိုးသားလုံး မူးယစ်အန္တရာယ် ဝိုင်းဝန်းကာကွယ်**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ကန်သာယာ(၁)လမ်း၊ မြေကွက်အမှတ်(၁၁၂၆)၊ အကျယ်အဝန်း (၄၃ပေ × ၆၀ပေ)ရှိ ဒေါ်ခင်မာမာသီ (၁၂/ရကန(နိုင်)၀၀၀၆၇၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှ ခေါင်းရင်းဘက်ခြမ်း (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ နှစ်(၆၀) ဂရန်အမည်ပေါက် ဒေါ်ခင်မာမာသီ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
L.L.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
L.L.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း -၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဒေါ်ယဉ်ယဉ်စံ(ခ)ဒေါ်ယဉ်သူဟန် (တက်သစ်ဆောက်လုပ်ရေးလုပ်ငန်း) ၁၀/သဖရ(နိုင်)၀၆၃၁၃၃ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ စိမ်းလဲ့သာယာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၉၂)၊ နှစ်(၆၀)မြေငှားဂရန်ဟု ခေါ်တွင်သည့် မြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် ခြောက်ထပ်တိုက်၊ (RC)တိုက်သစ်၏ အလျား ၁၈ပေ×အနံ ၅၄ပေ၊ လေးလွှာ၊တတိယထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာမှတ်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မော်မော်ခင် LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)
တိုက်(၂၁၂)၊ အခန်း(၁၁)၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ ရန်ကင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆

**ပျောက်ဆုံးကြောင်း**
ဒေါ်ဖြူဖြူအောင် ၁၂/စခန(နိုင်)၀၀၀၆၁၂၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၇၉၈၂၂၈၁၃၃

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-8623188
09-5195949

**ဖခင်အမည်မှန်**
အလက(၇) မင်္ဂလာဒုံ၊ အဌမတန်းမှ မောင်ညဏ်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဝင်းဇော် ဖြစ်ပါသည်။
ဦးခိုင်ဝင်းဇော်
၁၂/ရပသ(နိုင်)၀၁၀၉၆၆

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ပြည့်မိုးအောင် ၁၂/သလန(နိုင်)၁၂၇၀၈၂ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၄၇၄၂၇

● ကျော်ဖုံးမှ

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် မြန်မာဖိုက် ပွဲစဉ်(၉)တွင် သုံးချီပွဲငါးပွဲနှင့် လေးချီပွဲနှစ်ပွဲ စုစုပေါင်းပွဲစဉ်ခုနစ်ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြရာ သုံးချီပွဲ ငါးပွဲတွင် သုံးပွဲနိုင် နှစ်ပွဲသရေနှင့် လေးချီပွဲများတွင် အလဲထိုးဖြင့် ပွဲပြတ်အနိုင်ရခဲ့ကြသည်။

သုံးချီပထမဆုံးပွဲဖြစ်သည့် ဇ (ဟံသာဝတီသား)နှင့် တာတီး(အမရပူရ)တို့ပွဲ သုံးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေကျခဲ့ပြီး ကျန်ကျောင်း(စွမ်းကေကေ) နှင့် ဝင်းနိုင်(ခ)ရွှေဘ(ဟံသာဝတီသား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားကြပြီး ပထမအချီမှာပင် ဝင်းနိုင်(ခ)ရွှေဘ အနားတောင်းခဲ့ရပြီး ပြန်အတည်တွင်လည်း ဆက်လက်ယှဉ်ပြိုင် ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် ကျန်ကျောင်း အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ တတိယပွဲဖြစ်သည့် ကျော်ထက်(ခ)ဥသာကျော် (ဟံသာဝတီသား)နှင့် ဇာနည်(အမရပူရ)တို့ ပွဲသည်လည်း ဒုတိယအချီ ၁ မိနစ် ၃၇ စက္ကန့်တွင် ဇာနည် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး စွမ်းထက်နိုင်(စွမ်းကေကေ)နှင့် ဒိုးလုံး (T.H သွေးသစ်)တို့ပွဲ သရေကျခဲ့သည်။ သုံးချီနောက်ဆုံးပွဲဖြစ်သည့် မနအောင် (T.H သွေးသစ်)နှင့် အောင်ကျော်ကျော်(နဂါးနီ)တို့ပွဲတွင် မနအောင်က အရပ်အမောင်းမြင့် ကိုယ်ခန္ဓာ အလုံးအထည် ပိုကြီးသော်လည်း အောင်ကျော်ကျော်၏ သတ္တိနှင့် ဇွဲရှိမှုတို့ကို မယှဉ်သာဘဲ တတိယအချီ ၁ မိနစ် ၂၅ စက္ကန့်မှာပင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။



ဇွဲလင်းအောင်(နဂါးနီ)နှင့် သွေးသစ်မောင်(T.H သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

လေးချီပွဲများဖြစ်သည့် ဇွဲလင်းအောင်(နဂါးနီ)နှင့် သွေးသစ်မောင်(T.H သွေးသစ်)တို့ပွဲမှာ ပွဲစသည်နှင့် သူတင်ကိုယ်တင် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်သော်လည်း မာဂုဏ်မြင့်သော ဇွဲလင်းအောင် တတိယအချီ ၁ မိနစ် ၄၄ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲဖြစ်သည့် ထွန်းလွင်မိုး (နဂါးမာန်)နှင့် ဇော်ချစ်အောင်(စွမ်းကေကေ)တို့ပွဲတွင် ပြိုင်ပွဲစသည်နှင့် ဇော်ချစ်အောင်က အတင်းဝင် အတင်းထွက် အပြိုင်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်မှုကြောင့် ထွန်းလွင်မိုး ယိမ်းယိုင်သွားခဲ့သော်လည်း ပညာ၊ မာဂုဏ်နှင့် သတ္တိပိုင်းဆိုင်ရာ ပြည့်ဝနေသော ထွန်းလွင်မိုးက ပါဝါပါသော ထောက်လက်သီးများဖြင့် ဇော်ချစ်အောင် ရင်ဘတ်ထဲ ဘယ်၊ ညာ တရစပ်ပစ်သွင်းခဲ့မှုကြောင့် ဇော်ချစ်အောင် အနားတောင်းခဲ့ရပြီး ပြန်အတည်တွင် ထုံးစံအတိုင်း ပြိုင်ဘက်နှင့်တွေ့သည်နှင့် ကျားရိုင်းတစ်ကောင်လို ဖွတ်အတင်းဝင်တတ်သည့် ဇော်ချစ်အောင် ပုံစံမပြောင်းဘဲ ဆက်လက်ရင်ဆိုင်ထိုးသတ်မှုကြောင့် ထွန်းလွင်မိုး ဖြောင့်လက်သီး၊ ထောက်လက်သီးနှင့် ခေါင်းတိုက်ချက်တို့ကို တစ်ပြိုင်တည်းသုံးကာ တန်ပြန်တိုက်ခိုက်ခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ဝ၃ စက္ကန့်အရောက်မှာပင် ဇော်ချစ်အောင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာမျိုးဆက်သစ် မြန်မာဖိုက် ပွဲစဉ်(၉)သို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆန်း၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဦးစန်းမြင့်နှင့်အတူ ရိုးရာလက်ဝှေ့အဖွဲ့မှ တာဝန်ရှိသူများ လာရောက်အားပေးခဲ့ကြသည်။

(မြန်မာ့အလင်း)

# အဲဗာတန်တို့ အိမ်ကွင်း၌ ဆန်းဒါးလန်းကို ဂိုးပြတ်နိုင်

သီဟ-ရေးသည်

ပရီမီယာလိဂ် ပွဲစဉ် (၁၁) တနင်္ဂနွေပွဲစဉ်ဖြစ်သည့် အဲဗာတန်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် အိမ်ရှင် အဲဗာတန်တို့ ဆန်းဒါးလန်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်တို့က အိမ်ကွင်း၌ အနိုင်ရရှိရေး တင်ကစားမှုကြောင့် ပွဲချိန် ၁၉ မိနစ်တွင် ကိုနေး ဖန်တီးပေးမှုမှတစ်ဆင့် ဒူလိုဖူက ပထမဂိုးသွင်းယူပေးသည်။ ၃၁ မိနစ်တွင် လူကာကူပေးပို့မှုမှတစ်ဆင့် ကိုနေးက ဒုတိယဂိုးသွင်းယူခဲ့သည်။ ဆန်းဒါးလန်းအတွက် ချေပဂိုးကို ၄၅ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ဒီဖိုးက သွင်းယူပေးသည်။

ဒုတိယပိုင်း မိနစ် ၅၀ တွင် ဖလက်ချာက ဆန်းဒါးလန်းအတွက် ဒုတိယချေပဂိုး သွင်းယူပေးသော်လည်း ၅၅ မိနစ်တွင် ဆန်းဒါးလန်းမှ ဆီဘတ်စတီယန်ကုတ်က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည်။

မိနစ် ၆၀ တွင် တိုက်စစ်မှူး လူကာကူက စတုတ္ထဂိုးနှင့် ကိုနေးက ၆၃ မိနစ်နှင့် ၇၆ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက် သွင်းယူပေးပြီး ဟက်ထရစ် ရရှိခဲ့သည်။

ယခုပွဲအပြီး အဲဗာတန်တို့က ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၈ နေရာ၌ ရပ်တည်နေပြီး ဆန်းဒါးလန်းတို့က ရမှတ် ခြောက်မှတ်ဖြင့် တန်းဆင်းဇုန်မှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသည်။



အဲဗာတန်တိုက်စစ်မှူး ကိုနေး ဆန်းဒါးလန်းအသင်းသို့ ခေါင်းတိုက်ဂိုးသွင်းစဉ်။

## အီတလီစီးရီးအေ ပွဲစဉ် (၁၁) အနိုင်အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဖီအို | ၄-၁ | ဖရိုစီနိုနီ |
| ဘိုလော့နာ | ၃-၀ | အတ္တလန္တာ |
| ကာပီ | ၀-၀ | ဗီရိုနာ |
| ဂျီနိုအာ | ၀-၀ | နာပိုလီ |
| အူဒီးနိစ် | ၀-၀ | ဆက်ဆူအိုလို |

## ပြင်သစ်လီဂူး ပွဲစဉ် (၁၂) အနိုင်အရှုံး ရလဒ်

| | | |
|---|---|---|
| နိုက်စ် | ၀-၀ | လိုင်လီ |

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN ကားသစ်ကြီးများဖြင့်...
ချောင်းသာ တမ်းခြေသို့ (1.11.2015) မှစ၍ နေ့စဉ်ပြေးဆွဲနေပါသည်
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
☆ငွေဆောင် (သော်ကြာ) ကားစီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ပျောက်ဆုံးခြင်း
ကျွန်မ ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၁၁၄၈၈၇ ၏ နိုင်ငံကူးလက်မှတ် (Pass port No MA-530451)နှင့် ကိုလင်းခန့်သူရိန် Pass Port No MB-170532 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၄၂၁၁၄၈၃၁၄

ကမ္ဘာကျော် Newsweek မဂ္ဂဇင်း၏ နိုင်ငံတကာ မြို့ပြအက်ဆေးများ
သန်းစိုးနိုင်(မြန်မာပြန်)
သမိုင်းနှင့်လမ်းလျှောက်ခြင်း
ရိုးမရိပ်စာပေ - ၀၉ ၃၆၀၁၄၃၂၀၊ ၀၉ ၇၃၀၈၁၀၉၃၈

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 31 Oct
6 - 7:30 (Mon ~ Thurs) 2 Nov
9 - 12:00 (Sat + Sun) 7 Nov
7:30 - 9 (Mon ~ Thurs) 11 Nov
10 - 11:30 (Mon ~ Thurs) 23 Nov

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 1 Nov
3:30 - 5 (Mon ~ Thurs) 2,11 Nov
6 - 7:30 (Mon ~ Thurs) 2,23 Nov
1 - 2:30 (Mon ~ Thurs) 9 Nov
10-11:30 (Mon ~ Thurs) 11 Nov
7:30 - 9 (Mon ~ Thurs) 16 Nov

BASIC GRAMMAR
1 - 4:00 (Sat + Sun) 7 Nov
3:30 - 5 (Mon ~ Thurs) 30 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 2 Nov
10-11:30 (Mon ~ Thurs) 9 Nov
1 - 2:30 (Mon ~ Thurs) 16 Nov
6 - 7:30 (Mon ~ Thurs) 18 Nov

INTERMEDIATE (ACADEMIC ENGLISH)
1 - 4:00 (Sat + Sun) 7 Nov
10-11:30 (Mon ~ Thurs) 9 Nov
3:30 - 5 (Mon ~ Thurs) 23 Nov

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 15 Nov
1 - 2:30 (Mon ~ Thurs) 16 Nov

BASIC WRITING
10 - 11:30 (Mon ~ Thurs) 26 Oct
12 - 3:00 (Sat + Sun) 14 Nov

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 28 Dec

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 11 Nov
7:30-10:30 (Sat + Sun) 21 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 2 Nov
6 - 7:30 (Mon ~ Thurs) 16 Nov
7:30 - 9 (Mon ~ Thurs) 30 Nov

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 7 Nov

BASIC FOUR SKILLS ENGLISH
4:30-7:30 (Sat + Sun) 31 Oct
7:30 - 9 (Mon ~ Thurs) 2,11 Nov
3:30 - 5 (Mon ~ Thurs) 9 Nov
6 - 7:30 (Mon ~ Thurs) 9 Nov
1 - 2:30 (Mon ~ Thurs) 11,30 Nov
7:30-10:30 (Sat + Sun) 21 Nov
10-11:30 (Mon ~ Thurs) 30 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 14 Nov

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 16 Nov
7:30-9:30 (Mon ~ Thurs) 30 Nov

IELTS (Writing)
7:30-10:30 (Sat + Sun) 31 Oct

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 2 Nov

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 30 Nov

IELTS (Grammar)
10-11:30 (Mon ~ Thurs) 16 Nov

ဝန်ထမ်းအလိုရှိသည်
မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)နှင့် (နေပြည်တော်)တွင် အောက်ဖော်ပြပါ လုပ်ငန်းရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန် အလိုရှိပါသည်-
၁။ လက်ထောက်အင်ဂျင်နီယာ (၁)ဦး (ကျား) နေပြည်တော်
၂။ အကြီးတန်းကြီးကြပ်ရေးမှူး (၁)ဦး (ကျား) နေပြည်တော်
၃။ ဒု-ကြီးကြပ်ရေးမှူး (၁)ဦး (ကျား/မ) နေပြည်တော်
၄။ Website တာဝန်ခံ (၁)ဦး (ကျား) ရန်ကုန်
အထက်ပါရာထူးများအတွက်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဂ) အမှတ်စဉ်(၁) ရာထူးအတွက် BE (E.P)ဘွဲ့ ရရှိထားသူဖြစ်ရမည်။ M & E လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၃)နှစ်ရှိရမည်။ Electrical Maintained & Installation အထူးကျွမ်းကျင်ရမည်။ Electrical Design တတ်ကျွမ်းနားလည်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ်(၁၊ ၂) ရာထူးအတွက် အသက်(၃၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ အုပ်ချုပ်မှု/ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ ရုံးလုပ်ငန်းများအား ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရမည်။ ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ (လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်။)
(င) အမှတ်စဉ်(၃) ရာထူးအတွက် အသက်(၂၅)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ (အသင်းဝန်ထမ်းများလည်း လျှောက်ထားနိုင်သည်။ လုပ်သက် ၂ နှစ်ရှိရမည်။)
(စ) အမှတ်စဉ်(၁၊ ၂) ရာထူးအတွက် နေပြည်တော်တွင် နေထိုင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ နေပြည်တော်၊ ပျဉ်းမနားနယ်မြေမှ လျှောက်ထားသူများအား ဦးစားပေးမည်။ အခြားနယ်မှ လျှောက်ထားသူများဖြစ်ပါက နေရာစီစဉ်ပေးမည်။
(ဆ) အမှတ်စဉ်(၄) ရာထူးအတွက် အသက်(၂၀)မှ (၃၀)အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ Website အခြေခံနားလည်ရမည်။ Photoshop ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Pagemaker/Microsoft Office ကျွမ်းကျင်ရမည်။ Computer Hardware ပြင်ဆင်နိုင်ရမည်။ Operation System Installation လုပ်တတ်ရမည်။ Networking အခြေခံရှိသူ ဖြစ်ရမည်။
၃။ အထက်ပါရာထူးသို့ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ပတ်(စ်)ပို့ဓာတ်ပုံ (၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မိတ္တူတို့ကို ပူးတွဲလျက် ၁၅-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။
(က) အမှတ် ၆၈၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(ခ) ဒု-ရုံးအဖွဲ့မှူး၊ ကျောက်မျက်အသင်း(နေပြည်တော်)
၄။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၁၁၂၃၉၊ ၀၉-၈၆၁၁၂၈၅၊ ၀၆၇-၄၃၂၃၈၁၊ ၀၁-၆၅၈၁၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ဘီအာတီ အမြန်လိုင်း သတ်မှတ်ချိန်အတွင်း ပြေးဆွဲနိုင်ရေး ရှယ်ယာရှင်များ စတင်ခေါ်ယူ



ဒေါက်တာမောင်အောင်

**တွေ့ဆုံမေးမြန်း - မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ-မွန်မွန်**

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေ ၇ သန်းကျော် နေထိုင်လျက်ရှိသည်။ လူဦးရေထူထပ်လာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် နေ့စဉ်အချိန်ကုန် လူပန်းဖြစ်ကြရသည်။ယာဉ်ကြောပိတ်ဆို့မှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းရန်အတွက် နိုင်ငံတော်နှင့် အများပြည်သူတို့ ပူးပေါင်းဆောင်ရွက်သည့် BRT ယာဉ်လိုင်းစနစ်ကို မကြာခင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ကျင်းပသည့် ရန်ကုန်ဘတ်စ်ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် မိတ်ဆက်ပွဲနှင့် အစုရှယ်ယာများ ဖိတ်ခေါ်ခြင်း အခမ်းအနားတွင် ရန်ကုန်ဘတ်စ်ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာ မောင်အောင်နှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပါသည်။

**မေး။ ။ အခုလက်ရှိမှာ ပြေးဆွဲဖို့အတွက် ဘာတွေ ပြင်ဆင်ထားပါသလဲ။ ဘယ်တော့လောက် စတင်ပြေးဆွဲတော့မှာလဲ သိချင်ပါတယ်။**

ဖြေ။ ။ လက်ရှိ အခြေအနေကတော့ ပြင်ဆင်မှုဘက်က ပြီးခဲ့တဲ့ အပတ်ကပဲ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့မှစ၍ အများပြည်သူကို အသိပေးပြီး ရှယ်ယာရှင်တွေကို ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။

**မေး။ ။ ဘတ်စ်ကား ပြေးဆွဲဖို့အတွက် လမ်းပိုင်းတွေ ပြင်ဆင်ပြီးတဲ့ အခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ ရန်ကုန်မြို့ရဲ့ ဘတ်စ်ကားလောကမှာ အရင်က မလုပ်ဖူးတဲ့ စနစ်တွေပါ။ ပထမဆုံးလုပ်မှာကတော့ ပိုင်ဆိုင်မှုကို ပြောင်းတာပေါ့။ လက်ရှိစနစ်မှာ တစ်ဦးစီပိုင်တယ်။ အုံနာကြေးပေးပြီး ကိုယ်ရကိုယ်ယူတဲ့ စနစ်ဖြစ်တဲ့အတွက် စည်းကမ်းပိုင်းရော၊ ခရီးသည်လုံခြုံမှုအပိုင်းရော အားနည်းတယ်။ ယာဉ်စီးခနဲ့ပတ်သက်ပြီးတော့ ပြဿနာတွေဖြစ်တယ်။ အခုအများပိုင်ဖြစ်လာခဲ့ရင် ယာဉ်မောင်းတွေကို လုံလောက်တဲ့ လုပ်ခပေးမယ်။ ယာဉ်မောင်းကိုပိုက်ဆံရှာခိုင်းတာမဟုတ်ဘဲ စည်းမျဉ်း၊ စည်းကမ်းတကျနဲ့ ဘေးကင်းစိတ်ချတဲ့ ခရီးကို မောင်းနှင် ပို့ဆောင်ပေးနိုင်တဲ့ အနေအထားမျိုးတွေ ရှိလာမယ်။ အခုလုပ်ဆောင်မယ့် အမြန်စနစ်မှာ လက်ရှိစီးနေတဲ့ အချိန်ရဲ့ ထက်ဝက်နီးပါးလောက် လျှော့ချဖို့ ခန့်မှန်းထားတယ်။ မှတ်တိုင်တွေကို ရိုးရိုးမှတ်တိုင် သုံးခုလောက်မှာ တစ်ခါရပ်တဲ့ ပုံစံမျိုးသွားမယ်။ အခုစမှာက ပြည်လမ်းနဲ့ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်မှာ ဖြစ်တယ်။ တည်ဆောက်တဲ့အပိုင်းမှာ မြေချဲ့တာက အားလုံးပြီးပြီ။ မှတ်တိုင်ဆောက်တာကို စမယ်။ ဒါကလည်း တစ်လခွဲအတွင်းမှာ ပြီးမယ်။ ကားတွေမှာထားတာက ဒီဇင်ဘာလကုန်ပိုင်းလောက်ဆိုရောက်လိမ့်မယ်။ ရောက်တာနဲ့ ပြေးဆွဲနိုင်အောင် စီမံနေပါပြီ။

**မေး။ ။ ဘတ်စ်ကား ဘယ်နှစ်စီး ပြေးဆွဲမှာလဲ။ ဘယ်နိုင်ငံက ကားတွေလဲ သိပါရစေ။**

ဖြေ။ ။ ဘတ်စ်ကားတွေက တရုတ်၊ ကိုရီးယား၊ ဆွီဒင်နိုင်ငံတွေက ထုတ်တဲ့ကား ၆၅ စီးကို မှာထားပါတယ်။ဒါပထမဆုံး ပရောဂျက်ဖြစ်တဲ့အတွက် စမ်းသပ်တာပါ။ ဒီအသစ်စက်စက် ကားသုံးရတဲ့ ရည်ရွယ်ချက်ကတော့ ကားပေါ်တက်တာနဲ့ ဝန်ဆောင်မှုအပြည့်အဝနဲ့ နိုင်ငံရဲ့ ရာသီဥတုအနေအထားအရ အဲကွန်းပေးမှာဖြစ်တယ်။ နောက်ပြီး ကားတိုင်းမှာ စီစီတီဗွီ ကင်မရာပါတယ်။

**မေး။ ။ အမြန်လိုင်း ပြေးဆွဲတယ်ဆိုတော့ အခုလို ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်နေတဲ့ အပေါ် ဘယ်လိုစီမံထားသလဲ။**

ဖြေ။ ။ မှန်းထားတာကတော့ လမ်းကြောရဲ့ ညာဘက်အစွန်လိုင်းကို ယူမယ်။ ဒီလိုင်းမှာ ဆရာတို့လိုင်းနဲ့ရိုးရိုးဘတ်စ်ကားလိုင်းပဲရှိမယ်။ ပြောစရာရှိတာကတော့ ကျန်တဲ့ နှစ်လိုင်းမှာ ကျပ်သွားမလားလို့ပါ။ ဒါပေမယ့် တခြားနိုင်ငံတွေမှာ ဒီစနစ်ကျင့်သုံးတာကို သွားလေ့လာကြည့်ခဲ့တယ်။ ဘရာဇီးဆိုရင် ရုံးဖွင့်ရက်တွေမှာ BRT ပဲစီးတယ်။ ကိုယ်ပိုင်ကား လုံးဝမစီးကြဘူး။ ခုစနစ်အောင်မြင်လာခဲ့ရင် ရိုးရိုးခရီးသည်တွေ မဟုတ်ဘဲ ကိုယ်ပိုင်ကားစီးသူတွေလည်း အသုံးပြုလာကြပြီး ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျော့ပါးသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ ယာဉ်စီးခကို ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ။ ။ ယာဉ်စီးခကတော့ အခုကားခတွေနဲ့ ကွာခြားမှုမရှိအောင် အများပြည်သူ တတ်နိုင်တဲ့ အခကြေးငွေဖြစ်ပါလိမ့်မယ်။ ပေးချေရမှာကတော့ လက်မှတ်ရော၊ ကတ်စနစ်ရော သုံးလို့ရအောင်လုပ်မယ်။ နောက်ပြီး ipayနဲ့လည်း စီးလို့ရအောင် ဆောင်ရွက်သွားမယ်။

မေး။ ။ အစုရှယ်ယာတွေကို ဘယ်လိုလက်ခံသွားမလဲ။ ပြည်ပကရော ရင်းနှီးမြှုပ်နှံမှုထဲမှာ ပါပါသလား။

ဖြေ။ ။ မူဝါဒအရ အသေးစားရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးမယ်။ ဥပဒေအရ နိုင်ငံခြားသားလုံးဝမပါဝင်ပါဘူး။ ပြည်တွင်းမှာ ရှိတဲ့ မြန်မာနိုင်ငံသား ရှယ်ယာရှင်တွေက ၆၀ ရာခိုင်နှုန်း၊ နိုင်ငံတော်က ၄၀ ရာခိုင်နှုန်း ပါဝင်ပြီး စုစုပေါင်း အရင်းအနှီး ကျပ် ၂၅ ဘီလီယံ ဖြစ်ပါတယ်။ နိုင်ငံတော်က ၁၀ ဘီလီယံ၊ အများပြည်သူက ၁၅ ဘီလီယံ ထည့်ဝင်ကြမှာဖြစ်ပါတယ်။ဒါပေမယ့် အစိုးရပိုင်းက ငွေသားမဟုတ်တဲ့ တခြားပံ့ပိုးမှုတွေဖြစ်တဲ့ အဆောက်အအုံ ဆောက်တာတွေ၊ မှတ်တိုင်ဆောက်တာတွေအပြင် နည်းပညာပိုင်းပံ့ပိုးမှုတွေကို အစိုးရက တာဝန်ခံလုပ်ဆောင် ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေအတွက် ရေရှည်မှာ အကျိုးရှိစေမယ့် စီမံကိန်းလို့ ပြောချင်ပါတယ်။

**မေး။ ။ အစုရှယ်ယာ ဘယ်လောက်ကနေ ဘယ်လောက်အထိ သတ်မှတ်ထားသလဲ။ ဘယ်လိုအကျိုးအမြတ်ရရှိစေမှာလဲ။**

ဖြေ။ ။ အစုရှယ်ယာ တစ်ခုကို တစ်သိန်းနှုန်းနဲ့ ဝယ်ယူနိုင်တယ်။ လူတစ်ဦးက တစ်သိန်းကနေ သိန်းတစ်ထောင်အထိ ဝယ်နိုင်တယ်။ သိန်းတစ်ထောင်ဝယ်တဲ့သူကတော့ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်မှာ ဖြစ်ပါတယ်။ ဖွဲ့ထားတာကတော့ နိုင်ငံတော်ပိုင်းက လေးဦး၊ ပုဂ္ဂလိကပိုင်းက ငါးဦး စုစုပေါင်း ကိုးဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဒုတိယနှစ်ပြီးရင်တော့ မြတ်လိမ့်မယ်လို့ ဆရာတို့ မျှော်မှန်းတယ်။ မြတ်တယ်ဆိုရင်တော့ အများပိုင်ကုမ္ပဏီရဲ့ ထုံးစံအရ တစ်နှစ်မှာရတဲ့ ဝင်ငွေမှာ ကုန်ကျစရိတ်နုတ်မယ်။ နိုင်ငံတော်ကို ကျသင့်တဲ့ အခွန်ပေးမယ်။ စုစုပေါင်း အမြတ်ကိုတော့ အချိုးကျ ခွဲဝေပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ရှယ်ယာရှင်တွေ ဘယ်တော့လောက် စိစစ်အတည်ပြုမလဲ သိပါရစေ။**

ဖြေ။ ။ စိစစ်တာကတော့ ဖြန့်ချိပိုင်းတွေဖြစ်တဲ့ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ စီဘီဘဏ်တွေမှာ နိုဝင်ဘာ ၃ ရက်ကစပြီး မိမိဝယ်ယူမယ့် ပမာဏကို သွင်းရမယ်။ ပြီးရင်သွင်းတဲ့ ချလန်နဲ့ လာလျှောက်ရမယ်။ ဘုတ်အဖွဲ့ ဆုံးဖြတ်ပြီးတာနဲ့ ရှယ်ယာလက်မှတ် ထုတ်ပေးမှာဖြစ်ပါတယ်။

**မေး။ ။ BRT မောင်းတဲ့လမ်းပေါ်မှာ အခြားဘတ်စ်ကားတွေ၊ ကိုယ်ပိုင်ကားတွေ၊ တက္ကစီတွေ ဝင်ရောက်မောင်းနှင်လို့ ရပါသလား။**

ဖြေ။ ။ အဓိက ပြဿနာဖြစ်နိုင်တာကတော့ ဘတ်စ်ကားပါပဲ။ ဒါပေမယ့် ဘတ်စ်ကားလိုင်းနဲ့ ညှိထားတာကတော့ ဒီကားတွေလာရင်အပြင်ကိုထွက်ပေးရမယ်။ အခြားတက္ကစီ၊ ကိုယ်ပိုင်ကားတွေ ညာဘက်ကို ကွေ့ရင်ယာဉ်ထိန်းရဲတွေကို မှာထားတာကတော့ ဒီကားသွားတဲ့ အချိန်တော့စောင့်ပြီးမှကွေ့ပါ။ ဝင်ပြီးမောင်းလို့ မရပေမယ့် ကွေ့စရာရှိရင်တော့ ဝင်ကွေ့လို့ ရပါတယ်။



**မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်း အမှတ်(၃၂၁)မြေညီထပ်နေဒေါ်သိန်းရင်အသက်(၉၆ နှစ်)မှာ မှတ်ပုံတင်ပျောက်ဆုံးနေပြီး အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးလိုကြောင်း သိရှိရသဖြင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများက Door to Door စနစ်ဖြင့် သွားရောက်ဆောင်ရွက်ပေးစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲများကျင်းပ

**ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း အပတ်စဉ် (၂၀) ဒုတိယအကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲကို အောက်တိုဘာ ၃၀ ရက်က သူနာပြုသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာမြင့်မြင့်ခိုင်က အမှာစကားပြောကြားပြီး ထားဝယ်သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းလှိုင်က သင်တန်းသား သုံးဦး၊ သင်တန်းသူ ၃၃ ဦး စုစုပေါင်း ၄၇ ဦးကို သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ အမှတ်စဉ် (၁၁)သူနာပြု-သားဖွားဒီပလိုမာ သင်တန်းဆင်းအောင်လက်မှတ်အပ်နှင်းပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ဩဝါဒစကားပြောကြားသည်။

ဆက်လက်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လေးလေးမြင့်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ပြည်**

ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ပြည်မြို့၏ (ဒုတိယ) အကြိမ်မြောက် သူနာပြုဒီပလိုမာအပ်နှင်းသည့် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ပြည်မြို့ ဗိုလ်ချုပ်လမ်း မူယာပင်ရပ် သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သူနာပြုသားဖွားသင်တန်းကျောင်း၏ ကျောင်းအုပ် ဒေါ်ခင်မို့မို့ဦးက သူနာပြုဒီပလိုမာဘွဲ့ရဆရာမ ၅၁ ဦးတို့အား သူနာပြုဒီပလိုမာဘွဲ့လက်မှတ်များကို တစ်ဦးချင်းချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၅)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့သူနာပြုသင်တန်းကျောင်းတွင် ကျန်းမာရေးဝန်ကြီးဌာနဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာနဒုတိယအကြိမ် သူနာပြု-သားဖွားဒီပလိုမာလက်မှတ်အပ်နှင်းပွဲကိုအောက်တိုဘာ ၃၀ ရက်က သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး သူနာပြုဒီပလိုမာအောင်မြင်သူ ၄၃ ဦးတို့ကို အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

ယခုကျင်းပသည့် သူနာပြု-သားဖွားဒီပလိုမာအပ်နှင်းပွဲမှ သူနာပြု သင်တန်းသား သင်တန်းသူ ၄၃ ဦး အပါအဝင် သူနာပြု ဆရာ ဆရာမ စုစုပေါင်း ၉၇၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**လှိုင်ကော်**

ကျန်းမာရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်)မှ ဒုတိယအကြိမ် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်များကို သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်)မှ ကျောင်းအုပ် နော်မီမီချွန်က ပေးအပ်ရာ ထို့နောက်မှ သူနာပြုကျောင်းသား ကျောင်းသူ ၃၂ ဦးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**တောင်ငူ**

သူနာပြု-သားဖွား ဒုတိယအကြိမ် ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန တောင်ငူမြို့ သူနာပြုသင်တန်းကျောင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးဒေါ်မိုးနွဲ့နွဲ့အောင်က သင်တန်းဆင်းများကို သူနာပြုအလုပ်မှာ လူနာများ၏ရောဂါခံစားမှုနှင့် ဝေဒနာများ သက်သာပျောက်ကင်းအောင် ဆောင်ရွက်ရသော မွန်မြတ်သည့်အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြစ်ပြီး ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဆင်းရဲချမ်းသာအဆင့်အတန်းမခွဲခြားဘဲ ပြုစုသွားရေးကို မှာကြားခဲ့ပြီး သင်တန်းဆင်း ၃၇ ဦးကိုလူနာပြု/သားဖွားဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# မွေးရပ်ဇာတိရွာတွင် ကျေးဇူးဆပ်အလှူ၊ သက်ကြီးပူဇော်ပွဲနှင့် ဆန်အလှူပွဲကျင်းပ

**ရေစကြို နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သာဂေါင်ကျေးရွာတွင် စတုတ္ထအကြိမ်မြောက် မွေးရပ်ဇာတိအတွက် ကျေးဇူးဆပ်အလှူပွဲကို အောက်တိုဘာ ၃၀ ရက်က သာဂေါင်ကျေးရွာ မဇ္ဈိမပဋိပဒါ ကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရဟန်းသံဃာတော်နှစ်ပါးအား ဝတ္ထုငွေကျပ် ၂၀၀၀၀ စီ၊ သင်္ကန်းတစ်စုံစီနှင့် ဆန်တစ်အိတ်စီတို့ကို လည်းကောင်း၊ အသက် ၇၀ နှင့်အထက် အဘိုးအဘွား ၄၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အိတ်ဆွဲစောင်တစ်ထည်နှင့် ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ကျေးရွာရှိအိမ်ထောင်စု ၂၆၄ စုတို့အား ငွေကျပ် ၃၅၅၅၀၀၀ တန်ဖိုးရှိ ဆန်များကို လည်းကောင်း ဝေငှလှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုကို မန္တလေးမြို့ မြို့သစ် ၃၊ ၈-၁/၉၄နေ ဦးဟန်လှ-ဒေါ်ညွန့်တင်မိသားစုက မွေးရပ်မြေဇာတိရွာတွင် စတုတ္ထအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ပြီး ကျေးရွာသူကျေးရွာသားများကိုမုန့်ဟင်းခါးအာဟာရဖြင့် ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဖွင့်လှစ်ပေး

**ဆိပ်ဖြူ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ အပြီးဆောင်ရွက်နိုင်ရန်ဝန်ဆောင်မှု (One Stop Shops) ဆောင်ရွက်ပေးနိုင်ရန်အတွက် လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ဦးစီးဌာနများ အလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် စသောရည်ရွယ်ချက်တို့ဖြင့် ပြည်သူ့ဝန်ဆောင်မှု (One Stop Shops)ရုံးကို အောက်တိုဘာ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးဌာနများမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ပေးရခြင်းနှင့် ပြည်သူများအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မောင်တို့က ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို ကြည့်ရှုခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)တွင် ဦးစီးဌာန ၁၀ ခုမှ ဝန်ထမ်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

# မြန်မာကျောက်စာ၊ မွန်ကျောက်စာ၊ ပျူကျောက်စာအခြေခံနှင့် အလယ်အလတ်ဆင့် သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

မြန်မာကျောက်စာ၊ မွန်ကျောက်စာနှင့် ပျူကျောက်စာအခြေခံနှင့် အလယ်အလတ်အဆင့် သင်တန်း အမှတ်စဉ်(၃/၂၀၁၅)သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)ရှိ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)အကြံပေးပညာရှင် ဦးစိန်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ "ဒီသင်တန်းမှာ ကျွန်တော်က မွန်ကျောက်စာအခြေခံပညာ သင်ပေးခဲ့တာပါ။ ကျောက်စာ မှန်သမျှ ဘယ်လိုတန်ဖိုးရှိသလဲဆိုရင် စာပေဆိုင်ရာ အထောက်အထား၊ ယဉ်ကျေးမှုဆိုင်ရာအထောက်အထား၊ ဘာသာစကားဆိုင်ရာ အထောက်အထားတွေရမယ်။ အဲဒါကို လူတွေ ဘယ်လိုရေးခဲ့သလဲ၊ အခုဘယ်သူတွေရေးနေလဲ၊ ဘယ်လိုပြောင်းလဲလာသလဲ၊ ရှေးခေတ်က ဘယ်လိုအဆောက်အအုံတွေ၊ ဘယ်လိုနေထိုင်မှုတွေ၊ ဘယ်လိုဆက်သွယ်ပြောဆိုသုံးနှုန်းတယ်ဆိုတာတွေကို သင်တန်းသား သင်တန်းသူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ဖော်ထုတ်ပေးတဲ့ သင်တန်းဖြစ်ပါတယ်" ဟု ပဲခူးတက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဦးမောင်မောင်ဆွေက ပြောသည်။

"ကျောက်စာဆိုတာ သမိုင်းဝင်အထောက်အထားတွေအဖြစ် တည်ရှိနေတာကြောင့် ပြန်လည်ကြည့်လို့ရတဲ့ အထောက်အထားပစ္စည်းတစ်ခုဖြစ်ပါတယ်။ အခြားသမိုင်းတွေထက်စာရင် ကျောက်စာကိုကြည့်ခြင်းအားဖြင့် သမိုင်းကြောင်းအမှန်ကို ပိုမိုတိကျ သိရှိနားလည်စေပါတယ်။ ဒါကြောင့် ကျောက်စာများနဲ့ကျောက်စာသင်တန်းများကိုလက်ဆင့်ကမ်းခြင်း၊ ပြန်လည်သင်ကြားပို့ချပေးခြင်းအားဖြင့် နိုင်ငံရဲ့သမိုင်းကို အစဉ်တစိုက် ဖော်ထုတ်သွားနိုင်မှာပါ"ဟု သင်တန်းသူတစ်ဦးဖြစ်သူ သရေခေတ္တရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တင်က ပြောသည်။

အဆိုပါသင်တန်းသို့ ရှေးဟောင်းသုတေသနဌာနခွဲများမှ ဝန်ထမ်းများ၊ ယဉ်ကျေးမှုတက္ကသိုလ်ဌာနမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုံဖမ်းကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်း

**သီပေါ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ပုံဖမ်းကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထိုကဲ့သို့ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့် ဒေသခံကျေးလက်နေပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုတို့ကြောင့် သီပေါမြို့နယ် ကျင်သီ၊ ပုံဖမ်း၊ လော်ခွန်၊ နမ့်အွန်၊ ကုန်းညာ၊ ရေပူစမ်း စသည့် ကျေးရွာများအနေဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးပိုင်းတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သဖြင့် ဒေသခံများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်

**ဗန်းမော် နိုဝင်ဘာ ၁**

ဗန်းမော်မြို့နယ် လက်ပန်တန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက ကျေးလက်ရေပေးရေးလုပ်ငန်းကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလက်ပန်တန်းကျေးရွာ ရေပေးရေးလုပ်ငန်းသို့ ဗန်းမော်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့သည် အောက်တိုဘာလ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပြီး ရေပေးရေးလုပ်ငန်းပြီးစီးပါက အိမ်ခြေ ၁၇၄ အိမ်အတွက် သန့်ရှင်းသောသောက်သုံးရေများရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရေကြီးရေလျှံမှုလျော့နည်းစေရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဗဟိုလမ်းနှင့်ပတ္တမြားကြား နှစ်စဉ်ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား) ဌာနမှ ကွန်ကရစ်ရေနုတ်မြောင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေနုတ်မြောင်းပြင်ဆင်ပြီးစီးပြီဖြစ်သဖြင့် နှစ်စဉ် ပတ္တမြား၊ ဗဟိုလမ်း ရေကြီးရေလျှံ ဖြစ်ပေါ်မှုကို လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

**(၃၄၉)**

# လဲချားမြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**လဲချား နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် နံနက် ၇ နာရီမှစ၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ကျင်းပခဲ့ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်နှင့် ပင့်ကျောင်း ၁၃ ကျောင်းမှ သံဃာတော် ၇၇၅ ပါးက ဖောင်တော်ဦးကျောင်းတိုက်မှ စတင်ကြွချီပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် မြို့သူမြို့သားများက ဆွမ်းဆန်စိမ်းများ၊ ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**မေ(ပြန်/ဆက်)**

# ဒေသခံလူငယ်များကို အသက်မွေးဝမ်းကျောင်း သင်တန်းပေး

**ပုသိမ် နိုဝင်ဘာ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီး၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်အောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန်နှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဖြင့် ကျေးလက်ဒေသများမှ လူငယ်များ ပုံမှန်ဝင်ငွေရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းပညာဖြစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး သင်တန်းကို အောက်တိုဘာ ၃၁ ရက်မှ နိုင်ဝင်ဘာ ၁၅ ရက်အထိ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**ဖားကန့် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ယူမာကျေးရွာ ယူမာ အမက (မူလွန်) ကျောင်း ကျောင်းသားမိဘကော်မတီအဖွဲ့က ဦးစီး၍ ဒုတိယအကြိမ် ဝါတွင်းကာလ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက်က ယူမာ အမက(မူလွန်)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ယူမာကျောင်းတိုက်မှ ဦးဉာဏနှင့် မရှိကထောင် ဂျန်ဂတ်ကျောင်းမှ ဦးတေဇနိယ၊ ဦးစိုးနိုင်ဦး(စာရေးဆရာ)၊ ဦးလှမင်း၊ ဦးဇော်လွင်၊ ယူမာကျောင်း (မူလွန်) ဆရာ/ဆရာမများက ဦးဆောင်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး မရှိကထောင်၊ ထုံးဘို၊ စည်ပင်၊ ယူမာကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၁၈၉ ဦးတို့ကို ဝါတွင်းကာလ တနင်္ဂနွေနေ့တိုင်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ရန်ကုန်တောင်ပိုင်းခရိုင် မူကြိုကျောင်းဆောင်သစ်များဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အတွင်းရှိ ပန်းတော၊ အစဲကျေးရွာ၊ တံတားမြို့ မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများကို အောက်တိုဘာ ၂၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ကျောင်းဆောင်သစ်များကို ဖွင့်လှစ်ပေးပြီး ကျောင်းသုံးပစ္စည်း၊ သင်ထောက်ကူပစ္စည်းများ၊ ကစားစရာနှင့်မုန့်များကို နာယကနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ခရိုင်/မြို့နယ် ဥက္ကဋ္ဌများက မူကြိုကလေးငယ်များအား ပေးအပ်ခဲ့သည်။



ယခုဖွင့်လှစ်သည့် ပန်းတော၊ အစဲ၊ တံတားမြို့မူကြိုကျောင်းများကို စုစုပေါင်း တန်ဖိုးငွေကျပ် ၇၂၉ သိန်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများတွင် သားဖွားဆရာမ ၁၁၃ ဦး ခန့်အပ်သွားမည်

**စစ်တွေ နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ရှိသော ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ လစ်လပ်နေသော သားဖွားဆရာမနေရာ များအတွက် စစ်တွေ၊ ပြည်၊ ရန်ကုန်နှင့် မကွေးသူနာပြုနှင့်သားဖွားသင်တန်း ကျောင်းများမှ သင်တန်းဆင်းပြီးသူများကို နိုဝင်ဘာလအတွင်း ၁၁၃ ဦးခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၌ သားဖွားဆရာမ ၈၄၅ ဦးကို ခွင့်ပြုပြီးဖြစ်သော်လည်း လက်ရှိတွင် ၆၆၀ တာဝန်ထမ်းဆောင်လျက်ရှိသည်။ လိုအပ်နေသော ၁၈၅ ဦးတွင် နိုဝင်ဘာလအတွင်း ၁၁၃ ဦး ခန့်အပ်တာဝန်ပေးအပ်ပါက ၇၂ ဦး လစ်လပ်နေမည်ဖြစ်ပေသည်။

သားဖွားဆရာမများသည် ဆရာဝန်များ၊ ကျန်းမာရေးမှူးများမရှိသော ကျေးလက်တောရွာများ၌ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်း၊ မွေးကင်းစကလေး၊ အသက်တစ်နှစ်အောက်၊ သုံးနှစ်အောက်၊ ငါးနှစ်အောက်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနေသည်သာမက အရေးပေါ်လိုအပ်ပါက ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးနေကြသော ကျန်းမာရေးဌာန၏ ရှေ့တန်းတိုက်စစ်မှူးများသဖွယ်ဖြစ်နေကြောင်း သိရသည်။ **ကိုကြီးစော**

# သက်ကြီးပန်းချီပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ရေဆေးအကြည်လှုပ်ရှားမှုအသင်း (ရန်ကုန်)က ဦးဆောင်ပြုလုပ်သော ဒုတိယအကြိမ်မြောက် သက်ကြီးပန်းချီပညာရှင်များ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်က ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာအလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ရေဆေးအကြည်လှုပ်ရှားမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးလှတင်ထွန်း (ပန်းချီလှတင်ထွန်း)က အမှာစကားပြောကြားသည်။

အသင်းအတွင်းရေးမှူး ဦးလှထွန်းအောင် (ပန်းချီလှထွန်းအောင်)က ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အသက် ၈၀ နှင့်အထက် ပန်းချီပညာရှင်ကြီးများကို မျိုးဆက်သစ်ပန်းချီပညာရှင်များက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့်အထက် တန်ဖိုးရှိလှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ထင်ကျော်**

# မိုင်းဆတ်၌ စံကွက်ရိတ်သိမ်းပွဲနှင့် စပါးမျိုးသစ်များမိတ်ဆက်

**မိုင်းဆတ် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မိုးစပါးပုလဲသွယ်စံကွက်ရိတ်သိမ်းပွဲနှင့် မျိုးစေ့လုပ်ငန်းမှ အရည်အသွေးကောင်း စပါးမျိုးလေးမျိုး ကွင်းပြပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက လေယာဉ်ကွင်းအနီး ကွင်းအမှတ် (၈၈/၂)ခရိုင်မိုးစပါး စံပြစိုက်ခင်းဧက ၅၀ ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထားရှိမှုနှင့် စံကွက်ရိတ်သိမ်းမှုအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင်မျိုးစေ့တာဝန်ခံတို့က အရည်အသွေးကောင်း စပါးမျိုးလေးမျိုးကို စိုက်ပျိုးရိတ်သိမ်းမှု၊ အထွက်နှုန်းနှင့်စားသုံးမှု အရည်အသွေးများကို လက်တွေ့ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ စပါးသီးနှံတွင် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားနှင့်ရောဂါကာကွယ်နှိမ်နင်းနည်းတို့ကို ပညာပေးဟောပြောခဲ့သည်။

ထို့နောက် မိုးစပါးပုလဲသွယ်မျိုးစပ်မျိုး စံကွက်ရိတ်သိမ်းပွဲကို ဆက်လက်ကျင်းပရာ တစ်ဧကလျှင် စပါးအစို ၁၆၆ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**ယဉ်ဝင်း(ပြန်/ဆက်)**



# ငွေချည် (၉)ချည်မျှင်ရှည်ဝါ ငါးဧက စံပြကွက်ကွင်းသရုပ်ပြ

**နတ်မောက် နိုဝင်ဘာ ၁**

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) မှ ငွေချည် (၉) ချည်မျှင်ရှည်ဝါကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်က နတ်မောက်မြို့ ဝါးခုတ်ချောင်းမြောက်ဘက် ကွင်းအမှတ် (၇၄၄) ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က ငွေချည် (၆) ချည်မျှင်ရှည်ဝါ၊ ရွှေတောင် (၈) ဝါနှင့် ငွေချည် (၉) ချည်မျှင်ရှည် မျိုးသန့်ဝါတို့၏ သွင်ပြင်လက္ခဏာများနှင့် ဝါပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဝါသီးနှံအရေးပါပုံများ၊ ဈေးကွက်တွင် တောင်သူများ၏ စီးပွားရေးဘဝမြင့်တက်နိုင်မှုများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ဦးစီးမှူးက ငွေချည်(၉) ချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲ ပြုလုပ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၁**

မိတ္ထီလာမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်အစိုးရက ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်ရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းများ တိုးချဲ့ဆွဲထားခြင်း၊ လက်ရှိဓာတ်အားပေးထားသော ဒန်ကြိုးများ၊ ဆွေးမြည့်သစ်သားတိုင်များအား အစားထိုးလဲလှယ်ခြင်းတို့ကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်နိုင်ဝင်းနှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များသို့ သစ်သားတိုင်အစား ကွန်ကရစ်တိုင် စိုက်ထူရာတွင် လျှစ်စစ်လုပ်သားသုံးဖွဲ့ခွဲ၍ လုပ်သား ၄၅ ဦးဖြင့် မြို့ပေါ်ရပ်ကွက်များတွင် အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကျေးလက်ဒေသ ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်

**ပြည် နိုဝင်ဘာ ၁**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သဲကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်က ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရီက လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်

**ဝါးခယ်မ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာ၊ ကလိပ်ကျုံပတုတ်ကျေးရွာ၊ အဂါတ်လက်ပံဝါးတောစုကျေးရွာ၊ ကျေးရွာချင်းဆက်မြေသားလမ်း ၃ မိုင် ၅ ဖာလုံအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်အား ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**



# ရေဘေးသင့်ခဲ့သော ကြက်မွေးမြူရေးလုပ်ငန်းများသို့ ကြက်သားပေါက်များ ဖြန့်ဝေပေးလျက်ရှိ

**ကလေး နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသမှ ရေဘေးကြုံတွေ့ခဲ့သော ကြက်မွေးမြူရေးလုပ်ကိုင်သူများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြက်သားပေါက်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကြက်သားပေါက် ဖြန့်ဝေမှုအခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "ရေဘေးသင့်ခဲ့တဲ့ ကလေးဒေသမှာ ကြက်မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်ရေးအတွက် ကြက်မွေးမြူသူများကို အသားစားကြက်နဲ့ ဥစားကြက်ပေါက်လေးတွေကို တစ်သုတ်ပြီးတစ်သုတ် ဖြန့်ဝေပေးနေပါတယ်။ ဒါအပြင် တိရိစ္ဆာန်အစာတွေလည်း ၇၂ တန် ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ရေဘေးသင့်ကျေးရွာတွေကို သွားရောက်ပြီး ပညာပေးဟောပြောဆွေးနွေးခြင်းနဲ့ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသခြင်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

ကလေးဒေသတွင် ရေဘေးကြောင့် ကျေးရွာ ၂၄ ရွာမှ ကြက်ကောင်ရေ ၉၂၄၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးထံသို့ အသားစား ကြက်ပေါက်ကောင်ရေ ၁၄၄၀၀ ဖြန့်ဝေထားပြီးဖြစ်ကာ ဥစားကြက်ပေါက်များကိုလည်း တစ်ပတ်လျှင် ကောင်ရေ ၆၀၀၀ နှုန်းဖြင့် ကောင်ရေလေးသောင်းနီးပါး ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးဒေသတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ပျက်စီးမှုများကြုံတွေ့ခဲ့ရာတွင် ကြက်မွေးမြူရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သဖြင့် ယခုပြန်လည်ထူထောင်ရေးကာလတွင် ရေဘေးသင့်ကျေးရွာများ၏ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



# ပဉ္စမအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ ကျင်းပမည်

**ညောင်ရွှေ နိုဝင်ဘာ ၁**

အင်းသားလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းတိုင်းရင်းသားများက ညီနောင်တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ပဉ္စမအကြိမ် အင်းသားဆုံစည်းရာနေ့ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်မှ တန်ဆောင်မုန်း လဆန်း ၁ ရက်)အထိ အင်းလေးဖောင်တော်ဦးဘုရားရင်ပြင်၌ ကျင်းပမည် ဖြစ်သည်။



စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့ အခမ်းအနားကို တွေ့မြင်ရစဉ်။

"အင်းသား ဆုံစည်းရာနေ့က တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ဖြစ်ပါတယ်။ ဒီနှစ်မှာ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်ကစပြီး အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ လူငယ်တွေရဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ တေးဂီတဖျော်ဖြေပွဲတွေ၊ ရိုးရာဝတ်စားဆင်ယင်မှုကို အခြေခံတဲ့ ဆန်းသစ်တီထွင်ထားတဲ့ ပိုးထည်၊ ချည်ထည်ဝတ်စုံအလှပြပွဲတွေ၊ Miss Inlay ရွေးချယ်ပွဲတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သီတင်းကျွတ်လကွယ်နေ့မှာ အင်းလေးဒေသလုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှာ အင်းသားရိုးရာရာကျော်လေ့ ၃၅ စင်းကို အင်းရိုးရာတူညီဝတ်စုံနဲ့ ၃၅၀၀ ကျော်က စုရပ်နေရာမှ ဖောင်တော်ဦးဘုရားဆီလှော်ခတ်ပြသခြင်း အခမ်းအနားကို ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နေမျိုးသူရိန်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**ထားဝယ် နိုဝင်ဘာ ၁**

ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးအတွက် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်း(၁/၂၀၁၅)ဆင်းပွဲကို ကျေးရွာမူလတန်းလွန်ကျောင်း၌ အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်ပိုင်နှင့် ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးသိန်းအောင်တို့က အမှာစကားပြောကြားပြီး သင်တန်းသူ ၁၅ ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသူများအားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၉ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ နှစ်လကြာဖွင့်လှစ်ခဲ့ပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူလူထုက စိတ်ဝင်စားမှုရှိကြောင်း၊ အလားတူသင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြီး ယှဉ်ပြိုင်လျက်ရှိ

**မကွေး နိုဝင်ဘာ ၁**

မကွေးခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ခရိုင်ကိုယ်စားပြုအဆင့်မှ တိုင်းဒေသကြီးအဆင့်၊ နိုင်ငံတော်အဆင့်များတွင် ပါဝင်နိုင်ရန် ကြိုးစားယှဉ်ပြိုင်ရေးမှာကြားခဲ့ကာ ပြိုင်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၅နှစ်မှ ၁၀နှစ် အကဖြင့် စတင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲသို့ မကွေးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၁၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြသည်။ မကွေးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၃၁ မှ နိုဝင်ဘာ ၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**





ရေဦးမြို့နယ်အတွင်းရှိ မဲရုံများ၌ အသုံးပြုရန်အတွက် လွှတ်တော်အလိုက် မဲထည့်ရန်မဲပုံးများ၊ တံဆိပ်တုံးများ၊ မဲလက်မှတ်များနှင့်မဲရုံသုံး ဆက်စပ်ပစ္စည်းများကို ရေဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ အောက်တိုဘာ ၃၀ရက်မှ စတင်ထုတ်ပေးလျက်ရှိရာ ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများမှ လာရောက်ထုတ်ယူစဉ်။ သန်းထိုက်(ရေဦး)

# သဘာဝ တရားရိပ်သာသို့ ဆန် ၆၅ အိတ် လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ၁၄၇ လမ်း မိသားစုတို့ စုပေါင်းလှူဒါန်းသည့် တစ်အိတ်လျှင် ၂၄ ပြည်ပါ ဆန် ၆၅ အိတ်ကို ယနေ့နံနက် ၁၀နာရီက သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားအနီးရှိ သဘာဝတရားရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမသာရထံ ရေစက်ချ လှူဒါန်းခဲ့ကြသည်။

**ကိုချစ်**

**အလိမ္မာ စာမှာရှိ**

# အသင်းကြီးတွေ ခက်ခဲဦးမယ့် ချန်ပီယံလိဂ် ပွဲစဉ်(၄)

မိုးမြင့်လင်းလက်



ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)ကို နိုဝင်ဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ရမှတ်လိုအပ်နေတဲ့ အသင်းကြီးတွေအတွက် ခြေကုန်ထုတ်လာဖို့ ရှိနေပြီး အမှတ်လိုအပ်နေတဲ့အသင်းတွေကလည်း ဒီပွဲမှာ အိတ်သွန်ဖာမှောက် စွမ်းဆောင်ရည်မြင့်မြင့်နဲ့ ကစားကြပါလိမ့်မယ်။ ပွဲစဉ်တိုင်းဟာ စိတ်လှုပ်ရှားစရာတွေနဲ့ ပြည့်နေပြီး ရသမြောက်ပြိုင်ဆိုင်မှုတွေနဲ့အတူ ခံစားမှုအသစ်တွေကို ပရိသတ်တွေအတွက် ဆောင်ကြဉ်းပေးဦးမယ်ဆိုတာ သေချာနေပါတယ်။

**မန်ယူနှင့် CSKA မော်စကို**

အုပ်စု(B)မှာ မန်ယူတို့ သုံးပွဲကစားပြီး လေးမှတ်ရကာ ဒုတိယနေရာမှာ ရှိနေပါတယ်။ CSKA မော်စကိုတို့ကလည်း လေးပွဲကစားပြီးချိန်မှာ လေးမှတ်ရပြီး ဂိုးကွာခြားချက်နဲ့ တတိယနေရာမှာ ရပ်တည်နေတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲဖြစ်နေပါတယ်။ တိုက်စစ်၊ ခံစစ် တူညီနေတဲ့ နှစ်သင်းဖြစ်ပြီး ပထမအကျော့ CSKA ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ မန်ယူတို့ အခွင့်သာမယ့်အလှည့်ဖြစ်နေပါတယ်။ အကြိုက်က မန်ယူဖြစ်ပြီး ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်ပွဲရရှိသွားနိုင်ပါတယ်။

**ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီ**

အုပ်စု(A)မှာ သုံးပွဲကစားပြီးချိန်မှာ ပေးဂိုးမရှိ ရမှတ်တူနေတဲ့ နှစ်သင်းမို့ ဒီပွဲကတော့ ပြိုင်ဆိုင်မှု မြိုင်မြိုင်ဆိုင်ဆိုင်ရှိမယ့် ပွဲပါပဲ။ နှစ်သင်းစလုံး ခံစစ်ပိုင်းတောင့်တင်းခိုင်မာတဲ့ အနေအထားရှိပြီး တိုက်စစ်အားမှာတော့ ရီးရဲမက်ဒရစ်တို့က အားသာမှုရှိနေပါတယ်။ ပီအက်စ်ဂျီကွင်းမှာ ပထမအကျော့ ကစားတဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ ဒီပွဲမှာ အားထုတ်မှုတွေက အမြင့်ဆုံးဖြစ်လာမှာပါ။ အခုတစ်လော ကစားခဲ့တဲ့ပွဲတွေမှာ ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်နေတဲ့ ရီးရဲမက်ဒရစ်ကစားအားကို ဒီပွဲမှာ နှစ်သက်မိတာက အမှန်ပါ။

**အက်စ်တာနာနှင့် အက်သလက်တီကို**

အုပ်စု(C)မှာ သုံးပွဲကစားပြီး တစ်မှတ်သာရရှိထားတဲ့ အက်စ်တာနာတို့ ဒီပွဲမှာ မျှော်လင့်ချက်ထားဖို့ မဖြစ်နိုင်ပါဘူး။ အက်သလက်တီကိုတို့က သုံးပွဲ ကစားပြီးချိန်မှာ ခြောက်မှတ်ရရှိနေပြီး ခံစစ်ပိုင်းကလည်း အကောင်းဆုံးအနေအထားရှိနေပါတယ်။ ပထမအကျော့ အက်သလက်တီကို ကွင်းမှာ အိမ်ရှင်တို့ လေးဂိုးပြတ်နိုင်ထားတာမို့ အခုပွဲ အက်စ်တာနာကွင်းမှာ ဆိုပေမယ့် ဧည့်သည်တို့ပဲ ရမှတ်အပြည့် သိမ်းကျုံးယူသွားဦးမှာပါ။

**ရှက်တာဒိုးနက်နှင့် မယ်လ်မို**

အုပ်စု(A)မှာ မယ်လ်မိုက သုံးပွဲကစားပြီး တစ်ပွဲနိုင် သုံးမှတ်ရရှိထားပေမယ့် ရှက်တာဒိုးနက်တို့က နိုင်ပွဲ တစ်ပွဲမှ မရသေးပါဘူး။ ပထမအကျော့မယ်လ်မိုကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာ ရှက်တာဒိုးနက်တို့အလှည့် ဖြစ်သွားနိုင်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ရှက်တာဒိုးနက်ကို ယုံကြည်မှုပေးရမယ့်ပွဲပါ။

**ပီအက်စ်ဗွီနှင့် ဝုဖ်ဘတ်**

အုပ်စု(B)မှာ ပီအက်စ်ဗွီတို့ သုံးပွဲကစား သုံးမှတ်ရနေပြီး ဝုဖ်ဘတ်တို့က သုံးပွဲကစား ခြောက်မှတ်ရရှိထားကာ အုပ်စုကို ဦးဆောင်နေပါတယ်။ ဝုဖ်ဘတ်တို့က ပထမအကျော့ အိမ်ကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ထားတာမို့ အခုပွဲမှာ ရှုံးကြွေးပြန်ချေနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အခုတလော ပီအက်စ်ဗွီရဲ့ အိမ်ကွင်းခြေစွမ်းက ကောင်းမွန်နေတာမို့ အိမ်ရှင်တို့ အောင်ပွဲခံမယ့် အခြေအနေရှိပါတယ်။

**ဘင်ဖီကာနှင့် ဂါလာတာစာရေး**


အုပ်စု(C)မှာ ဘင်ဖီကာတို့ သုံးပွဲကစား ခြောက်မှတ်ရနေပြီး ဂါလာတာစာရေးတို့က လေးမှတ်ရရှိထားပါတယ်။ ပထမအကျော့ ဂါလာတာစာရေးကွင်းမှာ အိမ်ရှင်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ ဘင်ဖီကာတို့ ခြေကုန်ဖွင့်ကစားတော့မှာဖြစ်ပါတယ်။ ဘင်ဖီကာရဲ့ အခုတလော အိမ်ကွင်းရလဒ်က နိုင်ပွဲတွေ ဆက်တိုက်ရရှိနေတာမို့ ဘင်ဖီကာဟာ အခုပွဲမှာ ရလဒ်မပြတ်ပေမယ့် ကပ်ပြီး အောင်ပွဲခံသွားနိုင်ပါတယ်။

**ဆီဗီလာနှင့် မန်စီးတီး**

အုပ်စု(D)မှာ မန်စီးတီးတို့က သုံးပွဲကစား ခြောက်မှတ်ရရှိနေပြီး ဆီဗီလာတို့က သုံးမှတ်ရရှိထားပါတယ်။ ပထမအကျော့ မန်စီးတီးကွင်းမှာ ဆီဗီလာတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ ဒီပွဲမှာ နိုင်ပွဲဖော်ဆောင်ဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဆီဗီလာရဲ့ အိမ်ကွင်း စွမ်းဆောင်မှုက မြင့်မားနေပြီး ဂိုးပြတ်သွင်း အောင်ပွဲခံနေတာကြောင့် မန်စီးတီးတို့ နိုင်ရင်တောင် ရလဒ်မပြတ်သားပါဘူး။ သရေကျဖို့ များနေတဲ့ပွဲပါပဲ။

**မိုချန်ဂလာဘတ်နှင့် ဂျူဗင်တပ်စ်**

အုပ်စု(D)မှာ ဂျူဗင်တပ်စ်တို့ သုံးပွဲကစားပြီး ခုနစ်မှတ်ရရှိကာ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ မိုချန်ဂလာဘတ်တို့ကတော့ တစ်မှတ်ပဲရရှိထားလို့ မျှော်လင့်ချက်ဝေးနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ပထမအကျော့ ဂျူဗင်တပ်စ်ကွင်းမှာ ဂိုးမရှိ သရေပွဲကစားထားတဲ့ မိုချန်ဂလာဘတ်ရဲ့ ခြေစွမ်းက လျှော့တွက်လို့ မရပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်ကလည်း အနိုင်ပဲ ရယူမှာမို့ မိုချန်ဂလာဘတ်ရဲ့ အိမ်ကွင်း စွမ်းဆောင်ရည်မြင့်မားမှုက ချေဖျက်နိုင်မလား ကြည့်ရမှာပါ။ အကြိုက်က အိမ်ရှင်တို့ပဲ ဖြစ်ပါတယ်။ ။



## မော်ရင်ဟိုကို အလုပ်ဖြုတ်လျှင် ချယ်လ်ဆီးအခြေအနေ ဆိုးရွားသွားနိုင်

ချယ်လ်ဆီးအသင်းအနေနဲ့ ရလဒ်တွေ ဆိုးရွားနေတဲ့အတွက် ဝေဖန်မှုတွေနဲ့ ဆက်တိုက်ကြုံတွေ့နေရပါတယ်။ ပရီမီယာလိဂ်မှာ ရှုံးပွဲတွေဆက်နေတဲ့အပြင် ကက်ပီတယ်ဝမ်းဖလားမှာလည်း ပြိုင်ပွဲမှလည်း ကံမကောင်းစွာနဲ့ ထွက်ခဲ့ရပါတယ်။ လာမယ့်ပွဲတွေမှာ ရှုံးပွဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့အတွက် ချယ်လ်ဆီးက မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အသင်းပိုင်ရှင်အေဘရာမိုဗစ်ကိုယ်တိုင်က မော်ရင်ဟိုကို အလုပ်မဖြုတ်ဖို့ ထောက်ခံထားတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း မော်ရင်ဟိုဟာ အလုပ်မပြုတ်ပဲ ယခုထက်ကို တည်မြဲနေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ မော်ရင်ဟိုကို အလုပ်ဖြုတ်လိုက်မယ်ဆိုရင် ချယ်လ်ဆီးအသင်းရဲ့ လက်ရှိအခြေအနေဟာ ပိုပြီးဆိုးရွားသွားနိုင်တယ်လို့ မော်ရင်ဟိုနဲ့ နီးစပ်တဲ့သူတွေက ဆိုပါတယ်။ ကျွန်တော်ဟာ ချယ်လ်ဆီးမှာ အောင်မြင်ခဲ့တဲ့ နည်းပြတစ်ဦးပါ။ ကျွန်တော့်ကိုသာ အလုပ်ဖြုတ်လိုက်မယ်ဆိုရင် အသင်းရဲ့အခြေအနေဟာ လက်ရှိအခြေအနေထက်ပိုပြီး ဆိုးရွားသွားနိုင်ပါတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်းအနေဖြင့် ဇယား ၁၅ နေရာတွင် ရောက်ရှိနေပြီး လာမယ့်ပွဲတွေမှာ အရှုံးပွဲတွေနဲ့ရင်ဆိုင်ရမယ်ဆိုရင်တော့ မော်ရင်ဟိုရဲ့ အနာဂတ်က သေချာတော့မှာ မဟုတ်ပါဘူးလို့ ချယ်လ်ဆီး တာဝန်ရှိသူတွေက ဆိုပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

## ဘာစီလိုနာသို့ ပြောင်းရွှေ့ဖွယ်ရှိနေတဲ့ ပေါ့ဂ်ဘာ

ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ဥရောပ ထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာဟာ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့နိုင်ကြောင်း သူ့ရဲ့အေးဂျင့်က ဆိုပါတယ်။ သို့ပေမယ့် ဒီပြောင်းအရွှေ့က ဇန်နဝါရီလအတွင်းမှာ ဖြစ်နိုင်ပါတယ်လို့လည်း အေးဂျင့်မီနိုရိုင်ယိုလာက ဆိုပါတယ်။ ဂျူဗင်တပ်စ်အနေနဲ့ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ယခုနှစ်အတွင်း ပေါင် ၆၁ သန်းနဲ့ ရောင်းချနိုင်တယ်လို့ ဆိုပါတယ်။ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာဟာ ဂျူဗင်တပ်စ်ကို ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်အောင် အဓိကဂိုးတွေ သွင်းယူပေးနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဘာစီလိုနာကလည်း ပေါ့ဂ်ဘာကို စာချုပ်ချင်နေတယ်လို့ဆိုပါတယ်။ ပေါ့ဂ်ဘာဟာ ဂျူဗင်တပ်စ်အသင်းကို စီးရီးအေဖလား နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်အောင်လည်း အဓိက ကြိုးစားပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ပေါ့ဂ်ဘာကိုလာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီမှာ အရခေါ်ယူသွားမယ့်အနေအထားရှိပါတယ်။

## ဘိုင်ယန်မြူးနစ်နဲ့အတူ ဆက်ရှိနိုင်တဲ့ ဂွာဒီယိုလာ



ဘိုင်ယန်မြူးနစ် နည်းပြ ဂွာဒီယိုလာဟာ အသင်းနဲ့အတူ ဆက်လက်ရှိနေပါတယ်။ ဂွာဒီယိုလာနဲ့ ဘိုင်ယန်မြူးနစ်တို့ရဲ့ လက်ရှိစာချုပ်ဟာ တစ်နှစ်သာ ကျန်ပါတော့တယ်။ မကြာသေးမီက ပရီမီယာလိဂ်သို့ ပြောင်းရွှေ့နိုင်တယ်လို့ ထင်ကြေးပေးခဲ့မှုတွေအပေါ် တုံ့ပြန်တဲ့အနေနဲ့ ဂွာဒီယိုလာကသူ့အနေနဲ့ ဘိုင်ယန်မြူးနစ်နဲ့ပဲ ဆက်လက်စာချုပ်နိုင်ဖို့ရှိတယ်လို့ ဆိုပါတယ်။ စပိန်နိုင်ငံသား နည်းပြ ဂွာဒီယိုလာ ကိုမန်စီးတီးက ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ထားတယ်လို့ ဂွာဒီယိုလာရဲ့ နည်းပြဟောင်း အောက်တမာဟစ်ဇာဖီးလ်က ဆိုပါတယ်။ ဂွာဒီယိုလာကို အနည်းဆုံး စာချုပ်သက်တမ်း တစ်နှစ်တိုး ချုပ်သွားမယ်လို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်က ဂွာဒီယိုလာကို ကာလတို စာချုပ်နိုင်တယ်လို့ ဆိုပါတယ်။ ဂွာဒီယိုလာဟာ ဘိုင်ယန်မြူးနစ်မှာ အောင်မြင်တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။

# သနပ်ခါးတန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**အရာတော် နိုဝင်ဘာ ၁**

မုံရွာခရိုင် အရာတော်မြို့နယ်၌ သနပ်ခါးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအဖွဲ့ တည်ထောင်ပြီး သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုဖြင့် အသေးစား ကုန်ထုတ်လုပ်ငန်းများအတွက် အရင်းအနှီးရရှိရေး နည်းပညာထောက်ပံ့နိုင်ရန် ကုန်ကြမ်းမှသည် ကုန်ချောဖြစ်ပေါ်စေပြီး ပြည်တွင်းမှတစ်ဆင့် ပြည်ပသို့ တင်သွင်းပေးပို့နိုင်ရန် သနပ်ခါးကို အလှကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးကုန်ချောထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှု၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တို့၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂၇ ရက်က အရာတော်မြို့ ပိတောက်ပင်ကျောင်းတိုက်ဓမ္မာရုံ၌ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်နှင့် အလှကုန်ပစ္စည်း၊ တိုင်းရင်းဆေးကုန်ချောထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ကော်မတီအတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်း တက်ရောက်ပြီး အမှာစကား ပြောကြားရာတွင် အရာတော်မြို့နယ်သည် သနပ်ခါးကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နေသော ကျေးရွာအုပ်စု ၁၂ စုမှ သနပ်ခါးစိုက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်ကို တွေ့ရှိနိုင်ကြောင်း၊ သနပ်ခါးကို စိုက်ပျိုးထုတ်လုပ်မှုရောင်းချနေကြသော ပြည်သူများအနေဖြင့် သဘာဝအရင်းအမြစ်ကို အားကိုးပြီး ကုန်ကြမ်းအတိုင်း ရောင်းချနေကြရတဲ့ အနေအထားကနေ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ပြီး ဈေးကွက်ဈေးနှုန်း ပိုမိုရရှိစေရန်အတွက် သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းကို ဖွင့်လှစ်ပေးတာဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက်ကော်မတီအဖွဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမိုးအောင်ကျော်က သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။



မြို့နယ်အတွင်းရှိ သင်တန်းသားများနှင့်အတူ သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာပေး သင်တန်းကို စိတ်ပါဝင်စားစွာဖြင့် ရန်ကုန်ကပါ လာရောက်သင်ယူတက်ရောက်လျက်ရှိကြောင်း သိရှိရပြီး စုစုပေါင်း သင်တန်းသား ၆၅ ဦးအား သိပ္ပံနည်းပညာဌာနက ပညာရှင်များက သနပ်ခါးမှတစ်ဆင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုမျိုးစုံနှင့် စစ်ဆေးမှုအဆင့်နှင့် ကုန်ချောဈေးကွက်ဝင်ပါကင်ထုတ်လုပ်မှုများပါ အသေးစိတ်တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဟု အရာတော် သနပ်ခါးအသင်းအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မိတ္ထီလာအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများကြည့်ရှုစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁**

မိတ္ထီလာမြို့ရှိ အကျဉ်းထောင်နှင့်ရဲစခန်းအချုပ်ခန်းများတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများနှင့် ပြစ်မှုစစ်ဆေးဆဲ အချုပ်သူ အချုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အကျဉ်းသားအခွင့်အရေးရရှိနေမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးသောင်းညွန့်နှင့် မိတ္ထီလာခရိုင်တရားသူကြီး ဦးဇော်ထူးတို့က အောက်တိုဘာ ၃၀ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာအကျဉ်းထောင် တာဝန်ခံအရာရှိဦးခင်မောင်ထွန်းက အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများနှင့် ပြစ်မှုစစ်ဆေးဆဲ အချုပ်သူ အချုပ်သားများစာရင်း၊ ကျန်းမာရေးနှင့် စားသောက်နေထိုင်ရေးဆောင်ရွက်ထားရှိပေးမှုအခြေအနေများကို တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တရားလွှတ်တော်တရားသူကြီးက မိတ္ထီလာအကျဉ်းထောင်အတွင်း အကျဉ်းသားများအား ထောင်ဝင်စာတွေ့မှု၊ အစားအသောက် ချက်ပြုတ်ကျွေးမွေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများကို အကျဉ်းသားများနေထိုင်ရာ အဆောင်များတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် မြို့မရဲစခန်းနှင့် အမှတ်(၂)ရဲစခန်းတို့တွင်လည်း အချုပ်သားများအား ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နိုင်ငံတော်ဓာတ်အားလိုင်းမှ ဓာတ်အားသွယ်တန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

**လိပ်သို နိုဝင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ဓာတ်အားရယူဖြန့်ဖြူးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်၍ (JICK)အစီအစဉ်ဖြင့် မီးသွယ်တန်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လိပ်သိုမြို့တွင် ၂၄ နာရီမီးလင်းရေးအတွက် တောင်ငူ-သံတောင်ကြီး ၃၃ ကေဗွီဓာတ်အားလိုင်းမှ ဓာတ်အားလိုင်းအရှည် ၃၀ မိုင်ကိုဆွဲ၍ မီးသွယ်တန်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဓာတ်အားလိုင်းဆွဲခြင်းအပြင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံနှင့် ၁၁/၀.၄ ကေဗွီ၊၂၀၀ ကေဗွီအေဓာတ်အားခွဲရုံ ငါးရုံတည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြို့တွင်းသို့ ယခင်က မီးစက်ဖြင့် မီးပေးရာတွင် အသုံးပြုခဲ့သည့် သစ်သားဓာတ်တိုင်ကိုလည်း ကရင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် စံချိန်မီ ဓာတ်ကြိုးလိုင်း များ လဲလှယ်သွယ်တန်းမှုကို တော်ဝင်ခေတ်ကြိုက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လိပ်သိုမြို့တွင် ဒီဇယ်သုံးမီးစက်ဖြင့် ၁၉၆၉ ခုနှစ်မှစတင်၍ ဓာတ်အားပေးခဲ့ပြီး လက်ရှိ ၁၀၀ ကေဗွီအေမီးစက်ဖြင့် မီးပေးလျက်ရှိရာ ဓာတ်အားသုံးစွဲမှုမြင့်တက်လာသောကြောင့် ဒေသခံပြည်သူများမှာ ဓာတ်အားလုံလောက်ခြင်းမရှိဘဲ စိစစ်သုံးစွဲနေရကြောင်း သိရသည်။ နိုင်ငံတော်ဓာတ်အားလိုင်းမှ ၂၄ နာရီ မီးသုံးစွဲခွင့်ရပါက ဒေသခံပြည်သူများအနေဖြင့် လက်ရှိလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများအပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းများလည်း ပို၍ တိုးတက်လာမည်ဖြစ်ကြောင်း လိပ်သိုမြို့နယ် လျှပ်စစ်မှူး ဦးချစ်ကိုက ပြောသည်။ ဓာတ်အားလိုင်းများ သွယ်တန်းမှုကို လိပ်သိုမြို့သာမက ပတ်ဝန်းကျင်ကျေးရွာများသို့လည်း တိုးချဲ့ဖြန့်ဖြူးသွားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# ဥရောပသမဂ္ဂ(အီးယူ)ကော်မရှင်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေး

**သံဖြူဇရပ် နိုဝင်ဘာ ၁**

ဥရောပသမဂ္ဂ(အီးယူ)ကော်မရှင်မှ မက်စ်ဇမ်ဖီလန်ဒရော့ဗ်သည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များအား အောက်တိုဘာ ၃၀ ရက်က လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မစ္စတာမက်စ်ဇမ်ဖီလန်ဒရော့ဗ်က အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ခွင့်ပြုချက်ဖြင့် သံဖြူဇရပ်မြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်လိုကြောင်း။ အီးယူကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ချမှတ်ထားသည့် စည်းမျဉ်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီးနောက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးအချို့တွင် ကြိုတင်ဆန္ဒမဲပေးနေမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွေးရီနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲများသင်တန်းဆင်း



**ရမည်းသင်း နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် ဖွင့်လှစ်ခဲ့သော သင်တန်းဆင်းပွဲကို ရမည်းသင်းမြို့ သီလဝခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးမြင့်ဝင်းက သင်တန်းဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။ ထို့နောက် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်စိုးက အထူးရဲများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၄၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ကျေးရွာချင်းဆက်ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်ပြီးစီး

**တွံတေး နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာအရှေ့ပိုင်းနှင့် အနောက်ပိုင်းကြားရှိ ဇီးဖြူကုန်းချောင်းကို ဖြတ်သန်းသည့်တံတားကို ဒေသခံပြည်သူများက ကိုယ်အားကိုယ်ကိုးတည်ဆောက်ပြီးစီးခဲ့သဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဇီးဖြူကုန်းကျေးရွာသည် ချောင်းအရှေ့ဘက်အခြမ်းတွင် အိမ်ခြေ ၄၀၀ ခန့်နှင့် အနောက်ဘက်ခြမ်းတွင် အိမ်ခြေ ၃၀၀ ခန့်ရှိပြီး လူဦးရေ ၃၀၀၀ ခန့် နေထိုင်ကြကာ တံတားမတည်ဆောက်မီက ချောင်းတစ်ဖက်နှင့်တစ်ဖက်ကို စက်လှေ၊ လှေများဖြင့်ကူးဖြတ်ခဲ့ရသဖြင့် သွားလာရေးခက်ခဲခဲ့သည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် ကျေးရွာအုပ်ချုပ်မှူး၊ ကျေးရွာအထောက်ကူပြုကော်မတီ၊ ရပ်မိရပ်ဖများနှင့် စေတနာရှင်အလှူရှင်များက အရှည်ပေ ၁၈၀၊ အကျယ်ခြောက်ပေ၊ အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်းငွေကျပ်သိန်း ၄၂၀ ခန့်အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်တံတား တည်ဆောက်ပြီးစီးသွားသဖြင့် ဇီးဖြူကုန်းကျေးရွာ အရှေ့ဘက်ခြမ်းနှင့် အနောက်ခြမ်းအပြင် တံခွန်တိုင်၊ လေးအိမ်စု၊ ရွှေကသစ်ကျေးရွာများသို့ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး တစ်ဖက်တွင် သဝန်းတော၊ မဒိုင်း၊ လှိုင်သာယာ၊ တွံတေး၊ ရန်ကုန်၊ မအူပင်အထိ အလွယ်တကူသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ဗိုလ်စိန်မှန် သီတဂူအထောက်အကူပြုအဖွဲ့ ဆွမ်းလောင်းအောင်ပွဲအဖြစ် သီလရှင်များအား ဆွမ်းလောင်းလှူ

**ရန်ကုန် နိုဝင်ဘာ ၁**

ဗိုလ်စိန်မှန် သီတဂူသာသနာပြုအဖွဲ့က ဦးစီးကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် ဝါတွင်းစုပေါင်းအရဏ်ဆွမ်းအလှူတော် အောင်ပွဲအထိမ်းအမှတ်အဖြစ် စာဝါသင်ကြားပို့ချလျက်ရှိသည့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၄၀၀ ကျော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၃၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၄၁ တိုက်မှ သံဃာတော်အပါး ၅၇၀ ကျော်ကို ဝါတွင်းကာလတစ်လျှောက်လုံး အပတ်စဉ် ဆွမ်း၊ ဆွမ်းဟင်းနှင့် အရည်သောက်အပါအဝင် အရဏ်ဆွမ်းများကို စုပေါင်းကောင်းမှုဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဆွမ်းအတွက် သံဃာတော်တွေမှာ ဖူလုံအောင် ရန်ကုန်တစ်မြို့လုံးက လောင်းလှူကြပေမယ့် သာသနာ့နွယ်ဝင် သီလရှင်တွေကိုတော့ ဆွမ်းဆန်စိမ်းလှူဒါန်းတာ ရှားပါးပါတယ်။ ဒါကြောင့် သီလရှင်တွေကို ဆွမ်း၊ ဆွမ်းဆန်စိမ်းနဲ့ လှူဖွယ်တွေ လောင်းလှူရခြင်းဖြစ်ပါတယ်"ဟု ဗိုလ်စိန်မှန် သီတဂူ အထောက်အကူပြုအဖွဲ့မှ လူငယ်ခေါင်းဆောင် ကိုကျော်ကျော်ထူးက ပြောသည်။

သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် အလှူရှင်များက ဆန်၊ ဆီ၊ ဆားနှင့် တန်ဖိုးကျပ် သိန်း ၅၀ ခန့်ရှိ အခြားအလှူပစ္စည်း အမျိုး ၃၀ နှင့် အလှူငွေကျပ်သိန်း ၃၀ တို့ကို စာသင်တိုက်များဖြစ်သည့် သတ္တနိမ္မိတာရုံ၊ မြန်အောင်၊ ခေမာရာမ၊ မော်လမြိုင်၊ ကျောက်တန်း၊ မဟာပညာရာမ၊ ဟင်္သာတ၊ ဓမ္မဇောတိ၊ သာရဝေါနှင့် အောင်သိဒ္ဓိကျောင်းတိုက်များသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဗုဒ္ဓအမွေအနှစ်များနှင့် ဘုရားဖူးဆိုင်ရာခရီးစဉ်ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဖရင့် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ မြို့ပြလေကြောင်းနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့က ကြီးမှူး၍ ဒါကာမြို့၌ အောက်တိုဘာ ၂၇ နှင့် ၂၈ ရက်က ကျင်းပခဲ့သော တောင်အာရှဒေသရှိ ဗုဒ္ဓဘာသာဝင်များ၏ အချက်အချာဒေသတွင် ဗုဒ္ဓဘာသာအမွေအနှစ်များနှင့် ဘုရားဖူးဆိုင်ရာ ခရီးစဉ်လမ်းကြောင်းများဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဖရင့်သို့ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ဦးဆောင်သောအဖွဲ့ တက်ရောက်ခဲ့သည်။

ကွန်ဖရင့်ကို ကဏ္ဍ(၄)ရပ်နှင့် အဖွဲ့ငယ်သုံးဖွဲ့ခွဲ၍ ကျင်းပခဲ့ပြီး တောင်အာရှဒေသတွင် ဗုဒ္ဓဘာသာဆိုင်ရာနိုင်ငံများပါဝင်သော ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်လမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ရေး ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍနှင့်ပံ့ပိုးဆောင်ရွက်ရမည့် အစီအစဉ်များ၊ ပုဂ္ဂလိက ခရီးသွားကုမ္ပဏီများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လက်တွေ့ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းများကို လမ်းကြောင်းပြမြေပုံများ ပြင်ဆင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




အဖွဲ့လိုက်ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိသော ခရီးစဉ်ဒေသများကိုစုစည်း၍ ခရီးစဉ်များ မြှင့်တင်ကြော်ငြာခြင်း၊ မဟာမဲခေါင်ဒေသခွဲတွင် ဆောင်ရွက်နေသော ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးသည်။

ကွန်ဖရင့်နိဂုံးအစီအစဉ်ဖြစ်သည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ ရှုမြင်သုံးသပ်ခြင်းအစီအစဉ်၌ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ကွန်ဖရင့်မှ ပညာရှင်များဆွေးနွေးသော အတွေ့အကြုံကောင်းများရရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်၍ တောင်အာရှနိုင်ငံများနှင့် ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွန်ဖရင့်သို့ တောင်အာရှနိုင်ငံများဖြစ်ကြသော ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများမှ အတွင်းရေးမှူးများတက်ရောက်ခဲ့ကြပြီး ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ တက္ကသိုလ်များနှင့် ယူနက်စကိုမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ကွန်ဖရင့်မှ ရှေ့လုပ်ငန်းစဉ်များအဖြစ် တောင်အာရှဒေသရှိ ဗုဒ္ဓဘာသာဝင်နိုင်ငံများစုစည်း၍ ဘုရားဖူးဆိုင်ရာ ခရီးစဉ်လမ်းကြောင်းများရေးဆွဲခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ ကွန်ဖရင့်ကို နှစ်စဉ်ကျင်းပနိုင်ရေးဆက်လက်ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ဂျပန်နိုင်ငံ၏ ထိပ်တန်းအမှတ်တံဆိပ် ကုန်ပစ္စည်း ကြိုက်နှစ်သက်သူများအနေဖြင့် တစ်နေရာတည်းတွင် ဝယ်ယူနိုင်ရေးနှင့် ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများကို သိရှိလိုသူများ၊ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူများအနေဖြင့်လည်း တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရေး ရည်ရွယ်၍ Myanmar Promotional Services(MPS) ကုမ္ပဏီလီမိတက်၏ စီစဉ်မှုနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ ပံ့ပိုးမှုဖြင့် ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲ -၂၀၁၅ (Japan Expo-2015 )ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# ချည်မျှင်ရှည်ဝါမျိုးသစ်များ တောင်သူပညာပေးကွင်းသရုပ်ပြ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ဝါစိုက်တောင်သူများအား မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးအထွက်တိုးဝါမျိုးသစ်များဖြစ်သည့် ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါများ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)က ကြီးမှူး၍ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

စိတ္တိန်းကျေးရွာအုပ်စုကွင်းအမှတ်(၁၈၆၆)၌ စိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးအထွက်တိုး ဝါမျိုးသစ်များဖြစ်သည့် ရွှေတောင်(၈) ၁ ဒသမ ၅ ဧကနှင့် ငွေချည်(၉) ၁ ဒသမ ၅ ဧက စိုက်ခင်းများ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ခရိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါခင်က ဝါမျိုးသစ်များ၏ ထူးခြားကောင်းမွန်သည့် လက္ခဏာရပ်များ၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့် ဝါသီးနှံတွင်ကျရောက်တတ်သော ရောဂါပိုးမွှားများအကြောင်းတို့ကို တောင်သူများအား အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူးများဖြစ်ကြသည့် ဦးညဏ်ကျော်နှင့်ဒေါ်ဇင်မာဦးတို့က ပိုးမွှားမှတ်တမ်း ကင်းထောက်ရယူနည်းများကို တောင်သူများအား လက်တွေ့သရုပ်ပြခဲ့ကြပြီး အဆိုပါ တောင်သူပညာပေးကွင်းပြပွဲသို့ စိတ္တိန်းကျေးရွာအုပ်စုမှ ဝါစိုက်တောင်သူ ၇၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နေအောင်**(iprd)

# ရေကြီးမှုကြောင့် ပျက်စီးသွားသော နန့်ခင့်-အင်းတော် ချောင်းကူးတံတား ပြန်လည်တည်ဆောက်ပြီးစီး

**အင်းတော် နိုဝင်ဘာ ၁**

ရေကြီးမှုကြောင့် ပျက်စီးသွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာနှင့် အင်းတော်မြို့ဆက်သွယ်သည့် နန့်ခင့်-အင်းတော်ချောင်းကူးတံတားကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်က တည်ဆောက်ပြီးစီးခဲ့သဖြင့် ဒေသခံများအတွက် ဆက်သွယ်သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားကို နန့်ခင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၈ ရက်က နေ့စဉ်လုပ်သားအင်အား ၁၂၀ ခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်နေ့တွင် တံတားတည် ဆောက်မှု ပြီးစီးခဲ့သည်။ ယင်းတံတားကို သစ်သားတိုင် ၃၄ တိုင်နှင့် သစ်သားရက်မ၊ သစ်သား ကြမ်းခင်းများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတား အရှည်မှာ ၁၈၇ ပေ၊ အကျယ် ၉ ပေ၊ အမြင့် ၁၂ ပေရှိပြီး ငွေကျပ် ၇၅ သိန်း အကုန်ခံကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



တံတားအသစ် ပြန်လည်တည်ဆောက်ပြီးစီးသွား၍ နန့်ခင့်ကျေးရွာရှိ အိမ်ခြေ၁၅၀၊ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၇၇၈ ဦးတို့၏ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရွေးကောက်ပွဲတွင်တာဝန်ထမ်းဆောင်မည့် အထူးရဲများသင်တန်းဆင်း

**ကျောက်တံခါး နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲများအတွက် ဖွင့်လှစ်ပို့ချခဲ့သော သင်တန်းဆင်းပွဲကို မြို့နယ်စည်ပင်သာယာခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်ကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်က အထူးရဲများအနေဖြင့် ယခုသင်တန်းမှပို့ချပေးလိုက်သော ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာများဖြင့် တာဝန်ကျနေရာမဲရုံများတွင် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောက်တံခါး တစ်မြို့နယ်လုံးတွင် မဲရုံပေါင်း ၂၀၂ ရုံရှိပြီး ပါတီရှစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်ကြောင်း၊ တစ်မြို့နယ်လုံးမှ မဲပေးခွင့်ရှိသူ ပြည်သူတစ်သိန်းရှစ်သောင်းကျော်အနေဖြင့် မိမိကြိုက်နှစ်သက်ရာပါတီများကို လွတ်လပ်စွာနှင့် စိတ်အေးချမ်းသာစွာမဲပေးနိုင်ရေးအတွက် အထူးရဲ ၂၀၂ ဦးက လုံခြုံရေးတာဝန်များကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ ထို့နောက် သင်တန်းတွင် စစ်ရေးပြအကောင်းဆုံးဆုနှင့် စာပေဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# ကြယ်လေးပွင့်အဆင့်မီ ဟိုတယ်နှင့် ရုံးခန်းများတည်ဆောက်ရေး ဒေသခံများနှင့်တွေ့ဆုံရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းကုန်သေတ္တာနှင့် အထွေထွေဆိပ်ကမ်းကုန်စည်ဝင်းရှိ မြေဧက အကျယ် ၁ ဒသမ ၃၆၆ ဧကအတွင်း ကြယ်လေးပွင့် အဆင့်မီ ဟိုတယ်နှင့် ရုံးခန်းများတည်ဆောက်မည့် အစီအစဉ်နှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများ ရှိ/မရှိ စစ်တမ်း ကောက်ယူရေးအစီအစဉ်နှင့် ပြည်သူလူထုထံ ချပြဆွေးနွေးပွဲကို အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ဟိုတယ်နှင့် ရုံးခန်းအဆောက်အအုံများကို ကောင်းကျော်ဝေ အင်ဂျင်နီယာ ကုမ္ပဏီလီမိတက်က ကြီးကြပ်၍ Lighting Specialist ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု ကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် NGO အဖွဲ့အစည်းများ၊ ရပ်ကွက်(၁၁)ခုမှ အုပ်ချုပ်ရေးမှူးများနှင့် သစ်တောရပ်ကွက်နေ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး ကောင်းကျော်ဝေ အင်ဂျင်နီယာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်က မိတ်ဆက်စကားပြောကြားကာ Lighting Specialist ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူ Site Engineer ဦးမင်းမော်ခိုင်က ဆောက်လုပ်မှုလုပ်ငန်းစဉ်များအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကောင်းကျော်ဝေ အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက စစ်တမ်းကောက်ယူရေးအစီအစဉ်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီအတွင်းရေးမှူးနှင့် ရပ်မိရပ်ဖများက သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ရွှေတိုင်လွင်**



# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မြောင်းမြ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်အတွင်းရှိ ဇလပ်ကွင်း၊ မြေတံတားကြီး၊ မြေတံတားလေးကျေးရွာများနှင့် ကံ့ကော်မြိုင်နှင့် မြကန်သာရပ်ကွက်များ၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အောင်မြင်ပြီးစီးသဖြင့် ဖွင့်ပွဲအခမ်းအနားများကို အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မုဆိုးကွင်းကျေးရွာအုပ်စု ဇလပ်ကွင်းကျေးရွာ၌ ကျင်းပသည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ၊မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ မြေတံတားကြီး၊ မြေတံတားလေးကျေးရွာများနှင့် ကံ့ကော်မြိုင်၊ မြကန်သာရပ်ကွက်များ၌လည်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ကျေးရွာများနှင့် ရပ်ကွက်များ မီးလင်းရေးအတွက် မြောင်းမြမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းနှင့် လျှပ်စစ်ဝန်ထမ်းများက ဓာတ်တိုင်များစိုက်ထူခြင်း၊ မီးကြိုးတပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကာ ဇလပ်ကွင်းကျေးရွာတွင် ၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ မြေတံတားကျေးရွာတွင် ၁၆၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ ကံ့ကော်မြိုင်နှင့် မြကန်သာရပ်ကွက်များတွင် ၃၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးတို့ကို တပ်ဆင်ပေးခဲ့ပြီး လက်ရှိတွင် နေအိမ် ၁၅၀ ခန့်ကို အိမ်သုံးမီတာများ တပ်ဆင်ပေးပြီးဖြစ်ကြောင်း၊ ကျန်သောအိမ်များကိုလည်း မီတာများ ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်အင်ဂျင်နီယာ ပြောကြားချက်အရ သိရသည်။ **အောင်မင်း(ပြန်/ဆက်)**

# ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြင်းမူ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များက အောက်တိုဘာ ၂၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်မှုအခြေအနေများကို မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းတို့က ရှင်းလင်းတင်ပြပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျောင်းဆောင်သစ်များ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မြင်းမူမြို့နယ်အတွင်း ပညာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၇၀၀ဖြင့် ကျောင်းဆောင်သစ် ၁၀ ကျောင်းကို ဆောက်လုပ်လျက်ရှိရာ အထက(၂)(မြင်းမူ)နှင့် အထက(ပဲကူ) ကျောင်းဆောင်သစ်များကို Data Myanmar ကုမ္ပဏီကလည်းကောင်း၊ အထက(ခွက်ခွင်း)နှင့် အမက(ကံသုံးဆင့်) ကျောင်းဆောင်သစ်များကို မင်းကွန်းတိပိဋက ကုမ္ပဏီကလည်းကောင်း၊ အမက(ပဲတောင်း-မ)နှင့် အမက(သူဌေးကုန်း) ကျောင်းဆောင်သစ်များကို အောင်စည်ဟိန်းကျော် ကုမ္ပဏီကလည်းကောင်း၊ အမက (ညောင်မြစ်)၊ အမက (မခုရ)၊ အမက(စံပယ်ကန်)နှင့် အမက (မကျီးစု) ကျောင်းဆောင်သစ်များကို Prime Tech ကုမ္ပဏီကလည်းကောင်း တာဝန်ယူဆောက် လုပ်လျက်ရှိကြောင်းသိရသည်။ **အောင်စိုးဖေ(ပြန်/ဆက်)**



# မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ကျွန်းလှ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ပွဲကို အထက ကျွန်းလှခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငြိမ်းက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက မဲရုံလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မဲရုံအဖွဲ့ဝင်များအား တာဝန်များပေးအပ်ခဲ့သည်။ အဆိုပါ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ပွဲသို့ ကျွန်းလှမြို့နယ်အတွင်းရှိ မဲရုံ ၈၀ တွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး ၈၀၊ ဒုတိယမဲရုံမှူး၈၀ နှင့် မဲရုံအဖွဲ့ဝင် ၈၈၆ ဦး တက်ရောက်ခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ဗုဒ္ဓဘာသာဂေါ်ရခါးအဖွဲ့ချုပ်က အဘိဓမ္မာအခါတော်နေ့အခမ်းအနားကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာဂေါ်ရခါးအဖွဲ့ချုပ်(ပြင်ဦးလွင်မြို့နယ်)က အောက်တိုဘာ ၂၈ ရက် သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် သံဃာတော်များအား ဆွမ်းဆပ်ကပ်လှူဒါန်းပွဲနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရွာသစ်ကလေးကျေးရွာရှိ တြိရတနာ ဗုဒ္ဓဝိဟာရ (ဂေါ်ရခါး) ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ ဂေါ်ရခါးအဖွဲ့ချုပ်(မိုးကုတ်)၏ လမ်းညွှန်မှုနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမိုးသီးလားမား(ခ) မဟဲန္ဒရားနှင့် အလုပ်အမှုဆောင်များက တြိရတနာကျောင်း ဦးစီးနာယက ဆရာတော်ထံမှ သီလခံယူဆောက်တည်ကာ သံဃာတော်များအား ဆွမ်းများ ဆပ်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြင်ဦးလွင်မြို့ ဗုဒ္ဓကလျာဏယုဝအသင်း ခန်းမဆောင်၌ ဓမ္မစကြာရွတ်ဖတ် ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ဗုဒ္ဓကလျာဏယုဝအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး စေတနာဝတ်ရွတ်အသင်း၊ ဓမ္မပါလဝတ်ရွတ်အသင်းနှင့် ဝိုင်အမ်ဘီအေဝတ်ရွတ်အသင်းများက အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဆိုပူဇော်ခြင်းများကို အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမိုးသီးလားမား(ခ)မဟဲန္ဒရား ဦးဆောင်သော ဝတ်ရွတ်အဖွဲ့နှင့်အတူ ကဏ္ဍအလိုက် ရွတ်ဆိုပူဇော်ခဲ့ကြောင်း သိရသည်။ **(၄၃၂)**

# ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့်အထူးရဲများ သင်တန်းဆင်း

**ပျော်ဘွယ် နိုဝင်ဘာ ၁**

ပျော်ဘွယ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များတွင် ရဲတပ်ဖွဲ့ဝင်များအား ကူညီဆောင်ရွက်နိုင်ရန် အထူးရဲတပ်ဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ခဲ့ပြီး သင်တန်းပို့ချပေးခဲ့ရာ သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ရွေးကောက်ပွဲ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဦးက ရဲတပ်ဖွဲ့ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် အထူးရဲများ၏ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။




ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးမြင့်က လွတ်လပ်၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်ပေါ်လာရေးနှင့် အေးချမ်းတည်ငြိမ်စွာ ပြီးစီးရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပျော်ဘွယ်မြို့နယ်အတွင်းရှိ မဲရုံများတွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် သင်တန်းကို အောက်တိုဘာ ၂၀ မှ ၃၀ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး အထူးရဲတပ်ဖွဲ့ဝင် သင်တန်းသား ၂၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

## ကျေးရွာ ၂၅ ရွာသို့ မျိုးကောင်းမျိုးသန့်ဆိတ်များ ဖြန့်ဝေပေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၅ ရွာမှ အိမ်ထောင်စုများအတွက် မွေးမြူရန် မျိုးကောင်းမျိုးသန့်ဆိတ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်တိုဘာ ၃၀ ရက်တွင် ထောက်ပံ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းသည့် မျိုးကောင်းမျိုးသန့်ဆိတ်များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဖြူဖြူဝင်းတို့က မျိုးကောင်းမျိုးသန့်ဆိတ်များ ထောက်ပံ့ဖြန့်ဖြူးပေးခြင်း ရည်ရွယ်ချက်နှင့် မွေးမြူသူများအတွက် အကျိုးရရှိနိုင်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာ ၂၅ ရွာမှ ဆိတ်မွေးမြူမည့် အိမ်ထောင်စု ၂၅ စုအား ဆိတ်ကောင်ရေ ၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## အမျိုးသမီးကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**ဖလမ်း နိုဝင်ဘာ ၁**

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အမျိုးသမီးများနှင့်ဆိုင်သော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၃၀ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးတာဝန်ခံ ဒေါ်လာလ်နယ်ပွီးက သားအိမ်ကင်ဆာ ကာကွယ်နည်းနှင့် ဆောင်ရန်ရှောင်ရန် အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေနှင့် အဖွဲ့ဝင်များက သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း သိကောင်းစရာများ၊ အာဟာရပြည့်ဝစေရန် ပံ့ပိုးမည့်အချက်များ၊ မုန်တိုင်းတိုက်ခတ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ချင်းချယ်ရီမှုကြိုကျောင်းအတွက် ခေါက်ဆွဲနှင့်ကျောင်းဝတ်စုံများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လသာမြို့နယ် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) ကို လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြေညီထပ်) ၌ အောက်တိုဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ရုံးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်မင်းက ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လသာမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကြီးကြပ်သူအရာရှိ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဝန်ကြီးဌာနပေါင်းစုံမှ ဦးစီးဌာန ၁၁ ခုကို တစ်နေရာတည်း စုပေါင်းဖွင့်လှစ်ထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

## အထူးရဲတပ်ဖွဲ့ဝင်များ ရဲလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ လှိုင်ကော်၌ ပြုလုပ်

**လှိုင်ကော် နိုဝင်ဘာ ၁**

ကယားပြည်နယ်အတွင်း လှိုင်ကော်ခရိုင်အတွင်းရှိ မဲရုံများတွင် ရွေးကောက်ပွဲကာလ၌ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် ဖွင့်လှစ်ခဲ့သော အထူးရဲသင်တန်းဆင်းပွဲကို လှိုင်ကော်မြို့ သာသနာ့ဗိမ္မာန်တော်ကြီး၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကယားပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးဝင်းက အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် သင်တန်းတွင် ပို့ချသင်ကြားပေးမှုများအား ပြန်လည်ဖတ်/မှတ်လေ့ကျင့်ပြီး စနစ်တကျလိုက်နာ ကျင့်သုံး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်လက်တွဲကာ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရန်နှင့် ပြည်သူများစိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် ပါဝင်ကူညီရန်၊ နိုင်ငံတော်၏ သမိုင်းမှတ်တမ်းတစ်ခုတွင် အထူးရဲတပ်ဖွဲ့ဝင်များ၏ ကဏ္ဍကျန်ရစ်ခဲ့အောင် ကြိုးစားကြရန် အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့သည်။

အဆိုပါ အထူးရဲသင်တန်းသို့ သင်တန်းသား ၁၉၃ ဦး တက်ရောက်ခဲ့ပြီး ၎င်းသင်တန်းသားများမှာ လှိုင်ကော်ခရိုင်အတွင်းရှိ မဲရုံ ၁၉၃ ရုံ၌ မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် တာဝန်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# ဆိတ်မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

**မလှိုင် နိုဝင်ဘာ ၁**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်မှ ဆိတ်မွေးမြူရေး အဓိကထားလုပ်ကိုင်သည့် မြောက်လည်ကျေးရွာတွင် မွေးမြူထားသော ဆိတ်များကို ပြည်နယ်မြို့ကြီးများသို့ ရောင်းချရသည့်အပြင် တရုတ်နိုင်ငံမှ ပွဲစားများကပါ လာရောက်ဝယ်ယူနေကြသဖြင့် မွေးမြူရေးလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အခု မွေးမြူထားတဲ့ဆိတ်တွေဟာ (ကဆီ) ဆိတ်အချောအုပ်ပါ။ ဆိတ်အမျိုးအစားအနေနဲ့ အချောအကြမ်း နှစ်မျိုးရှိပါတယ်။ အချော(ကဆီ)ဆိတ်တစ်ကောင်ရဲ့တန်ဖိုးက ဒီလမှာ တစ်သိန်းကျော်ပါတယ်။ အကြမ်းတစ်ကောင်ရဲ့တန်ဖိုးက ရှစ်သောင်းခန့်ရှိပါတယ်။ တောင်ကြီး၊ ဘားအံစတဲ့ မြို့ကြီးတွေအပြင် တရုတ်ပြည်အထိ တင်ပို့ဖို့အတွက် ဆိတ်ပွဲစားတွေက လာရောက်ဝယ်ယူနေကြလို့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်" ဟု မြောက်လည်ကျေးရွာမှ ဆိတ်မွေးမြူသူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၅၆ ခုနှင့် ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။ မြောက်လည်ကျေးရွာအုပ်စုမှာမူ အိမ်ခြေ ၂၀၀ ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူနည်းပါးကာ ရွာလုံးကျွတ်နီးပါးမှာ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။

"ကျွန်တော်တို့ မြောက်လည်ကျေးရွာဟာ စိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်ကြပေမယ့် ဒီဒေသက အပူပိုင်းဒေသဖြစ်တာကြောင့် မိုးရွာသွန်းမှု နည်းပါးပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးကို အားကိုးနေလို့မရပါဘူး။ တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မြောက်လည်ကျေးရွာတွင် ဆိတ်မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိနေသဖြင့် လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ချေးငွေများ ထုတ်ပေးစေလိုကြောင်း လည်း ဒေသခံဆိတ်မွေးမြူရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ အောင်လံမြို့၌ လာရောက်လေ့လာ

**အောင်လံ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များ အောက်တိုဘာ ၃၁ ရက်က လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသူ တစ်ဦးတို့က တရော်ကုန်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် မဲရုံအဖွဲ့ဝင်များကို တွေ့ဆုံခဲ့ကြပြီး ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အခြားဒေသများ၌ တာဝန်ထမ်းဆောင်ရန်ရှိသဖြင့် မဲမပေးနိုင်သော ဝန်ထမ်းများ၏ ကြိုတင်ဆန္ဒမဲပေးနေမှုများကို လေ့လာကြည့်ရှုခဲ့ကြကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မြို့နယ်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များနှင့် သတင်းမီဒီယာများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။



ထို့နောက် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် စစ်အောင်ကျေးရွာသို့ ဆက်လက်သွားရောက်ခဲ့ပြီး ရွာလယ်မဲ့ရုံတွင် စည်းရုံးဟောပြောနေသော အမျိုးသားတိုးတက်ရေးပါတီမှ ကိုယ်စားလှယ်တစ်ဦးအား တွေ့ဆုံကာ ကျေးရွာများသို့ သွားလာစည်းရုံးဟောပြောရာတွင် ကြုံတွေ့ရသည့်အခြေနေနှင့် အခက်အခဲများရှိမရှိကိုလည်းကောင်း၊ ဟောပြောပွဲတက်ရောက်လာသည့် ဒေသခံပြည်သူများအား ဆန္ဒမဲပေးရမည့်နည်းစနစ်များကို သိရှိနားလည်ခြင်း ရှိမရှိကိုလည်းကောင်း မေးမြန်းလေ့လာခဲ့ကြသည်။

ယင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက်ကလည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် တွေ့ဆုံခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးကိစ္စရပ်များ၊ ကြိုတင်မဲကိစ္စရပ်များ မဲရုံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးမှုများဆောင်ရွက်

**တာချီလိတ် နိုဝင်ဘာ ၁**

တာချီလိတ်မြို့နယ်အတွင်း ပညာရေးတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများ၊ အထွေထွေရွေးကောက်ပွဲအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နာရေးအသင်းအဖွဲ့များအနေဖြင့် မော်တော်ယာဉ်ဥပဒေအကြောင်း သိရှိနားလည်စေရေးအတွက် အသိပညာပေးဟောပြောပွဲများနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို တာချီလိတ်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် အမှတ် (၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၉ နှင့် ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက်တွင် မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသော အလယ်တန်းဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး ဘာသာရပ်ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် အလယ်တန်းပြဆရာမများအားလည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် ခရိုင်ရဲတပ်ဖွဲ့သင်တန်းခန်းမတွင် ဖွင့်လှစ်လျက်ရှိသော အထူးရဲသင်တန်းသို့တက်ရောက်နေသည့် အထူးရဲတပ်ဖွဲ့ဝင် ၅၈ ဦးအားလည်းကောင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ လမ်းညွှန်အမှတ်အသားများအကြောင်း၊ ၂၀၁၅ခုနှစ် မော်တော်ယာဉ်ဥပဒေအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန္ဒာကျော်စွာ၏ ထပ်မံမေးမြန်းချက်ဖြစ်သည့် နိဗ္ဗာန်ယာဉ်ကို HSE နံပါတ်တပ်ဆင်အသုံးပြု၍ လူနာတင်ယာဉ် (Ambulance) အဖြစ် အသုံးပြုနေကြောင်း၊ LED မီးလုံးများတပ်ဆင်ထားမှု၊ ယာဉ်မှတ်ပုံတင်အမှတ်ကို ရာသီဥတုကြည်လင်သောအချိန်တွင် ပေ ၅၀ အကွာမှမြင်နိုင်ရန် မီးတပ်ဆင်ထားရန်စသည့် အချက်များနှင့်ပတ်သက်၍လည်း တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ လူမှုကူညီရေးအသင်းအဖွဲ့ ၁၀ ဖွဲ့မှ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအား တာချီလိတ်မြို့ တပ်ဖွဲ့စုမှူးရုံးသို့ အောက်တိုဘာ ၃၀ ရက် နေ့လယ်ပိုင်းတွင် ဖိတ်ကြားကာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ယာဉ်များကို ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ပေးရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်
## ဒေါက်တာခင်ရွှေ

ဥက္ကဋ္ဌ၊ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ၊အမျိုးသားလွှတ်တော်
ဥက္ကဋ္ဌ၊အမျိုးသားပွဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
ဥက္ကဋ္ဌ၊ဇေကမ္ဘာကုမ္ပဏီလီမိတက်
သည်
စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကိုယ်ပိုင်ငွေကြေးများစွာကို ထူးကဲစွာစွန့်လွှတ်လှူဒါန်းခဲ့ခြင်းအတွက်
အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာရှိ ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆုချီးမြှင့်ရေးကော်မတီမှရွေးချယ်ပြီးချီးမြှင့်သော နိုင်ငံတကာဆုဖြစ်သည့်

## "The World Peace Prize Award"

ကို ထိုက်တန်စွာ ရွေးချယ်ချီးမြှင့် အပ်နှင်းခြင်းခံရပါသဖြင့်
ဒါရိုက်တာအဖွဲ့ဝင်များအားလုံးမှ အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။

ဒါရိုက်တာအဖွဲ့
အမျိုးသားပွဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု


၂၀၁၄-၂၀၁၅ ပညာသင်နှစ် သဃ်န်းကျွန်းမြို့နယ်တွင် အောင်ချက်အကောင်းဆုံးကျောင်း
ပညာမြင့်မိုရ်၏ စည်းကမ်း၊ပညာအစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-တတ၀၃/၀၉/၀၂၀

# ပညာမြင့်မိုရ်

* စည်းကမ်းစနစ်ကျနမှု၊သင်ကြားရေးကောင်းမွန်မှု၊
* တက္ကသိုလ်ဝင်တန်းမှလွဲ၍ ကျောင်းစာအပြင် Computer, Language, Speaking, Music ဘာသာရပ်များကို အမှန်တကယ် တတ်မြောက်အောင်သင်ကြားပေးမှု၊
* English Language ဘာသာရပ်တို British Council စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ရန်သင်ကြားပေးမှု၊
* နှစ်စဉ်ဂုဏ်ထူးရှင်ပေါင်းများစွာ မွေးထုတ်ပေးပြီး မြို့နယ်၏အောင်ချက်အကောင်းဆုံးကျောင်း ဖြစ်ခြင်းတို့ကြောင့် အဘက်ဘက်မှပြည့်စုံသောကျောင်းတစ်ကျောင်းဖြစ်ပါသည်၊

ကျောင်းကြို/ပို့ယာဉ် (ferry) ရှိသည်၊

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကြိုတင်အပ်နှံနိုင်ပါပြီ၊

* ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
* ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
* ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်၊
* ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်၊
* လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်၊

၅-တန်းမှ ၁၀-တန်းအထိ

၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ဖုန်း- 09 259258407, 09 31233275, 01-562830, 09 73004720, ၉၊ ၁၀ ကျွမ်းကျင် Guide အလိုရှိသည်၊


## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း (C)မှ မဝါဝါမိုး၏ ဖခင်အမည်မှန်မှာ ဦးသောင်းရွှေ ၅/ကဘလ (နိုင်) ၁၂၆၇၉၇ ဖြစ်ပါသည်။

ဦးသောင်းရွှေ

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း (D)မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၅/ဝသလ(နိုင်)၀၀၁၉၇၂ ဖြစ်ပါသည်။

ဦးခင်မောင်ထွေး

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း (F)မှ မောင်ပိုင်ဇေရဲထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ညွန့် ၅/ကဘလ(နိုင်)၀၃၂၉၀၃ဖြစ်ပါသည်။

ဦးမောင်ညွန့်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးပတောကျေးရွာ - ရွာမအရှေ့ပိုင်းနေ မသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် (ခ) ဦးဝင်းအောင် ၁၂/မဘန(နိုင်) ၀၅၀၆၇၃သည် တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၇၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၀၈ဧက၊ မြေကွက်အမည်ပေါက် ဒေါ်တင်နု ၁၂/ဥကမ (နိုင်)၀၆၉၃၆၉ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ


CRÖWN EDUCATION Yangon . Myanmar

အင်္ဂလန်နိုင်ငံ University of Sheffield ၏ တာဝန်ရှိသူနှင့်တွေ့ဆုံပြီး မိမိအခွင့်အလမ်းများကို ရှာဖွေနိုင်မည့်

"ယူကေ Top Ten စာရင်းဝင်တက္ကသိုလ်များသို့ ပညာသင်ဆု ဖြင့် တက်ရောက်နိုင်မည့် ပညာရေးဆွေးနွေးပွဲ"



Speaker Profile
AARON HOBDAY
Recruitment Manager (Asia)
Sheffield International College

- စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊အင်ဂျင်နီယာ၊ကွန်ပျူတာသိပ္ပံ၊ဟိုတယ်နှင့်ခရီးဘာသာရပ်များကို ယူကေရှိ Top Ten Universities များတွင် တက်ရောက်နိုင်မည့်အခွင့်အရေး
- Times Higher Education တွင် ယူကေအဆင့်(၁၈)ရှိ Universitiy of Sheffield သို့ တိုက်ရိုက်တက်ရောက်နိုင်မည့်အခွင့်အရေး
- ကမ္ဘာ့ထိပ်တန်း အဆင့်(၁၀၀)ဝင် နယ်သာလန်တက္ကသိုလ်များတွင် ပညာသင်ခွင့်နှင့် ဆက်လက်နေထိုင်ခွင့် (၁)နှစ်ရရှိမည့် အခွင့်အရေး
- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် MOU ရေးထိုးထားသည့် University of Surrey တွင် တက်ရောက်သင်ယူနိုင်ခွင့်

StudyGroup
DATE : NOV 5 (THURSDAY)
TIME : 10:00 A.M - 12:00 NOON
VENUE : CROWN EDUCATION CENTER

ကျပ်သိန်းပေါင်း ၁၀၀ခန့် ပညာသင်ဆုများ

Call Us : 01 527 838 - 09 4500 56 300 - 09 257 539 519 - 09 732 732 77



တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်မည့် တွဲသင်တန်း

Siam University




www.facebook.com/mcc.institute www.inter.siam.edu

# MCC/Siam University BBA Program

- International Business Management (စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့)
- Service Industry Management (ဟိုတယ်နှင့်ခရီးသွား စီမံခန့်ခွဲမှုဘွဲ့)

Enroll Now!
Opening Date: 23 November 2015

MCC.*i* (Yangon Campus)
Junction Square Complex, Building (8), 1st Floor
Kamayut Township, Yangon
Ph - 01-2304156, 01-246634,01-245762, 01-249152, 01-395512

MCC.*i* (Mandalay Campus) Ph - 011-202113, 09-402671562




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ခ/၆၈၁၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဂ/၅၃၀၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

" ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့်
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည် "

၂၀၁၆-ခုနှစ် **ဝံ-ကလော်ဘို**

**၁၂-ရာသီဟောကိန်း**

မိမိတို့၏ ရာသီခွင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၈၆၁၀၄၈၈၊ ၀၉ ၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၂၀၀၀ ကျပ် ၁၇၀၀၀ ကျပ်

**ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘင်္ဘောစီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစန်းတိုင်းအဲကွန်း ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ် ၁၄၀၀၀ ကျပ်

**၂၈-၁၀-၂၀၁၅ ရက်စွဲပါ ဒေါ်နုနုလွင် ၁၂/ရပသ(နိုင်)၀၂၈၄၄၅ ကိုင်ဆောင်သူ၏ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာစာအပေါ် အများသိစေရန်**

ကျွန်တော် ဦးကျော်နိုင်ထွေး(ခ)ဦးဟူစိန် ၁၂/ဥကတ(နိုင်)၁၂၂၄၆၂ သည် ဒေါ်နုနုလွင်၏ တရားဝင် ခင်ပွန်းဖြစ်ပြီး မသဲဆုလွင် ၁၂/ဒဂမ(နိုင်)၀၃၀၁၂၃ သည် ကျွန်တော်၏ သမီးအရင်းဖြစ်ပါသည်။ သမီးဖြစ်သူ မသဲဆုလွင်သည် လိမ္မာယဉ်ကျေးပြီး ရိုင်းစိုင်းစော်ကား ပြောဆိုလေ့ရှိသူ မဟုတ်သလို အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ပါ၍ မိခင် ဒေါ်နုနုလွင်၏ ၂၈-၁၀-၂၀၁၅ရက်ပါ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအား ဖခင်ဖြစ်သူ ကျွန်တော်က (လုံး၀)သဘောမတူညီပါကြောင်း ဒေါ်နုနုလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ သမီး မသဲဆုလွင်နှင့် ပတ်သက်၍ ကျွန်တော့်ထံ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးကျော်နိုင်ထွေး(ခ)ဦးဟူစိန်
၁၂/ဥကတ(နိုင်)၁၂၂၄၆၂
ဖုန်း-၀၉-၇၉၅၇၁၄၀၀၈



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၉**

ဒေါ်သီတာဦး **နှင့်** ဒေါ်နွဲ့နွဲ့ဝင်း

**တရားလို** **တရားပြိုင်**

တရားပြိုင် ဒေါ်နွဲ့နွဲ့ဝင်း အမှတ်၁၈၈၊ပညာတန်ဆောင်၂လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါသည်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၃**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ဝေဝေ(ခ)လီချောင်ရင် | **နှင့်** | ၁။ ဦးသက်ဝေ |
| ၂။ ဦးမြင့်ရွှေ | | ၂။ ဒေါ်သန်းနွယ် |
| ၃။ ဒေါ်ခင်ဝေကြူ | | အမှတ်၃၀၂၊ ၄လမ်း၊ သမိုင်း(၁)ရပ်ကွက်၊ |
| ၄။ ဦးနေဝင်း | | မရမ်းကုန်းမြို့နယ်၊ |
| အမှတ် ၁၃၃၊ လမ်း ၂၀၊ (၄)ရပ်ကွက်၊ | | ရန်ကုန်တိုင်းဒေသကြီး။ |
| လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၄ လမ်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃၀၂ တွင် နေထိုင်သော (၁)ဦးသက်ဝေ၊ (၂)ဒေါ်သန်းနွယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ၁၃ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင်အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများကကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း(၆)လမ်း၊ အမှတ်(၁၁)နေ ဒေါ်မေမြတ်မွန်ဦး ၁၂/သလန(နိုင်)၀၇၉၆၃၃ (နေလဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ)၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

နေလဆောက်လုပ်ရေးကုမ္ပဏီနှင့် ဦးဇော်ငွေထွန်း ၁၂/သလန(နိုင်)၁၃၁၇၅၄သည် နေလဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရပ်စဲပြီးဖြစ်ပါသည်။ ၄င်းသည် နေလဆောက်လုပ်ရေးကုမ္ပဏီနှင့် လုံးဝ(လုံးဝ)ပတ်သက်ဆက်နွယ်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် LL.B(H.G.P)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်(၁၅)၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၅၆-၂၁၃၃၁၊ ၀၉-၄၉၅၇၄၂၀၂**

## ပြင်ဆင်မှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကိုပြင်ဆင်မှုလျှောက်ထားခံရသူသို့

## အကြောင်းကြားစာ

**ရှမ်းပြည်နယ်တရားလွှတ်တော်**

**၂၀၁၅ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၆၁**

ဦးအိုက်ရှုန် **နှင့်** ဦးရှုံးစောပါ-၂

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ရက်စွဲပါ တာချီလိတ်ခရိုင် တရားရုံးတော်မှ တရားမ အထွေထွေမှုအမှတ် ၁/၂၀၁၅ကိုပြင်ဆင်မှု။

လျှောက်ထားခံရသူ အမှတ် (၂)(ယခင်လိပ်စာ) အမှတ် ၆/၃၀၄၊ ဇီဇဝါလမ်း၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ တာချီလိတ်မြို့(ယခုလိပ်စာမသိ)နေ ဒေါ်နန်းမြညွှန့် သိစေရမည်။

ယခုအမှုတွင် တာချီလိတ်ခရိုင် တရားရုံးတော်က ချပေးသည့် ထုံးပုံကျအမိန့်ကို လျှောက်ထားသူက ပြင်ဆင်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၇ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန်ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဝင်းဝင်းနိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၃ နှင့်ဆက်သွယ်သည့်**

**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၆**

ကိုဇေရာအောင် ပါ-၂ **နှင့်** ဦးတင်လှိုင် ပါ-၅

**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

(၁)ဦးတင်လှိုင်၊ (၂)ဦးကြိုးချည် အကွက်(၅၁၂)၊ ၄၀ လမ်း၊ ၈၃×၈၄ လမ်းကြား၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၃ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဖြစ်သူ ကိုဇေရာအောင် ပါ-၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၀၅၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5695 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရန်ကုန်မြောက်ပိုင်း)**

## လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒါယိကာကြီးနှင့် ဒါယိကာမကြီး**

**ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (အငြိမ်းစား) ကြည်း-၈၄၀၉**

**(၂-၁၁-၂၀၁၂ - ၂-၁၁-၂၀၁၅)နှင့်**

**ဒေါ်ခင်ငြိမ်းငြိမ်း**

**(၁၂-၁၁-၂၀၁၁ - ၂-၁၁-၂၀၁၅)**

အနန္တကျေးဇူးရှင် ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ မေတ္တာဂုဏ်ကျေးဇူးများကို အောက်မေ့သတိရလျက် သားတို့ သမီးတို့၏ နေ့စဉ်ပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုစုတို့ကို မေတ္တာပို့သအမျှပေးဝေလျက်ရှိပါသည်။ ဖေဖေ၊ မေမေတို့ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုလျက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်ချမ်းသာကိုဆောလျှင်စွာ မျက်မှောက်ပြုခံစားနိုင်ပါစေ။

**ချစ်သော သား၊ သမီး၊ မြေးများ(သုခလမ်းမိသားစု)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်မိတ်ဆွေဖြစ်သော ဒေါ်မြင့်မြင့်ကြည် ၁၂/တမန(နိုင်)၀၇၅၀၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၂၅၏ ခြောက်လွှာ(ဘီ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၅×၆၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင် အကျိုးခံစားပိုင်ခွင့်ရှိသူ ဒေါ်တင်တင် ၁၂/ဥကမ(နိုင်)၀၉၂၀၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထိုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၉၁၉၁)**
**အမှတ် ၂၈၁၊ ယမုံနာ ၁၃ လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၈၇၁၇၇၊ ၀၉-၂၅၃၇၈၇၇၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် စီမံကိန်း-၂၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ် ၁၇၀၊ အကျယ်အဝန်း (၄၇/၄၈×၆၀)ပေရှိ ဒေါ်သန်းရွှေအမည်ဖြင့် မှတ်သားထားသော နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အလျား×အနံ (၂၇/၂၈×၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာအမှတ်-၁၇၀၊ ဗိုလ်တာရာ(၁)လမ်း၊ (၁၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သောမြေကွက်အား မူလပိုင်ရှင်ဒေါ်သန်းရွှေထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူများဖြစ်သည့် ဦးသန်းဆွေ ၁၃/လရန(နိုင်)၀၀၆၉၉၀နှင့် ဦးကျော်မင်းကို S/OKA-၁၂၄၃၉ တို့မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကို ပေးချေပြီးအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း (စဉ်-၉၆၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၅၆)၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈လမ်း၊ တိုက်အမှတ်(၆၃)၊၇-လွှာ(ယာ)၊ တိုက်ခန်းဟုခေါ်တွင်သော အကျယ်အဝန်း (၁၂၁/၂×၅၀)ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဟဝါဘီဘီစုလေမန်ဟူစိန်မန်းဆား(ခ)ဒေါ်ခင်ခင်ဖြူ ၁၂/ပဘတ(နိုင်)၀၂၅၀၃၉မှ မိမိအနေဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၂၉-၁၀-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ချုပ်ဆို၍ ဝယ်ယူရန်သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေများအနက် စရန်ငွေအချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ရာ ကန့်ကွက်အရေးဆိုမည်ဆိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း စာချုပ်စာတမ်း(မူရင်း)များကို ယူဆောင်၍ ဆက်သွယ်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်အကောင်အထည်ဖော်ဆောင် ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန် LL.B, D.B.L၊**
**အထက်တန်းရှေ့နေ၊ စဉ်-၄၁၂၁၁**
**အမှတ် ၉၉/၁၀၁၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၄၉၃၁၂၉၀၈၊ ၀၉-၄၂၁၀၂၆၉၀၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သောင်းသောင်းရွှေ (BA, BL) (ညောင်လေးပင်)

**တရားလွှတ်တော်ရှေ့နေကြီး**

**အသက် (၈၀)**

မိခင်တစ်ယောက်လို ချစ်ခင်ရပါသော၊ အစ်မတစ်ယောက်လို တိုင်ပင်၍ရပါသော၊ ဆရာတစ်ယောက်လို ရိုသေလေးစားရပါသော ဒေါ်သောင်းသောင်းရွှေ (မမသောင်း)သည် ၂၆-၁၀-၂၀၁၅ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကိုစိုး-ကေခိုင်၊ ကိုအောင်မိုး-မေမျိုး၊ ကိုစိုးသူ-မအေး၊ မယုယနုနိုင်၊ မောင်ဇင်လင်းမြင့်၊ မောင်ဇေလတ်မင်း၊ မစုနှင်းဝတ်မှုံတို့ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ စိတ်ကောင်းရှိပြီး တရားသိတဲ့ မမသောင်း ကောင်းရာသုဂတိ ရောက်ပါစေ။

ဥပဒေပညာသင်ယူခဲ့ကြသော ချစ်တပည့်များ-

**ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်စန်းယုတင်၊ ဒေါ်တင့်တင့်ဝေ၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ရီရီဌေး၊ ဒေါ်ခင်ငြိမ်းဌေး၊ ဒေါ်ခင်အေးမာ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်အေးအေးအောင်၊ ဒေါ်ခင်ဦးမော်၊ ဒေါ်နီလာစိန်၊ ဒေါ်ဥမ္မာဆွေ၊ ဒေါ်သီတာလွင်၊ ဒေါ်ခင်စန်းဝေအောင်၊ ဒေါ်ကြည်ကြည်ထွေး၊ ဒေါ်ထွေးထွေးဝင်း၊ ဒေါ်စမ်းစမ်းဦး၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်သန်းအေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ရီရီထွန်း၊ ဒေါ်ဥမ္မာအောင်**

**ဥတုရာသီ တောကိုမှီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်မြင့် (မော်လမြိုင်)

**အသက် (၈၉)နှစ်**

ဒေါက်တာခင်သီတာသွင် (ပါမောက္ခ၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀၊ ဆေးရုံ)၏မိခင် ဒေါ်ကြည်ကြည်မြင့်သည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## ဒေါ်မာရှီးလျှင် (လားရှိုးမြို့)
**အသက်(၁၀၈)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ် ၂၅နေ (ဦးရန်နိမ်ကျမ်း)၏ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရောက်နော်၊ ဦးရန်ဟော်(Chairman, Mottama Holding Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၅၇ယောက်၊ မြစ် ၈၀၊ တီ ၂၉ယောက်တို့၏ အဘွားသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် လားရှိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာရှီးလျှင် (လားရှိုးမြို့)
**အသက်(၁၀၈)နှစ်**

ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှီးလျှင် အသက်(၁၀၈)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဌေး-ဒေါ်မြင့်မြင့်နိုင်**
**ကိုဘုန်းမြတ်ဆွေ-မဝတ်ရည်ဝင်း**
**ကိုနေဇော်ထက်**
**ကိုဟိန်းအောင်စိုး-မဖြူမွန်မွန်သိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

Dr. သိန်းကျော်မိုး မခင်ချိုချိုဝင်းတို့၏ဖခင်ဖြစ်သူ ဦးသိန်းဟန် အသက်(၇၉)နှစ်သည် ၂၄-၁၀-၂၀၁၅ရက်တွင်လည်းကောင်း၊ Dr. သန်းစိုး Dr. ခင်မာရီတို့၏ဖခင်ဖြစ်သူ Dr. မြတ်စိုး အသက်(၈၁)နှစ်သည် ၂၇-၁၀-၂၀၁၅ရက်တွင်လည်းကောင်း ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄-၉၀နှစ် အတန်းတူ သူငယ်ချင်းများ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
**အသက်(၅၁)နှစ်**

ဦးတင်ကိုကို (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကို အသက်(၅၁)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
**အသက်(၅၁)နှစ်**

ဦးတင်ကိုကို (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကို အသက်(၅၁)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ**
**လူမှုဖူလုံရေးဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
**အသက်(၅၁)နှစ်**

ဦးတင်ကိုကို (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကို အသက်(၅၁)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးတိုင်းဒေသကြီးအတွင်းမှ**
**လူမှုဖူလုံရေးဝန်ထမ်းမိသားစုများ**

## ဒေါ်ခင်ဆွေဆွေထွဋ်(LL.B)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပထမ သီရိရိပ်သာ၊ တိုက် ၁၆၆၊ အခန်း (၇/၈)နေ ဒေါက်တာဦးဗိုလ်ထွဋ်-ဒေါ်ယုဝေတို့၏သမီး၊ Capt ဦးကျော်ကျော်၏ချစ်လှစွာသောဇနီး၊ မသီရိသန့်စင်ထွဋ်(Final Part II, UM I)၏မိခင်၊ ဦးမင်းသိန်းတင် - ဒေါ်ခင်ဝင်းထွဋ်၊ Capt ဦးသူရနိုင် - ဒေါ်ခင်ဝေထွဋ်၊ ဦးအောင်ကျော်ထူး-ဒေါက်တာခင်နိုင်နိုင်ထွဋ်၊ ဦးဘိုအောင်-ဒေါ်ခင်ဆွေဆွေထွန်း၊ Capt ဇော်ဝင်းထွန်း-ဒေါ်ယင်းမာမြင့်၊ ဦးတင်အောင်မျိုး-ဒေါ်ခင်မေမေထွန်း၊ မမေသူထွန်း၊ ကိုမင်းနိုင်ဦး-ဝိုင်လေး၊မစုစုအောင်၊ ဒေါက်တာသဇင်မျိုးအောင်၊ ဒေါက်တာယင်းမာမျိုးအောင်၊ Capt အောင်လင်းသော်-မနှေးယုဝင်း၊ ကိုကျော်ဇင်သစ်-ဒေါက်တာဆွေလင်းသော်၊ ကိုရန်လင်းအောင်-မမျိုးသီရိကျော်၊ ဒေါက်တာမျိုးထက်အေး - ဒေါက်တာသပြေခိုင်ဇာတို့၏ အစ်မ/ညီမသည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဆွေထွဋ်(LL.B)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပထမ သီရိရိပ်သာ၊ တိုက် ၁၆၆၊ အခန်း ၇/၈ နေ ဒေါက်တာဦးဗိုလ်ထွဋ်-ဒေါ်ယုဝေတို့၏သမီး၊(ဦးလှမောင်-ဒေါ်ခင်လှလှ)တို့၏သမီးချွေးမ၊ ဦးမင်းသိန်းတင်-ဒေါ်ခင်ဝင်းဝင်းထွဋ်တို့၏ညီမ၊ Capt ဦးသူရနိုင် - ဒေါ်ခင်ဝေဝေထွဋ်၊ ဦးအောင်ကျော်ထူး - ဒေါက်တာ ဒေါ်ခင်နိုင်နိုင်ထွဋ် (USA)တို့၏ အစ်မ၊ ဒေါက်တာစုလင်းထွဋ်၊ မနိုင်ဦးခင်၊ မောင်လင်းခန့်၊ မောင်ဇော်နိုင်ထူးတို့၏ အဒေါ်၊ Capt ဦးကျော်ကျော်၏ချစ်လှစွာသောဇနီး၊ မသီရိသန့်စင်ထွဋ်(Final Part II, UMI)၏မိခင်သည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ကျင်လှိုင်
**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် ၃၄ (B-2)နေ (ဦးထွားအောင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးကျော်စိန်)၏ဇနီး၊ (ဦးတင်မောင်ချစ်-ဒေါ်သန်းသန်းမြင့်)၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ကြူကြူဝင်း (ပေမဝန်ဈေး)၊ ဦးမောင်မောင်ငွေ-ဒေါ်ပြုံးမြင့်ရွှေ(ဟိုတယ်နှင့်ခရီး)၊ ဦးမောင်မောင်ထွေး-ဒေါ်သန်းသန်းထွေးတို့၏မိခင်ကြီး၊ မြေး ကိုးယောက်၊ မြစ် ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇နေ ဦးမင်းကြည်(ရခိုင်ဓမ္မာရုံနာယကကြီး)၏ဇနီး၊ (ဦးဘတင်-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဦးဘကျော်-ဒေါ်မယ်ရင်)တို့၏ချွေးမ၊ ဦးအောင်တင်-ဒေါ်စိုးစိုးသိန်း၊ ဦးသိန်းဆွေ-ဒေါ်မြသီဂီတို့၏အစ်မကြီး၊ ဦးမင်းသိန်းဇံ(သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာ့သံအမတ်ကြီး)-ဒေါ်မေသင်းကြိုင်တို့၏မိခင်၊ CAPT ကြည်မင်းဟန်(MD Kyi Min Brothers Co.,Ltd.)-ဒေါက်တာပန်းဝါကျော်၊ မောင်ကြည်မင်းဇံ (Director, Kyi Min Brothers Co.,Ltd.)-မခိုင်ဇာလွင်၊ မောင်ကြည်မင်းဉာဏ် (Director, Kyi Min Brothers Co.,Ltd.)တို့၏အဘွား၊ သိသိ၏ဖီးဖီးသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇နေ ဦးမင်းကြည်၏ဇနီး ဒေါ်မြင့်မြင့်(ရမ်းဗြဲ၊ ကျောက်ဖြူ)သည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဆွေ(ဝန်ကြီး၊ငြိမ်း၊ပို့ဆောင်ရေးဝန်ကြီးဌာန)ဇနီး ဒေါ်မြသီဂီ(ခ)ရီရီ၊**
**သား ဦးဘုန်းပိုင်ဦး-ဒေါက်တာစုစုလှိုင်၊**
**ဗိုလ်ကြီးမြတ်သူ-သမီး ဒေါ်ဖြူသန့်ပိုင်**
**မြေး မောင်ဟိန်းစစ်ညီမ်း၊ မောင်သီဟသန့်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြအုန်း (အလိမ္မာ)
**တရားလွှတ်တော်ရှေ့နေ (BA., Law., LL.B)**
**Director (King & Queen International Co.,Ltd)**
**Director (Knowledge & Qualification International Services Co.,Ltd)**
**မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဝင်**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ် ၁၈နေ ဦးဘမြင့် Director (King & Queen International Co.,Ltd),Director(Knowledge & Qualification International Services Co.,Ltd), Managing Director(Natural Grace Travels)၏ဇနီး၊ (ဦးသန်းစိန်)-ဒေါ်ခင်ငြိမ်းတို့၏ညီမ၊ ဦးကျော်လှ-(ဒေါ်ကြွင်ခိုင်)၊ ဒေါ်တင်တင်နု၊ (ဦးကျော်ရင်)-ဒေါ်မြမြသန်း၊ ဦးအောင်ထွန်းခိုင်-ဒေါ်အေးအေးသန်းတို့၏အစ်မကြီး၊ ဦးနေမျိုးဇော် Managing Director(King & Queen International Co.,Ltd), Managing Director (Knowledge & Qualification International Services Co., Ltd, Director(Natural Grace Travels), Principal K & Q Japanese Langu-age Centre၊ မနွယ်နီလွင်၊ မမာလာမြင့်တို့၏မိခင်၊ ဒေါက်တာဇော်ဝေယံဘို၊ မယုသန္တာနိုင်၊ မဝဿန်မျိုးတို့၏အဘွားသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## သုဓမ္မသီဂိ ဒေါ်နန်းငွေရီ
**အသက်(၆၆)နှစ်**

လွိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်နေ (ဦးချစ်လှိုင်-ဒေါ်မြစိန်)တို့၏သမီး၊ ဦးစိုင်းအောင်ဝင်း၏ဇနီး၊ ဒေါ်စိန်နု၊ ဦးထွန်းရင်တို့၏ညီမ၊ ကိုမောင်စိန်၏အစ်မ၊ ကိုထွေးလေး-နန်းသင်းသင်းလှိုင်၊ စိုင်းမိုးလွင်(ဖိုးကယား)-ဒေါ်နန်းအိအိလှိုင်၊ ဦးသန့်ဇင်ထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန)-နန်းချိုချိုလှိုင်၊ နန်းမျိုးမျိုးအေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ တရားတော်နာယူပြီး မွန်းလွဲ ၁နာရီတွင် လေးမိုင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ရှမ်း/၂၄ လောပိတလမ်း၊ ရှမ်းစုရပ်ကွက်၊ ဦးစိုင်းအောင်ဝင်း၏နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်တင့်(ခ)ပေါက်ပေါက် (လမ်းသစ်ရိပ်သာ)
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊တိုက် ၁၊ အခန်း ၂၀ နေ ဦးစိန်မြင့်-(ဒေါ်စိန်လှကြည်)တို့၏သား၊ ဦးဝင်းတင်၊ ဦးအောင်မြင့်-ဒေါ်ရီရီဆွေတို့၏ညီ၊ ဦးတင့်ဇော်-ဒေါ်ဆင့်ဆင့်အေး၊ ဦးရဲဝင်းနိုင်-ဒေါ်ရီရီတင်၊ ဒေါ်စန္ဒာဝင်း-ဦးကြည်ဇင်၊ ဒေါ်သီတာဝင်း-ဦးအေးမင်းဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ဇင်မင်းဦး၊ ဦးသီဟတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးကြင် (ခရမ်း)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၂၄နေ (ဦးကျော်အိ-ဒေါ်သိန်းရွှေ)တို့၏ချွေးမ၊ (ဦးစိန်မောင်-ဒေါ်စိန်ရှင်)တို့၏ သမီး၊ (ဦးညွန့်မောင်)၏ဇနီး၊ ဦးချိန်ကွီး-ဒေါ်စောမြိုင်တို့၏အစ်မ၊ ဦးခင်စိုး၊ ဦးမျိုးသန်း၊ ဦးမျိုးဆွေ၊ဦးမျိုးလွင်တို့၏မိခင်၊ ဦးမျိုးဆန်း၊ ဦးမျိုးလှိုင်၊ ဦးမျိုးကြည်၊ ယဉ်ယဉ်ဝင်းတို့၏အဒေါ်၊ မောင်ရဲထွဋ်ဦး၊ မောင်မြတ်ထက်အောင်(ဒဂုံတက္ကသိုလ်)တို့၏အဘွားသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) ည ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမြင့်ဆွေ
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄လမ်း၊ အမှတ် ၃၀၃နေ(ဦးကွန်ကြောင်-ဒေါ်ကျင်မွေး)တို့၏သား၊ ဒေါ်သန်းမြ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်တင်တင်လှ၊ ဦးထင်လင်း-ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်မိုးမိုးမြတ်၊ ဦးကျော်သူအောင်-ဒေါ်သင်းသင်းမြတ်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စု
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးဖေကျင်-ဒေါ်ညွန့်ရီ)တို့၏သမီး၊ မော်လမြိုင်မြို့နေ(ဦးဘိုငယ်-ဒေါ်ဖွားကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ ၃လမ်း၊မြကန်သာအိမ်ရာ၊ အပိုင်း ၂၊ တိုက် ၁၈၊အခန်း ၄၀၂နေ ဦးကြည်ဝင်း(ဒုရဲမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးလှရွှေ-ဒေါ်ခင်ရီ)၊ ဦးစိုးလွင်-(ဒေါ်ခင်မြင့်)၊ (ဗိုလ်မှူးဖေမြင့်)-ဒေါ်ခင်မာတင့်၊ (ဦးညွန့်ဖေ-ဒေါ်မြင့်မြင့်သန်း)၊ ဦးအောင်ကြီးမြင့်-ဒေါ်ရီရီကျင်(အထက်တန်းပြ၊ ငြိမ်း)၊ ဒေါ်ဝင်းဝင်းမေ၊ ဒေါက်တာထွန်းအောင်-ဒေါ်ခင်စန်းမြင့်တို့၏ညီမ/အစ်မ၊ ဦးဆန်းဝင်း၊ ဒေါ်သီတာဝင်း(မြန်မာအမျိုးသားလေကြောင်း)တို့၏ ချစ်လှစွာသောမိခင်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည် (မင်္ဂလာဒုံ)
**(ရွှက်နုစားတော်ဆက်)**
**အသက်(၆၄)နှစ်**

မင်္ဂလာဒုံမြို့နယ်နေ(ဦးဖိုးဦး-ဒေါ်နု)တို့၏သား၊ (ဦးခင်မောင်)-ဒေါ်လှရင်တို့၏သားသမက်၊ ဒေါ်တင်ကြည်(ခ) ဒေါ်မြမြလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထက်၊ ကိုသူရမင်းစိုး-မပြည့်ပြည့်အောင်၊ ကိုဖြိုးထက်အောင်တို့၏ဖခင်သည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၅ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ (၂/က) စံပြရပ်ကွက်၊ ခရေပင်ဖြတ်လမ်း၊ အမှတ် ၅၆(ရွှက်နုစားတော်ဆက်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဆွေထွဋ်(LL.B)
**အသက်(၅၄)နှစ်**

ယုထွဋ်မိသားစုနှင့် သမီးလေးကို ရင်းနှီးခင်မင်ချစ်ခင်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမောင်နှမသားချင်းများ၊ မိတ်ဆွေသင်္ဂဟ သူငယ်ချင်းများအား သမီးလေး ခင်ဆွေဆွေထွဋ်သည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ယုထွဋ်မိသားစု

ချစ်ခင်ပွန်းနှင့်ချစ်သမီးလေး

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဂျင်နီဝင်း အသက်(၉၀)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ရော်ဘာစက်ဝင်းနေ (ဦးနီ-ဒေါ်အမာ)တို့၏သား၊(ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ဦးအာသာဝင်း-ဒေါ်သန်းဝေ၊(ဦးကျော်ကျော်စိုး)-ဒေါက်တာဒါဟယ်လင်၊ ဒေါ်သွယ်သွယ်ဝင်း-ဦးဝင်းဖေ၊ ဒေါ်နန်စီဝင်း၊ ဦးဝါတာဝင်း-ဒေါ်ယဉ်ယဉ်နု၊ ဒေါ်ဥမ္မာဝင်း-ဦးဌေးဝင်း၊ ဦးအောင်ကျော်ဝင်း၊ ဒေါ်ကေသီဝင်း-ဦးဝေမျိုးဟန်တို့၏ဖခင်၊ မြေး ၂၀၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁-၁၁-၂၀၁၅ရက် မွန်းလွဲ ၁း၃၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရွှေရင်ဝှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဝင်းကြည်(ငြိမ်း) B.E.M.E
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ကျောက်စိမ်းလမ်းသွယ် ၂လမ်း၊ အမှတ် ၂၅၉နေ ဦးကျော်ထင်-ဒေါ်ခင်မာဝင်း၊ (ဦးဝင်းအောင်၊ ဘရဲ)၊ (ဦးဌေးဝင်း)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၁၀၉နေ ဦးဆန်းထွန်း-ဒေါ်အေးအေးယုန်၊ ဒေါ်ခင်သက်နှင်းတို့၏ဖခင်၊ ဗိုလ်ကြီးသက်ထွန်းဦး(ဝါဇီ)-မခင်ဖြိုးနိုင်၊ ကိုထက်အောင်မင်း၊ မောင်မင်းခန့်၊ မစုနေခြည်ထွန်း၊ မောင်မိုးယံထွန်းတို့၏ဘိုးဘိုးကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၁၀၈/၅နေ ဒေါ်သက်မာ၏ခင်ပွန်းသည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကြီးစိန် (ပခုက္ကူ)
**အသက်(၈၅)နှစ်**

ပခုက္ကူမြို့၊ (၉)ရပ်ကွက်၊ ပန်းစွာလမ်းနေ ဦးတေရာ-ဒေါ်အေးတင်တို့၏သား၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ ဦးဝင်းဦး၏ဖခင်၊ ကိုနေမျိုးဝင်း၊ မမြသန္တာဝင်း၊ ကိုပြည့်ဖြိုးဝင်း၊ ကိုမျိုးသန်းဝင်းတို့၏အဘိုးသည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက် ညနေ ၃နာရီတွင် ပခုက္ကူမြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးညီမောင် (ပေါင်းတလည်/အုတ်ဆွဲ)
**အသက်(၈၄)နှစ်**

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ အုတ်ဆွဲကျေးရွာနေ(ဦးသန့်ရှင်း-ဒေါ်ငွေစိန်)တို့၏သား၊ အုတ်ဆွဲကျေးရွာနေ (ဦးညီလေး)၏ညီ၊ ရန်ကုန်မြို့နေ ဒေါ်မြရှင်၏မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၂လမ်း (အထက်)၊ အမှတ် ၃၇၅နေ(ဒေါ်စောကြည်)၏ခင်ပွန်း၊ ဦးအောင်မြင့်-(ဗိုလ်ကြီး ဒေါ်မြသွယ်)၊ ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်နှင်းနှင်းအေး၊ (ဦးသန့်ဇော်ထွန်း-ဒေါ်တင်တင်အေး)၊ ဦးဇော်မင်းအောင်(ဦးစီးအရာရှိ၊ လွန်တူးနှင့်မိုင်းဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန)-ဒေါ်ဝင့်ဝါလွင်လှ၊ဦးရဲနောင်(Managing Director, Pyi Taw Hein Bored Piling and Construction Co.,Ltd.)-ဒေါ်ခင်ချစ်မူတို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးညီမောင် (ပေါင်းတလည်/အုတ်ဆွဲ)
**အသက်(၈၄)နှစ်**

ဦးရဲနောင် (Managing Director, Pyi Taw Hein Bored Piling and Construction Co., Ltd)-ဒေါ်ခင်ချစ်မူတို့၏ဖခင် ဦးညီမောင်(ပေါင်းတလည်/အုတ်ဆွဲ)သည် ၁-၁၁-၂၀၁၅ရက် နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Pyi Taw Hein**
**Bored Piling and Construction Co.,Ltd**
**ဝန်ထမ်းများ**

## ဒေါ်မီမီကို (ဗဟန်း)
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျေးတမာလမ်းနှင့် ဖိုးခေါင်လမ်းထောင့်၊ အမှတ် ၂၄၆/၂၊ အခန်း(B,3)၊ တတိယထပ်နေ ဦးအေးကို-ဒေါ်မြစိန်တို့၏သမီး၊ ဦးသန့်ဇင်-(ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ဒေါ်စီစီကို၊(ဦးဝင်းကို)တို့၏ညီမ၊ ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း) (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး၊ မသန့်နွယ်ကိုကို(စတုတ္ထနှစ်၊ မြို့ပြ Y.T.U)၊ မောင်ခန့်ထည်ကိုကို (S.C,B.I, M.CC)တို့၏မိခင်သည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဆွေထွဋ်(LL.B)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ပထမသီရိရိပ်သာ၊ တိုက် ၁၆၆၊ အခန်း (၇/၈)နေ ဒေါက်တာဦးဗိုလ်ထွဋ်-ဒေါ်ယုဝေတို့၏သမီး၊ (ဦးလှမောင်-ဒေါ်ခင်လှလှ)တို့၏သမီးချွေးမ၊ ဒေါ်တင်တင်ဦး၊ ဦးတင်ခိုင်-ဒေါ်မေရီသန့်၊ ဒေါက်တာဦးတင်လတ် - ဒေါ်ရီရီချိုတို့၏ညီမ၊ Capt ဦးကျော်ကျော်၏ချစ်လှစွာသောဇနီး၊ မသီရိသန့်စင်ထွဋ်(Final Part II, UMI)၏မိခင်သည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဆွေထွဋ်(LL.B)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ (သီရိပျံချီ ဦးတင်ထွဋ်-ဒေါ်ခင်မေထွဋ်)၊(ဝဏ္ဏကျော်ထင် ဦးခင်မောင်ညွန့်)-ဒေါ်သန်းသန်းတို့၏ မြေး၊ ဦးမျိုးထွဋ်-ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်မာတင်ထွဋ်၊ ဦးတက်ထွန်း-ဒေါ်ခင်ဆွေ၊ ဦးထွန်းညွန့်-ဒေါ်ဌေးဌေးကြည်၊ ဦးမျိုးအောင် - ဒေါ်ဘက်တီညွန့်၊ ဗိုလ်မှူးကြီးလင်းသော်(ငြိမ်း)-ဒေါ်ခင်ဝင်းဝင်းညွန့်၊ ဗိုလ်မှူးချုပ်မျိုးလွင်(သံအမတ်ကြီး၊ငြိမ်း)-ဒေါ်ခင်ဆွေရင်တို့၏ တူမသည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မြန်မာ့ရိုးရာမျိုးဆက်သစ်လက်ဝှေ့ပွဲ ယှဉ်ပြိုင်ထိုးသတ်

သတင်းမြင်ကွင်း-မင်းခေတ်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်　နိုဝင်ဘာ　၁**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်သည့် မျိုးဆက်သစ် မြန်မာဖိုက်ပွဲစဉ်(၉)ကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာအားကစားခန်းမ၌ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ●




ထွန်းလွင်မိုး(နဂါးမာန်) ညာဖြောင့်လက်သီး ဖော်ချစ်အောင်(စွမ်းကေကေ)၏ မျက်နှာကို ထိမိထားစဉ်။

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ၂၀၁၁-၂၀၁၅ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ယနေ့ ဖတ်စရာ

### ဆိုင်းနိုင်းကျွန်းဆွယ်ကို လေကြောင်းလိုင်းများ ဖြတ်၍ ပျံသန်းမည်မဟုတ်

စာမျက်နှာ » ၄

### အငှားယာဉ်ပေါ်၌ ယာဉ်မောင်းသေဆုံးလျက်ရှိသည့် အမှုမှ ပြစ်မှုကျူးလွန်သူများ အချိန်တိုအတွင်း ဖော်ထုတ်

စာမျက်နှာ » ၁၃

# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးထစ်ချုန်းရွာမည်

**နေပြည်တော်　နိုဝင်ဘာ　၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ခန့်မှန်းချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# မြစ်သာပေါက်တံတား ကွေးညွတ်ကျသဖြင့် ဒေသခံများ သွားလာရေးခက်ခဲနေ

သတင်းနှင့်ဓာတ်ပုံ-ခင်လတ်(မိုးညို)

**မိုးညို　နိုဝင်ဘာ　၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်းပေါ်ရှိ တံတားအမှတ်(၁/၄၇) မြစ်သာပေါက်တံတားသည် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် ချောင်းအတွင်း သို့ ကွေးညွတ်ကျဆင်းသွားခဲ့ရာ ဒေသခံပြည်သူများ သွားလာရေး ခက်ခဲနေကြကြောင်း သိရသည်။

အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် တံတားချဉ်းကပ်လမ်းမှာ နှစ်ပေခန့်ကျဆင်းသွားခဲ့ပြီး မြေပြိုကျမှုဆက်လက်ဖြစ်ပေါ်ခဲ့သည်။ တံတားကမ်းကပ်ခုံ A1 မှာ လေးပေခန့် ကျွံကျပြီး ချောင်းဘက်သို့ ၁၅ပေခန့် ရွေ့သွားသဖြင့် ရေလယ်တိုင် P2 မှာလည်း ၁၅ ပေခန့် တိမ်းစောင်းသွားခဲ့သည့်အတွက် တာဝန်ရှိသူများက တံတားပေါ်မှ ဖြတ်သန်းသွားလာခွင့်မပြုဘဲ တားမြစ်ခဲ့သည်။

ယင်းနောက် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် တိမ်းစောင်းနေသည့် တံတားရေလယ်တိုင် P2 မှာ လဲကျသွားခဲ့ပြီး သံပေါင်အစွန်းနှစ်ဖက်မှာ ကမ်းကပ်ခုံပေါ်တွင်ရှိနေသော်လည်း ဘေလီသံပေါင်များမှာ ချောင်းအတွင်းသို့ ကွေးညွတ်ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။

ဩဂုတ်လအတွင်းက မိုးညိုမြို့နယ်၌ ရေကြီးရေလျှံမှုများကြောင့် အဆိုပါ ဘေလီသံပေါင်တံတား၏ ရေလယ်တိုင်ပြိုကျခဲ့သဖြင့် ပြန်လည်ပြုပြင်မှုများကို တံတားအထူးအဖွဲ့(၁၀)က

*စာမျက်နှာ ၁၁ ကော်လံ ၅* ✻



မြစ်သာပေါက်တံတား ကွေးညွတ်သွားသောကြောင့် ဒေသခံပြည်သူများ လှေများဖြင့် သွားလာနေကြသည်ကိုတွေ့ရစဉ်။

အခြားနိုင်ငံတွင်သုံးစွဲပြီး မီးသတ်ဆေးဗူးအဟောင်းများ၏ အန္တရာယ်ကို သင်သိပါသလား?
၄င်းအန္တရာယ်မှ ကင်းဝေးစေရန် ကျွန်ုပ်တို့၏ Japan နိုင်ငံထုတ် HATSUTA (Brand New) မီးသတ်ဆေးဗူးများနှင့်
40% အထူးလျှော့ဈေးဖြင့် ယခုပင် လဲလှယ်လိုက်ပါ။


HATSUTA
Future for next 100 years.
Japan
While Stock Last
Tel:01-8610433, 09-250216134, 09-798134354

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။



# မြန်မာ့အလင်း

## ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

နိုဝင်ဘာ ၂၊ ၂၀၁၅ (တနင်္လာနေ့)



## သုခုမအနုပညာသည် တိုင်းပြည်၏ သံတမန်ဖြစ်

တိုင်းပြည်တစ်ပြည်ရဲ့ သုခုမသဘင်ပညာဟာ ထိုတိုင်းပြည်နဲ့ ထိုတိုင်းပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းရဲ့ သဘာဝအတွေးအခေါ်နဲ့ အမျိုးသား ကြန်အင်လက္ခဏာတွေကို လှေ့လာနိုင်တဲ့ အကောင်းဆုံးအရာတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ မိတ်ဖွဲ့ကြတဲ့အခါ တစ်နိုင်ငံက အခြားတစ်နိုင်ငံရဲ့ သုခုမအနုပညာကို လေ့လာပြီး အကဲဖြတ်ကြတာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ သံတမန်လို့လည်း ဆိုနိုင်ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာကို ကြိုးပမ်းဖော်ဆောင်ပေး

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

(၁) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၂) ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊
(၃) အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊
(၄) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၊
(၅) မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊
(၆) မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်း၊
(၇) စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအားထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၊
(၈) လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း၊
(၉) လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊
(၁၀) လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်း။

**မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း**

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ၇ - ၁၂ - ၂၀၁၁ ရက်နေ့ လက်မှတ်ရေးထိုးခဲ့သည်။

ကလေးသူငယ်များအားရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းဓာတ်ပုံများဆိုင်ရာ CRC နောက်ဆက်တွဲစာချုပ်ကို ၁၇ -၁-၂၀၁၂ ရက်နေ့တွင်လည်း ကောင်း လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၆ -၂ - ၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၅-၆-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့တင်ပြထားပြီး ကလေးသူငယ်ဥပဒေ ၁၉၉၃ အားပြင်ဆင်နိုင်ရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ် (မူကြမ်း)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ၂၀၁၄၊ အမျိုးသမီးများ

*စာမျက်နှာ (ခ) သို့*




၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အာဆီယံမသန်စွမ်း အနုပညာရှင်များပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ MICC II ခန်းမ၌ ကျင်းပစဉ်။ (ဓာတ်ပုံ - လူမှုဝန်ထမ်း)

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်




## ယဉ်ကျေးမှုဝန်ကြီးဌာန

**မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်က ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက်မှစ၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲ၍ တိုင်းရင်းသားရိုးရာအကများကိုပါ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သည်။ (၂၁) ကြိမ်မြောက်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မေလ တွင် ကျင်းပခဲ့ပြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်သည်။

*စာမျက်နှာ (ဂ) သို့*



***ရှေ့ဖုံးမှ***

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်နှင့်သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ ဆောင်ရွက်မှုများ ခေတ်ကာလနှင့် လျော်ညီသောထောက်ပံ့မှု**

သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ကြရသည့် ဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေး သက်သာချောင်ချိရေးအတွက် ကယ်ဆယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိရာတွင် ခေတ်ကာလနှင့် လျော်ညီမှုရှိသော ထောက်ပံ့မှုများဖြစ်စေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ဆန်တစ်ပြည်လျှင် ငွေ ၅၄ ကျပ် ၇၉ ပြားမှ ကျပ်၈၀၀ နှုန်း၊ လုံးဝပျက်စီးအိမ် ၁ အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၅၀ မှ ကျပ် ၅၀၀၀၀ နှုန်း၊ လုံးဝပျက်စီးသည့် ဘာသာရေးကျောင်း ၁ ကျောင်းလျှင် ငွေကျပ် ၅၀၀ မှ ကျပ် ၆၀၀၀ နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မီးဘေးသင့်အိမ်တစ်လုံးလျှင် (တိုက်အိမ်) ငွေကျပ် ၂၀၀၀၀၀၊ (သွပ်မိုး/ပျဉ်ကာ) ငွေကျပ် ၁၀၀၀၀၀၊ (ဓနိမိုး/ထရံကာ) ငွေကျပ် ၅၀၀၀၀ ဘာသာရေးကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၂၀၀၀၀၀၊ အခြားဘေးသင့်အိမ်တစ်လုံး ငွေကျပ် ၅၀၀၀၀၊ ဘာသာရေးကျောင်းတစ်ကျောင်း ငွေကျပ် ၆၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကို ၆ မျိုးမှ ၉ မျိုးသို့ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေနှင့်စပ်ဆိုင်သည့် နည်းဥပဒေများအား ၂၀၁၅ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့သည်။

**ဇာတ်တိုက်လေ့ကျင့်**

သဘာဝဘေးအသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းများ၊ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်နည်းပြသင်တန်းများ၊ မွမ်းမံသင်တန်း၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်ခြင်းနှင့် ဆွေးနွေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေးသည့် စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များ ထုတ်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ) သင်တန်းသို့ တက်ရောက်ပြီးသူများအား နိုင်ငံတကာအတွေ့အကြုံရရှိနိုင်စေရန်နှင့် သဘာဝဘေးဆိုင်ရာ အသိပညာ၊ နည်းပညာများတိုးတက်ရရှိစေရန်အတွက် ပြည်ပနိုင်ငံသို့ စေလွှတ်ပေးလျက်ရှိသည်။

ဘေးသင့်ပြည်သူများအတွက် ပုံမှန်ထောက်ပံ့မှုများဆောင်ရွက်နေသည့်အပြင် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်သော ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ဘေးဖြစ်ပွားချိန်တွင် ယာယီခိုလှုံရန်နှင့် သာမန်အချိန်တွင် လူမှုအကျိုးပြုလုပ်ငန်းများ အသုံးပြုဆောင်ရွက်နိုင်မည့် ဘက်စုံသုံးအဆောက်အအုံ များဖြစ်သော Multipurpose Shelter များ၊ ဓမ္မာရုံ၊ ဘိုးဘွားရိပ်သာ၊ အိမ်တွင်းမှုသက်မွေး သင်တန်းကျောင်းများနှင့် မူကြိုကျောင်းများ ဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ သဘာဝဘေးဖြစ်ပွားပါက ယာယီခိုလှုံရာဒေသများသို့ အလွယ်တကူသွားရောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းပေးသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ပါးသည့် ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် စားနပ်ရိက္ခာဝယ်ယူနိုင်ရန် ငွေကြေးထောက်ပံ့ခဲ့သည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင် အရေးပေါ်အခြေအနေ၌ အသုံးပြုနိုင်ရန်အတွက် ဖိုက်ဘာလှေများ၊ မီးစက်များထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးနှင့် လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူကုန်ကူးသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစသည့် လုပ်ငန်းများအပါအဝင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာန၏ (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ်မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | | လက်ခံစောင့်ရှောက်သည့် ဦးရေပေါင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့မှု | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၅ | | | |
| ၁။ | ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း | | | | | |
| | -ကလေးပြုစုရေးဌာန | ၅ | ၇ | ၁၉၇ | | |
| | -မူလတန်းကြိုကျောင်း | ၆၈ | ၈၀ | ၁၂၅၃၉ | | |
| ၂။ | ကလေးနှင့်လူငယ်စောင့်ရှောက်ရေး လုပ်ငန်း | | | | | |
| | -လူငယ်သင်တန်းကျောင်း | ၇ | ၇ | ၁၀၅၈ | | |
| | -အမျိုးသမီးကလေးများသင်တန်းကျောင်း | ၂ | ၃ | ၂၆၆ | | |
| ၃။ | လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း | | | | | |
| | -လူမှုရေးစောင့်ရှောက်မှုဌာန | ၁ | ၁ | ၆၅ | | |
| | -မရမ်းချောင်ပရဟိတဂေဟာ | ၁ | ၁ | ၆၈ | | |
| | -ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ | ၁ | ၄ | ၁၂ | | |
| | -အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန | ၂ | ၂ | ၁၄ | | |
| ၄။ | အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း | | | | | |
| | -အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန | ၂ | ၂ | ၁၄၂ | | |
| | -အမျိုးသမီးသက်မွေးအတတ်ပညာသင် ကျောင်း | ၄ | ၄ | ၁၉၀ | | |
| | -အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင် ကျောင်း | ၆ | ၉ | ၁၅၀၀ | | နှစ်စဉ်သင်တန်း ဖွင့်ပါသည်။ |
| ၅။ | သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း | | | | | |
| | -Day Care Center | - | ၁ | ၇၀ | | |
| ၆။ | မသန်စွမ်းသူများပြန်လည်ထူထောင်ရေး လုပ်ငန်း | | | | | |
| | -မျက်မမြင်ကျောင်း | ၂ | ၂ | ၂၂၅ | | ပညာရေးနှင့်အသက်မွေးဝမ်းကျောင်း သင်ပေးပါသည်။ |
| | -မသန်စွမ်းသက်ကြီးသင်တန်းကျောင်း | ၁ | ၁ | ၁၃ | | သင်တန်း(၆)မျိုး နှစ်စဉ်ဖွင့်ပါသည်။ |
| | -မသန်စွမ်းသက်ငယ်သင်တန်းကျောင်း | ၁ | ၂ | ၂၉၅ | | Life skill နှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ပါသည်။ |
| | -နားမကြားသောကလေးများကျောင်း | ၁ | ၂ | ၂၈၁ | | ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်ပေးပါသည်။ |
| | -မသန်စွမ်းကလေးများပြုစုစောင့်ရှောက် ရေးဂေဟာ | ၁ | ၁ | ၇၀ | | Life skill နှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ပါသည်။ |
| ၇။ | မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း | | | | | |
| | -ပြန်လည်ထူထောင်ရေးစခန်း | ၉ | ၉ | ၆၆၉ | | နှစ်စဉ်ဖွင့်လှစ်ပါသည်။ |
| ၈။ | စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း(ပရဟိတ) | | | | | |
| | (က) လူငယ်ဖွံ့ဖြိုးရေးပရဟိတ(ကျား/မ) | ၂၀၆ | ၂၃၉ | ၁၆၆၅၉၆ | ၁၀၁၃. ၉၉၈ သန်း | ပရဟိတဂေဟာ |
| | (ခ) စေတနာညကျောင်း | ၃၅ | ၄၃ | ၆၆၈၈ | ၁၁၂. ၁၅၀ သန်း | ထောက်ပံ့ |
| | (ဂ) လူငယ်ရိပ်သာ | ၃၂ | ၄၇ | | | ကြေးအားပထမ |
| | (ဃ) မသန်စွမ်းစောင့်ရှောက်ရေးပရဟိတ (မျက်မမြင်၊ နားမကြား) | ၇ | ၁၀ | ၁၁၂၇ | ၅၇. ၇၂၃ သန်း | အဆင့်၊ဒုတိယ အဆင့်၊ တတိယ |
| | (င) ဘိုးဘွားရိပ်သာ | ၅၅ | ၇၃ | ၂၅၇၆ | ၁၆၀. ၃၉၇သန်း | အဆင့်သတ်မှတ် |
| | (စ) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း | ၇၂၀ | ၉၁၈ | ၃၄၇၄၃ | ၅၅၀. ၈၀၀ သန်း | ထောက်ပံ့ပေးပါသည်။ |

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



*ရှေ့ဖုံးမှ*

**ဗုဒ္ဓဝင်ဇာတ်တော်ကြီးများ**

မြန်မာတိုင်းရင်းသားတို့၏ အနုသုခုမပညာရပ်များ မပျောက်ပျက်ရလေအောင် ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကို ပြန်လည်ဖော်ထုတ်၍ တင်ဆက်ကပြမှုများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၊ ရွှေကျီးညို၊ ပဲခူးမြတို့၏သဒ္ဒါသုမနဇာတ်၊ ၂၀၁၂ ခုနှစ်တွင် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင်လေးတော်တင်ခန်းနှင့် ၂၀၁၄ ခုနှစ်တွင် အလင်္ကာကျော်စွာရွှေမန်း ဦးတင်မောင်၏ မဟာဗုဒ္ဓဝင်တောထွက်ခန်းတို့ကို အမျိုးသားဇာတ်ရုံ (ရန်ကုန်နှင့်မန္တလေး) တို့၌ ဖျော်ဖြေတင်ဆက်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာများကို မြန်မာနိုင်ငံတွင်းသာမက နိုင်ငံတကာက သိရှိလက်ခံနိုင်စေရန် မြှင့်တင်ဆောင်ရွက်မှုအဖြစ် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖျော်ဖြေမှုအစီအစဉ်များတွင် မြန်မာ့ရိုးရာအကများအဖြစ် စောင်းတော်သိင်္ဂါဆိုင်းမင်္ဂလာ၊ အမျိုးသားအမွေအနှစ်မဟာပုဂံ၊ ပွဲဦးအလင်္ကာ၊ ရွှေနိုင်ငံကကြိုနေမယ်၊ အနာဂတ်ကမ္ဘာမြေ၊ မျိုးဆက်သစ်တို့အားမာန်၊ သွေးချင်းတို့ဌာနေမြန်မာပြည်၊ အားမာန်ဝင့်ချီရှေ့သို့ဆီ၊ တို့မြန်မာ့ခြင်းလုံး၊ ဆင်ရတနာ၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ ထာဝရမြန်မာ၊ ပြန်ဆုံမယ်စသည်တို့ကို တင်ဆက်ခဲ့ရာ နိုင်ငံတကာက အံ့သြချီးကျူးလက်ခံမှုပြုခဲ့ကြသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင်လည်း ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် (၂၄) နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့် ပြည်ပဧည့်သည်တော်များအား ဂုဏ်ပြုသည့်အခမ်းအနားများတွင်လည်းကောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများကို ဖျော်ဖြေကပြတင်ဆက်ခဲ့သည်။

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကို ရန်ကုန်နှင့်မန္တလေးတို့တွင် တည်ထောင်ဖွင့်လှစ်လျက်ရှိရာ အနုပညာဘာသာရပ်များဖြစ်သော ပန်းချီ၊ ပန်းပု၊ သဘင်၊ ဂီတ၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့ဂုဏ်ထူး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များအပြင် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာနှင့် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာများကို ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။

**၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဗြိတိန်နိုင်ငံ ဗြိတိန်စာကြည့်တိုက်နှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz စာကြည့်တိုက်တို့ ပူးပေါင်းတင်သွင်းသော ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz ရှိ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကိုလည်း ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်နိုင်ခဲ့သည်**



**ကမ္ဘာ့အထင်ကရ မှတ်တမ်းဝင် ကုသိုလ်တော်ဘုရားကျောက်စာ။** (ဓာတ်ပုံ-ယဉ်ကျေးမှု)

**ပျူမြို့ဟောင်းသုံးမြို့**

မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းအနက် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် သတ်မှတ်ပုံစံများနှင့်အညီ UNESCO သို့ အဆိုပြုတင်ပြခဲ့ရာ ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပသည့် 38th Session of the World Heritage Committee (Doha 2014) အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆက်လက်တင်သွင်းနိုင်ရေးအတွက် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယိုခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားကို မှတ်တမ်းများ အမွေအနှစ်အဖြစ်သတ်မှတ်ပြီး ယူနက်စကိုအဖွဲ့သို့ အဆိုပြုတင်ပြ၍ ကမ္ဘာ့မှတ်တမ်းများအမွေအနှစ်စာရင်း(MOW)အဖြစ် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် သတ်မှတ်ထားသော မန္တလေးမြို့ရှိ မင်းတုန်းမင်းတရားကြီး၏ မဟာလောကမာရဇိန် (ကုသိုလ်တော်) ဘုရားကျောက်စာကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ပုဂံမြို့ရှိ မြစေတီကျောက်စာကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့မှတ်တမ်းများအမွေအနှစ် (MOW)အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဗြိတိန်နိုင်ငံ ဗြိတိန်စာကြည့်တိုက်နှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz စာကြည့်တိုက်တို့ ပူးပေါင်းတင်သွင်းသော ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz ရှိ အလောင်းမင်းတရားကြီး၏ရွှေပေလွှာကိုလည်း ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အစပ် ကမ်းပါးနီကျေးရွာအနီးရှိ အမြင့် ၂၂ ပေရှိသည့် ကျောက်တုံးသုံးတုံး၏ ကျောက်နံရံများတွင် ဆင်ရုပ်ပုံ၊ လက်ဝါးပုံ၊ တိရစ္ဆာန်ရုပ်များအပါအဝင် အခြားရုပ်ပုံများစုစုပေါင်း ခြောက်ရုပ်ခန့်ပါဝင်သည့် ကျောက်ခေတ်နံရံပန်းချီပုံများတွေ့ရှိသဖြင့် သွားရောက်လေ့လာသုတေသနပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု အရှေ့ဘက် ၁၄ မိုင်အကွာ ဆင်ရွာကျေးရွာတွင် အလျားနှစ်ပေ၊ ကိုးလက်မ၊ အနံလေးပေ ခုနစ်လက်မ၊ ထုရှစ်လက်မခန့်ရှိပြီး စာကြောင်းရေရှစ်ကြောင်းပါရှိသော ပျူစာပါကျောက်ချပ် တစ်ခုတွေ့ရှိသဖြင့် သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး မန္တလေးမြို့ နန်းတွင်းကျောက်စာရုံ(၁)သို့ ပြောင်းရွှေ့သယ်ယူစိုက်ထူထိန်းသိမ်းထားရှိသည်။



**ယဉ်ကျေးမှုပြတိုက်အတွင်းထားရှိသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများကို တွေ့ရစဉ်။** (ဓာတ်ပုံ-ယဉ်ကျေးမှု)

အမျိုးသားပြတိုက်(နေပြည်တော်) ပထမအဆင့်ဖွင့်ပွဲအခမ်းအနားကို ၁၅-၇-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

အမျိုးသားပြတိုက်(နေပြည်တော်)တွင် နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများ ပြခန်း၊ ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း စသည့်ပြခန်း ခုနစ်ခန်းကို ခင်းကျင်းပြသလျက်ရှိသည်။

အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အဆောင် (A)ကို ၃-၅-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ အဆောင် (B)ကို ၂၂-၉-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး စာပေဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)ကို အမျိုးသားပြတိုက်(ရန်ကုန်)၊ ပထမထပ်နှင့် ဒုတိယထပ်တို့၌ ၂၀. ၁. ၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး စာပေဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကုလသမဂ္ဂသိပ္ပံ၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNSECO)၏ ကွန်ဗင်းရှင်းများအနက် မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများကို တရားမဝင်တင်သွင်း၊ တင်ပို့ခြင်းနှင့်လွှဲပြောင်းသယ်ဆောင်ခြင်းကို တားမြစ်မှုဆိုင်ရာကွန်ဗင်းရှင်း ၁၉၇၀ ကို ၂၀၁၃ ခုနှစ်တွင် လည်းကောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကွန်ဗင်းရှင်း ၂၀၀၃ ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ခဲ့သည်။

ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဆားဗီးယားသမ္မတနိုင်ငံ၊ ပြင်သစ်သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တက္ကသိုလ်တို့နှင့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ ၁၂ စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်၍ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားနိုင်လာစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ပြည်သူတွေကို အကျိုးပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု

**မန္တလေးမြို့သည် အထက်အညာဒေသ၏ ရှေးဟောင်းမြို့တော်များကို လည်ပတ်ကြည့်ရှုရန် အကောင်းဆုံး လမ်းဆုံခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာလက်မှုအနုပညာတို့အားလေ့လာရန် အကောင်းဆုံးဒေသလည်း ဖြစ်သည်။**

**သတင်းဆောင်းပါး-နောင်နောင်(ခရီးသွား)**

မြန်မာပြည်၏ အသည်းနှလုံးနေရာ၌ တည်ရှိပြီး မြန်မာ့ယဉ်ကျေးမှုတို့၏ ဗဟိုချက်မ လည်းဖြစ်သည်။ စက်တင်ဘာလကုန်၍ အောက်တိုဘာလသို့ ရောက်ရှိလာသည်နှင့် မန္တလေးမြို့ရှိ အထင်ကရနေရာများဖြစ်သော ဦးပိန်တံတား၊ မဟာဂန္ဓာရုံ၊ မဟာမုနိဘုရားကြီး၊ ရွှေနန်းတော်ကျောင်း၊ မန္တလေးတောင် အစရှိသောနေရာများ၌ ကမ္ဘာလှည့်ခရီးသည်များကို အများအပြား တွေ့မြင်လာရပြီဖြစ်သည်။

နောက်ထပ် ထပ်မံ၍ တည်ဆောက်ရန်အဆိုပြုထားသော ဟိုတယ်များ ထပ်ပေါင်းပါက ၂၀၁၇-၂၀၁၈ ခန့်တွင် ဟိုတယ်ပေါင်း ၂၀၀၊ အခန်းပေါင်း ၁၀၀၀၀ ကျော်ထိ ဖြစ်လာမည်ဖြစ်သည်။ ယင်းပမာဏသည် ပြည်တွင်း ပြည်ပ ဧည့်သည်ပေါင်း ၂၀၀၀၀ ကို နေ့စဉ်လက်ခံနိုင်မည်ဖြစ်သဖြင့် ဧည့်သည်ပေါင်း နှစ်သန်းခွဲကို သုံးညအိပ် လက်ခံနိုင်မည့်ပြီဖြစ်သည်။

ယင်းပမာဏသည် ပြည်တွင်းခရီးသွားများ ရောက်ရှိလည်ပတ်မှု မပါဝင်သေးပါ။ ပြည်တွင်းခရီးသွားများ မန္တလေးမြို့သို့ လာရောက်လည်ပတ်မှုမှာလည်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုနှင့်နှိုင်းယှဉ်လျှင် မနည်းလှကြောင်းတွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၂၄၂၅၆၆ ဦး ဝင်ရောက်ချိန်၌ ပြည်တွင်းခရီးသွားပေါင်း ၄၀၇၆၄၇ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ယခုအခါ မန္တလေးမြို့သို့ဆင်းသက်သော နိုင်ငံတကာလေကြောင်းလိုင်းပေါင်း ငါးလိုင်းသာရှိပါသေးသည်။ ၂၀၂၀ ပြည့်နှစ်တွင် အနည်းဆုံး နိုင်ငံတကာလေကြောင်းလိုင်း ၁၀





ကမ္ဘာလှည့်ခရီးသွားများ ပုဂံနေဝင်ဆည်းဆာအလှကို ကြည့်ရှုစဉ်။ (ဓာတ်ပုံ-သက္က)

လိုင်းမှ ၁၅ လိုင်းခန့် တိုးတက်လာမည်ဆိုပါက လေယာဉ်များဆင်းသက်နိုင်အောင် လေယာဉ်ကွင်းများကိုတိုးချဲ့ခြင်း၊ စည်းမျဉ်း စည်းကမ်းများ ဖြေလျှော့ပေးခြင်းစသည်တို့ ပြုလုပ်ပေးရန်လိုအပ်သည်။

ခရီးသွားဧည့်သည်များ အများအပြား လာရောက်လည်ပတ်မှုကြောင့် တိုက်ရိုက်ဝင်ငွေရသော ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များသာမက အငှားယာဉ်၊ မြင်းလှည်း၊ စက်လှေ၊ အမှတ်တရအရောင်းဆိုင်၊ စားသောက်ဆိုင်စသည်ဖြင့် မန္တလေးဒေသခံတို့သည် ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားကြရတော့မည်ဖြစ်သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်သကဲ့သို့ မီးရထားလမ်း၊ ကားလမ်းတို့ဖြင့် မြန်မာပြည်အနှံ့သို့ ခရီးဆန့်နိုင်သဖြင့် သွားလာရေးလွယ်ကူအဆင်ပြေလှပါသည်။

များပြားလာသော နိုင်ငံတကာခရီးသွားများကို လက်ခံနိုင်ရန် ဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်များလည်းရှိသည်။ မန္တလေးမြို့၌ ၂၀၁၁ ခုနှစ်က ဟိုတယ်အလုံးရေ ၇၆ လုံးသာရှိရာမှ ယခုအခါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ကောင်းမွန်သောအခွင့်အလမ်းများကြောင့် ရင်းနှီးမြှုပ်နှံသူတို့က စိတ်ဝင်တစားရှိလာကြရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဟိုတယ်ပေါင်း ၁၆၄ လုံးနှင့် အခန်းပေါင်း ၆၆၇၂ ခန်းရှိလာပမာဏဖြစ်သည်။

မန္တလေးမြို့သို့ ယခင်နှစ် ၂၀၁၄ခုနှစ်က နိုင်ငံခြားသားဧည့်သည် နှစ်သိန်းခွဲခန့်သာဝင်ရောက်ခဲ့သည်။ ယခုနှစ် ၂၀၁၅ စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသွားပေါင်းနှစ်သိန်းခန့် ဝင်ရောက်ပြီးဖြစ်သဖြင့် ၂၀၁၅ ခုနှစ်အကုန်တွင် သုံးသိန်းကျော်ဖြစ်လာမည်ဖြစ်သည်။ တိုးတက်မှုရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းကျော်ရှိမည်ဟု ခန့်မှန်းထားသည်။

ယင်းပမာဏသည် တစ်နိုင်ငံလုံး၏ ကမ္ဘာလှည့်ခရီးသည် အဝင် ၄ ဒသမ ၅ သန်းနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းပင်မပြည့်သည်ကို တွေ့ရသည်။ မန္တလေးကဲ့သို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိသော မြန်မာနိုင်ငံ၏ အထင်ကရမြို့တစ်မြို့အနေဖြင့် ယင်းပမာဏမှာ နည်းပါးလှသေးသည်။ မြန်မာတစ်နိုင်ငံလုံး၏ စုစုပေါင်းကမ္ဘာလှည့်ခရီးသည်အဝင်၏ ၁၀ ရာခိုင်နှုန်းသာ မန္တလေးမြို့သို့ ရောက်ရှိလည်ပတ်နေရာမှ နောင်တွင် ၂၅ ရာခိုင်နှုန်းခန့်အထိ ဧည့်သည်အဝင်ရရှိရန်အတွက် ကြိုးပမ်းသွားရန်လိုအပ်ပါသေးသည်။

သို့မှသာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မည့်ပမာဏ ခုနစ်သန်းကျော်ဆိုလျှင်ပင် မန္တလေးမြို့၌ ကမ္ဘာလှည့်ခရီးသည် နှစ်သန်းခန့်အထိဖြစ်လာမည်ဖြစ်ပါသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့်ပူးပေါင်း၍ ပြည်ပမှ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များ၊ ရင်းနှီးမြှုပ်နှံမှုများ ကြောင့် ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့် အရေးများမဆုံးရှုံးစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်**

တစ်ဖက်ကလည်းသင့်တင့်သောဈေးနှုန်းများဖြင့် ပြေးဆွဲသော ပြည်တွင်းလေကြောင်းလိုင်းများ တိုးတက်များပြားလာရန် လိုအပ်ပါသည်။

ခရီးသွားမြှင့်တင်ရေးဆွေးနွေးပွဲများ၊ ခရီးသွားပြပွဲများကို ပြုလုပ်ရန်လည်းလိုအပ်သည်။ တစ်ဖက်က ခရီးသွားဧည့်သည်များအား ဖိတ်ခေါ်သကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်း၌ လိုအပ်ချက်များ၊ အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

တိုးတက်များပြားလာသောလူဦးရေ၊ ဧည့်သည်ဦးရေနှင့် ဟိုတယ်များအတွက် လိုအပ်သော လျှပ်စစ်မီး၊ ရေ၊ လောင်စာနှင့် အများပြည်သူလွယ်ကူအဆင်ပြေသော သယ်ယူပို့ဆောင်ရေးစနစ်များလည်း ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အိမ် 'သာ' လျှင် ဧည့် 'လာ' မည်သာဖြစ်သည်။ ဧည့်လာလျှင် ပထမဆုံးပျော်ရွှင်ရသည်က အိမ်သားများပင်ဖြစ်သည်။ ထို့ကြောင့် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် အကျိုးပြုမည့် ခရီးသွားလုပ်ငန်းတစ်ရပ်ကို ဦးစားပေးဖော်ဆောင်လျက်ရှိပါသည်။

ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ တိုးတက်မြင့်မားရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်လိုအပ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်း၍ ပြည်ပမှ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များ၊ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများ မဆုံးရှုံးစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် လိုအပ်သော စည်းမျဉ်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများ၏ ဂုဏ်သိက္ခာရှိမှု၊ ကြွယ်ဝချမ်းသာမှု၊ သာယာလှပမှု၊ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် တရားမျှတမှုတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။